

# သုန္ဒရီဦး

## အငယ် နှင့်မဂ္ဂဇင်းဝတ္ထုတိုများ

Design - Ko Thet (Aung Myay)

အောင်မြေစာပေ၏ ပညာပေး စာအုပ်

# သုန္ဒရီဦး

## အငယ်

နှင့်

## မဂ္ဂဇင်းဝတ္ထုတိုများ

# ပုံနှိပ် မှတ်တမ်း

စာမူ ခွင့်ပြုချက် အမှတ် - ( ၅၀၀၃၀၉၀၃၁၀ )

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် - ( ၅၀၀၃၇၁၀၄၁၀ )

ထုတ်ဝေမှု - ပထမအကြိမ် ၂၀၁၀ မတ်လ

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၅၀၀ိ/-

မျက်နှာဖုံးဒီဇိုင်း - ကိုသက် (အောင်မြေ)

အတွင်းစာသား အပြင်အဆင် - ကိုသက် (အောင်မြေ)

## ပုံနှိပ်သူ

ဒေါ်ကျင်ယုံ မြဲ(၀၅၃၃၂)၊ အမှတ် ၂၇၉/ခ၊ လမ်း(၄၀)အထက်
ကျောက်တံတား၊ ရန်ကုန်။

## ထုတ်ဝေသူ

ဦးတင်အောင်(ခ)ဦးစံတင်အောင် (ရွှေဘို)
မြဲ-(၀၃၂၄၉) အမှတ်၆၅/ဘီ၊ မြေနီကုန်းဈေးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

## ဖြန့်ချိရေး

အောင်မြေစာပေတိုက် ဖုန်း - ၀၁-၅၀၁၃၉၈၊ ၀၁-၅၀၁၃၂၂

[illegible] ၈၀၈.၈၃

အငယ်နှင့် မဂ္ဂဇင်းဝတ္ထုတိုများ/ - ရန်ကုန်

အောင်မြေစာပေ ၊ ၂၀၁၀။

၂၁၀ - စာ ၊ ၁၂.၅ × ၁၈.၅ စင်တီ။

(၁) အငယ်နှင့် မဂ္ဂဇင်းဝတ္ထုတိုများ

# မာတိကာ


၁။ အငယ် ........ ၁

၂။ အရွယ် ........ ၁၃

၃။ လုမ်းချူတော့မည့် သစ္စာရည် ........ ၂၉

၄။ ဆွတ်ချူလှည့်ပါ ပန်းရတနာ ........ ၅၇

၅။ အချိုကို ဘယ်လိုပြောရပါ့ ........ ၉၉

၆။ မေတ္တာပန်းများလန်းစေချင် ........ ၁၂၁

၇။ သူငယ်ချင်း အချစ်မြေးမြစ်တိုင်အောင် ........ ၁၅၃

၈။ ခါးတမာ ချိုပါမည်လား ........ ၁၈၁

၉။ စိုက်ခဲ့ပါတယ် ပန်းခင်းဝယ် ........ ၁၉၃

၁၀။ အေးမြပါစေ ထွေးအလှရေ ........ ၂၀၃


* * * * * * * * * * * * * * * * * *

## စာရေးသူ၏

# 'အမှာ'

ဖူးပွင့်ခိုင်၊ အမည်ဖြင့် -

- အငယ်
- အရွယ်
- လှမ်းချူတော့မည့်သစ္စာရည်
- ဆွတ်ချူလှည့်ပါ ပန်းရတနာ
- အချိုကို ဘယ်လိုပြောရပါ့
- မေတ္တာပန်းများလန်းစေချင်
- သူငယ်ချင်းအချစ် မြေးမြစ်တိုင်အောင်
- ခါးတမာ ချိုပါမည်လား
- စိုက်ခဲ့ပါတယ် ပန်းခင်းဝယ်
- အေးမြပါစေ ထွေးအလှရေ

အစရှိသည်တို့ကို အောင်မြေ ပညာပေးမဂ္ဂဇင်း၌ (၂၀၀၇)ခုနှစ် (မတ်လ)မှစတင်ပြီး လစဉ် ရေးသားခဲ့ပေသည်။

ဖူးပွင့်ခိုင်အမည်အပြင် သုန္ဒရီဦး၊ ပန်းမြတ်စံ၊ စံပန်းအိမ်၊ အစရှိသည်တို့ ဖြင့်လည်း လစဉ်ရေးသားခဲ့ပူးပေသည်။

## စာရေးသူ၏ အမှာ

ယခု ဖူးပွင့်ခိုင် ကလောင်အမည်အစား၊ သုန္ဒရီဦးအမည်ဖြင့် ရေးသား ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

စာရေးသားနေစဉ်အတောအတွင်း ရှာန်ဝင်စားမှု ၊ စိတ်ကူးကောင်း မှုတို့က အမျိုးသမီး ကလောင်ရှင်များအမည်ဖြင့် စိတ်ကူးယဉ် ရေးသားမိသော အခါတွင် စိတ်တိုင်းကျမှုများရှိသလို အချို့တို့သည်လည်း ရေးရင်းရေးရင်း အနည်းနှင့်အများ စိတ်တိုင်းမကျမှုများ ရှိပေသည်။

မည်သို့ပင်ဆိုစေ စာဖတ်သူများအနေဖြင့် အကျိုးတစ်စုံတစ်ရာ ရပါစေဟူသော စေတနာအရင်းခံဖြင့်သာ...

သုန္ဒရီဦး (သို့မဟုတ်) ဖူးပွင့်ခိုင်

ဆရာဦးစံတင်အောင်(ရွှေဘို)

အမှတ်- (၆၅/ဘီ) ၊ မြေနီကုန်းဈေးလမ်း၊

စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။



# အငယ်

နိုင်ငံခြားဆိုသည်မှာ ကိုယ့်တိုင်းပြည်
မဟုတ်ပေ။ ကိုယ့်တိုင်းပြည်
မဟုတ်သောကြောင့် ကိုယ့်ဓလေ့နှင့်
သူ့အတွေး မှန်ကန်စွာလုပ်ကိုင်နိုင်ရန်
လိုသည်။ အရွယ်ရောက်သူတိုင်း
သွားရမည်၊ လာရမည်၊ စွန့်စားရမည်။
သိရှိရမည့် အချက်အလက်များကား...
ကိုယ့်စိတ်ကိုယ်ထိန်း၊ ကိုယ့်ကိုကိုယ်
သိမ်းပြီး ရည်မှန်းချက် မပျောက်ရန်ဟု...

သူမအမည် အပြည့်အစုံမှာ. . . ယဉ်မင်း ငယ်သွင်။ သူမကို ချစ်စနိုးဖြင့် အငယ်ဟု ခေါ်ဆိုကြသည်။ အသက်ဆယ့်ကိုးနှစ်အရွယ် အသားဖြူဖြူ၊ ပိန်ပိန် ပါးပါး၊ လှပသော မျက်ခုံး၊ အားကောင်းသော မျက်လုံး၊ ပြုံးရွှင်သော မျက်နှာ၊ ဖော်ရွေသော ဆက်ဆံမှုတို့ဖြင့် အငယ်ကို တွေ့လိုက်ရသော ဦးမင်းမောင်ထွေး တစ်ယောက် ငယ်ချင်စိတ် ပေါက်သွားသည်။

တွေ့ရပုံကဆန်း၊ ဖြစ်ရပုံက ကြမ်းသည်။ ဦးမင်းမောင်ထွေး သည် အီတလီနိုင်ငံတွင် နေထိုင်လာခဲ့သည်မှာ လေးငါးနှစ်ရှိပြီ ဖြစ် သည်။ ယခုသူသည် ဧည့်သည်ကြိုရန် လေဆိပ်ထဲသို့ ရောက်ရှိ နေရပေသည်။ အဘယ်ကြောင့်နည်း။

တစ်နေ့တွင် မမျှော်လင့်ဘဲ အလွန်ရင်းနှီးသော မိတ်ဆွေ တစ်ဦးမှ အကူအညီတောင်းရာ မြန်မာပြည်မှ အီတလီနိုင်ငံတွင် ပညာသင်ကြားရန် လာရောက်မည့် မိန်းကလေးတစ်ဦးကို ကြိုပေး ရန် မေတ္တာရပ်ခံသည်။ သူသည် ဤသို့ မကြာခဏ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်တိုင်းပြည်မှ လာသူများကို ကူညီရ၊ ကြိုပေးရ လေ့ရှိသည်။

ဒီနေ့...လာမည့်ဧည့်သည် မယဉ်မင်းငယ်သွင် ဝတ်ဆင် လာမည့် အဝတ်အစားမှာ ဖက်ဖူးရောင်စကာဒ်နှင့် အတွင်းခံ အင်္ကျီ အဖြူရောင်ပေါ်တွင် ကုတ်အင်္ကျီ အဝါရောင်လေးကို ဝတ်ဆင်လာ လိမ့်မည် ဖြစ်ကြောင်း မိတ်ဆွေက ကြိုတင် ပြောပြထားသည်။

ကြိုနေကျဖြစ်သော ဦးမင်းမောင်ထွေးသည် မယဉ်မင်းငယ်သွင် အမည်စာတမ်းပါ ဆိုင်းဘုတ်ငယ်ကို ကိုင်၍ လာမည့် ဧည့်သည်အား ကြိုဆိုရန် စဉ်းစားထားပြီးဖြစ်သည်။

"ဟော...လေယာဉ်ဆိုက်လာပြီ"

ဦးမင်းမောင်ထွေးသည် ဆိုင်းဘုတ်ငယ်ကို မမြင်ရ မည်စိုး၍ ထောင်ကိုင်ပြီး ဧည့်သည်ကို ရှာဖွေသည်။ သို့သော် လူကုန်သွားသည် အထိ မယဉ်မင်းငယ်သွင်နှင့် တူသူ တစ်ဦး တစ် ယောက်မျှ မတွေ့ရပေ။

"ခက်တော့...ခက်နေပြီ" အသေအချာ ကြိုဖို့ စီစဉ်ထားပါလျက် အဘယ်ကြောင့် ယခုလို ပျက်ကွက်နေရပါသနည်း။ ဆက်၍ စောင့်ရပါဦးမည်။ နောက်ထပ် လေယာဉ်ပျံ ဆိုက်ရန်မှာ အချိန်အားဖြင့် သုံးနာရီကျော် ကြာပေဦးမည်။

အချိန်ကို တန်ဖိုးထားသော ဦးမင်းမောင်ထွေးသည် အလုပ်ခွင်သို့ ဖုန်းလှမ်းဆက်၍ အကြောင်းကြားရသည်။ ချိန်းဆိုထားမှုများကိုလည်း တောင်းပန်ပြီး အချိန် ရွှေ့ဆိုင်းလိုက်ရသည်။

နောက်လေယာဉ်ဆိုက်မှ အကျီအဖြူ အဝါရောင် ကုတ်အကျီနှင့် ဖက်ဖူးရောင်စကာဒ်လေး ဝတ်ဆင်ထားသော မယဉ်မင်းငယ်သွင်ကို တွေ့လိုက်ရပါသည်။

"ဆောရီးပဲ...အန်ကယ်...လေဆိပ်မှာ သမီးအိပ်ပျော်သွားလို့... ပထမ flight မမီလိုက်ဘူး"

သူ့အပြော၊ သူ့လုပ်ရှားမှု၊ သူ့ဆက်ဆံမှုသည် မရှည်သော စိတ်ကို ရှည်ချင်စိတ် ပေါက်သွားမိသည်။

"အန်ကယ်က... ဦးမင်းမောင်ထွေး နော်၊ သမီးက အငယ်...အဲ...သမီးကို အငယ်လို့ပဲ တရင်းတနှီးခေါ်နော်... အန်ကယ်ကိုလည်း ... အန်ကယ်မင်း လို့ပဲ ခေါ်မယ်နော်"

သူ့ဇာတ်ကို သူခင်းပြီး သူပြောလိုရာကို တောက်လျှောက်ပြောကာ သူ့ကိုယ်သူ အငယ်၊ ကိုယ့်ကိုလည်း အန်ကယ်မင်း ဖြစ်ရပေတော့၏။ သူတည်းမည့်နေရာကို လိုက်ပို့ရန် ပြင်ဆင်တော့ လိပ်စာကဒ်က ပျောက်နေသည်ဆိုသည်။ သူကလည်း မမှတ်မိ။ မြန်မာပြည်ကို ဖုန်းဆက်ရန်ကလည်း အချိန်မတော်ဖြစ်နေသည်။ ဤသို့ဖြင့် အငယ်ကို မိမိအိမ်သို့ ခေါ်ဆောင် ခဲ့ရပေတော့သည်။

ဦးမင်းမောင်ထွေးသည် အငယ် (သို့မဟုတ်) မယဉ်မင်း ငယ်သွင်ကို ကွယ်လွန်သွားသော သူ့ဇနီး၏ အိပ်ခန်းတွင် မထားချင်ဘဲ ထားလိုက်ရသည်။

ဦးမင်းမောင်ထွေး၏ ဇနီးသည်မှာ မနှစ်က ဒီအချိန်တွင် ဘားအက်ဆီးဒင့် ဖြစ်ပြီး ကွယ်လွန်ခဲ့ရသည်။ သူကိုယ်တိုင်လည်း မသေကောင်း မပျောက်ကောင်း ဒဏ်ရာရရှိတွင် အရေးပေါ် ကုသမှု ခံခဲ့ရသည်။

အချစ်ဦး ဇနီးသည်အတွက် ဝမ်းနည်း၍ မဆုံး၊ ကြေကွဲ၍ မပြီး ပူဆွေးပြီးနေသော ဦးမင်းမောင်ထွေးသည် မမျှော်လင့်ဘဲ

အငယ် ဆိုသော တစိမ်းမိန်းကလေး တစ်ယောက်ကို အိမ်တွင် လက်ခံထားလိုက်မိသည်။

ဦးမင်းမောင်ထွေးသည် အတွေးများစွာ တွေးရင်းဖြင့် အိပ်ပျော်မည်ပြုနေစဉ် ...

"*အား...*"ဟူသော အလန့်တကြား အော်သံကို အငယ့် အိပ်ခန်းထဲမှ ကြားလိုက်ရ သည်။

"ဒေါက် ...ဒေါက် ...အငယ်ရေ... ဘာဖြစ်တာလဲဟင် ... တံခါးဖွင့်ဦး"

ဦးမင်းမောင်ထွေးသည် အပြေးအလွှား အခန်းတံခါးကို ခေါက်၍ အငယ့်နာမည်ကို ထပ်ကာ ထပ်ကာ ခေါ်လိုက်သည်။

အတန်ကြာမှ အငယ်သည် အိပ်ချင်မူးတူးဖြင့် တံခါးကို လာဖွင့်ပေးပြီး အိပ်မက်ဆိုး မက်ခြင်း ဖြစ်ကြောင်း ပြောသည်။

"ဟာ ...ဘုရား ...ဘုရား ...ဒုက္ခပဲ"

ဦးမင်းမောင်ထွေးသည် အငယ်၏ မလုံတလုံ ပုံစံကို မြင် လိုက်ရသောကြောင့် ဘုရား တမိပေသည်။

မြင်လိုက်ရသော အငယ်၏ ပုံသည် ဘောင်းဘီ ကလေး ကတိုတို အကျီကလည်း လည်ဟိုက်ဖြင့် ဝတ်သူမရှက် မြင်သူရှက် စရာ ဖြစ်နေသည်။

ဦးမင်းမောင်ထွေးသည် အခန်းပြန်၍ အိပ်နေရသော် လည်း အတွေးများဖြင့် တော်တော်နှင့် အိပ်၍ မပျော်တော့ပေ။

နိုင်ငံခြား၌ နှစ်များစွာ အနေများပြီး အမျိုးသမီးကြီးငယ် မဟူ အလုပ်ခွင်တွင် တွေ့ဆုံ ဆက်ဆံဖူးသော ဦးမင်းမောင်ထွေး အတွက် အငယ်လို မိန်းကလေးကို တွေ့ရ သည်မှာအဆန်း မဟုတ်ပါ။ ဇာတ်လမ်းမရှုပ်ပါ ။

မရှုပ်ချင်သော ဇာတ်လမ်းကို အဟုတ်ထင်ပြီး မှတ်တမ်း ဖြစ်ပေါ်လာပြန်သည်။ အီတလီနိုင်ငံ ရောမမြို့ဆိုသည်ကား ကြမ်းသည်။ ရမ်းသည်။ ရှုပ်သည်။ လူပေါင်းစုံသည်။ ကမ္ဘာလှည့် ခရီးသည် အများအပြားလာသည်။ ရှုပ်ထွေးနေသော ထိုနေရာတွင် မလည် မဝယ်သော အငယ်တစ်ယောက် အဘယ်သို့ ခရီးလျှောက်အံ့ နည်း။

ကျောင်းကို ရောက်ပြန်တော့လည်း ကျောင်းစာ မလိုက် နိုင်။နေထိုင်ဖို့ရာကလည်း အဆင်မပြေ။ အစားအသောက် ကလည်းမစားတတ်။ဝတ်စားဆင်ယင်ဖို့ကလည်း မဖွတ်တတ်။ မလျှော်တတ်။ မီးပူပင် မတိုက်တတ်။

ဦးမင်းမောင်ထွေးသည် အငယ်၏ ဒုက္ခအခက်ခဲများကို သမီးအရွယ်မို့ကိုယ်ချင်းစာ တရားဖြင့် ချို့ယွင်းတာများကို ကူညီရပေ တော့သည်။

အခက်ဆုံးမှာ သူ၏ ကလေးစိတ်မကုန်မှု၊ မနေတတ်၊ မထိုင်တတ်၊ မဝတ်စားတတ်မှု၊ အပြောအဆို မတတ်မှုတို့သည် အပြော အဆို ကြပ်လောက်အောင် ကြုံတွေ့နေရသည်။

တစ်နေ့တွင်...ကျောင်းအသွား လမ်းတွင် လူရမ်းကားများ၏ နှောင့်ယှက်ခံရသည်။ မဖြေရှင်းတတ်၊ မကိုင်တွယ်တတ်သော အငယ်တစ်ယောက် ဒုက္ခကြီးကြီး ရောက်တော့မလို အရှက်တကွဲ အကျိုးနဲ့ဖြစ်ရမလို ကြုံတွေ့ရာ ဦးမင်းမောင်ထွေးခမျာ အပြေးအလွှား သွားရောက် ဖြေရှင်းပေးရသည်။

အငယ်သည် နိုင်ငံခြားသူများ ဝတ်စား ဆင်ယင်မှုကို အားကျပြီး မပေါ်တပေါ် ဖော်၍ဝတ်သည်။ စကဒ်ဘောင်းဘီတို မှာလည်း ဖင်တစ်ခြမ်းပေါ်သည်အထိ အထိုင်အထတို့တွင် အမြင်မတော်စရာ။ နိုင်ငံခြားသူများ ဝတ်ဆင်ကြသည်မှာ သူ့ဓလေ့၊ သူ့ထုံးစံ၊ သူ့ဟန်ပန် ဖြစ်သော်လည်း မြန်မာဓလေ့၊ မြန်မာ ယဉ်ကျေးမှုနှင့် မတူညီပါ။

ဦးမင်းမောင်ထွေး ပုံစံသည် ဘိုဆန်ချင်သော်လည်း သူ့စိတ်ဓာတ်သည်ကား မြန်မာပီသသည်။ နေရာတကာတွင် သူနှင့် ပတ်ဝန်းကျင်သည် အံမဝင်သည်ကို တွေ့ရသည်။

အချို့သော တိုင်းပြည်မှ မိန်းကလေး အချို့သည် နိုင်ငံရပ်ခြား တိုင်းတစ်ပါးတွင် လူကိုရင်း၍ ငွေကို လမ်းခင်းနေကြသည်။

အငယ်၏ ဝတ်စားဆင်ယင်ပုံသည်လည်း ထိုမိန်းကလေးများကဲ့သို့ ဖြစ်မည်ဟု အထင် မှားစေသည်။

အငယ်သည် တားသည့်ကြားက မစားသင့်သည်ကို စားသည်။ မသွားသင့်သည့် နေရာကို သွားသည်။ မဝတ်သင့်သည့်

အဝတ်အစားများကို မသိနားမလည်ဘဲ ဝတ်မြဲဝတ်သည်။ သွားမြဲသွားသည်။ စားမြဲ စားသည်။ နောက်ဆုံးတွင် ကျားငစဉ်းလဲတို့၏ ရက်စက်ယုတ်မာမှုအောက်တွင် အငယ်တစ်ယောက် ဒုက္ခရောက်ခဲ့ရရှာသည်မှာ တစ်ကြိမ်မက နှစ်ကြိမ်မက ဖြစ်ရရှာသည်။

တစ်နေ့တွင် ညသန်းခေါင်ယံ၌ အငယ်၏ အခန်းမှ အော့အန်သံ၊ ငိုယိုသံများ ကြားသိရသည်။

ဦးမင်းမောင်ထွေးသည် ရင်ထိတ်သွားပြီး အပူစိတ်ဖြင့် တံခါးကို ခေါက်လိုက်သည်။ အခန်းတွင်းသို့ ဝင်ရောက်သောအခါ အငယ်တစ်ယောက် အိပ်ဆေးများ သောက်ပြီး အမြင့်မတော် ကြုံတွေ့လိုက်ရသည်။ အသက်ကို ကယ်တင်ရန် အချိန်မီ နီးစပ်ရာ ဆေးခန်းသို့ ခေါ်သွားခဲ့ရသည်။

ဩော်...ပန်းကလေးတစ်ပွင့် နွမ်းလျရှာပြီ။

ဦးမင်းမောင်ထွေးသည် စိတ်မကောင်း ကြီးစွာဖြင့် အငယ်၏ လှပသော မျက်နှာကို ကြည့်နေမိသည်။

"ဟင်း..." သက်ပြင်းတစ်ချက် ခပ်ပြင်း ပြင်းရှိုက်လျှက် ဆရာဝန်ကြီး၏ စကားသံများ ကို ပြန် ကြားယောင်မိတော့သည်။

" ဒီ...မိန်းကလေးမှာ ကိုယ်ဝန်လေးလ ရှိနေပြီ" ဆိုသော စကားသည် ဦးမင်းမောင်ထွေး၏ ငယ်ထိပ်ကို မြွေပေါက်သလို ခံစားလိုက်ရသည်။

နိုင်ငံခြားကို အပြိုင်အဆိုင်
သွားကြသော်လည်း
အရေးကြီး ဆုံးအချက်မှာ
ကိုယ့်ကိုကိုယ်ထိန်းပြီး
ကိုယ့် စိတ်ကို နိုင်အောင် သိမ်းဖို့
လိုကြောင်း
စိတ် မကောင်းစွာ
ဆိုလိုက်ပါရစေ…။

ထို့ကြောင့် အငယ်သည် သူ့ကိုယ်သူ သတ်သေရန် ဆေးသောက်ခြင်း ဖြစ်ကြောင်း သိရှိလိုက်ရသည်။

မရှိမဲ့ရှိမဲ့ အသိုင်းအဝိုင်းကြားတွင် အငယ်၏ မနေတတ်၊ မထိုင် တတ်မှု၊ အရှက်ရမှုတို့ကြောင့် ဦးမင်းမောင်ထွေးခမျာ ပတ်ဝန်းကျင်၏ တမျိုးအထင်ခံခဲ့ရသည်။ အဆိုးအမြင်ကို ဦးမင်းမောင်ထွေး ဘယ်လို ရှင်းရအံ့နည်း။

အဆွေးအပြိုင်ရှာနေသည့် အငယ်တစ် ယောက်မှာ ကျောင်းကလည်းမပြီး။ နေထိုင်ရမှုကလည်း မပြေလည်။ ငွေကြေးကလည်း မလုံလောက်။ မွေးရပ်ကို အဘယ်သို့ သတင်း ပေးရမည်နည်း။

အငယ်၏ အရှုံးဇာတ်ကို အဆုံးသတ်ရ မည်ဆိုသော် တိုးတက်နေသော ခေတ်အချိန်တွင် နိုင်ငံခြားသို့ အမျိုးသမီး ကြီးငယ် အသွယ်သွယ်တို့သည် သွားကြ၊ လာကြ၊ သင်ကြ၊ လုပ် ကိုင်နေကြမည် ဖြစ်သည်။

အငယ်တစ်ယောက် အရွယ်ရောက်သော်လည်း သူ့မိဘများ၏ သင်ကြားပေးမှု ၊ ဆုံးမသွန်သင်မှု အားနည်းရှာသည်။

အငယ်ကိုယ်တိုင်၌ကလည်း သင်ကြား လေ့လာမှု ချို့ယွင်းခဲ့ရှာသည်။ နိုင်ငံခြားကို အပြိုင်အဆိုင် သွားကြသော်လည်း အရေးကြီးဆုံးအချက်မှာ ကိုယ့်ကိုကိုယ်ထိန်းပြီး ကိုယ့်စိတ်ကို နိုင်အောင် သိမ်းဖို့ လိုကြောင်း စိတ်မကောင်းစွာ ဆိုလိုက်ပါရစေ...။

**အငယ်တစ်ယောက်**
**အဘယ်သို့ရောက်မည်။**
**အငယ့်ဇာတ်လမ်း**
**အဘယ်သို့လှမ်းမည်။**
**အငယ့်ခက်ခဲ**
**အဘယ်သို့နွဲမည်။**

**အို...အငယ်ရယ်**
**ဘဝအထွေထွေ**
**ဖြစ်ရပ်တွေကို**
**ပျော်ရွှင်အောင်မြင်**
**ဖြတ်သန်းစဉ်တွင်**
**လှမ်းနိုင်စေချင်**
**လှမ်းစေချင်သည်။**



# အရွယ်

အရွယ်ဆိုသည်မှာ အရွယ်သုံးပါးကို ဆိုလေသလား။

ငယ်ရွယ်မှုကို ညွှန်းလေသလား။

ရည်ရွယ်ချက်ကို ပြလေသလား။

စသည်တို့ဖြင့် မေးစရာ၊ တွေးစရာများ . . .

အသွယ်ရယ်... အငယ်ရယ်... အရွယ်ရယ်

မိဘနှစ်ပါးက အတူမွေးဖွားလာကြသော ညီမ သုံးယောက်။

အသွယ်သည် သေးသေးသွယ်သွယ်၊ ဖြူဖြူ လှလှ မြင်ရသူငေး လောက်အောင် ယဉ်သည်၊ လှသည်ဟု ဆိုကြသည်။

အငယ်ကလေးမှာ ငယ်ဂုဏ်ရှိသလောက် သွက် လက်ချက်ချာ သည်။ ထက်မြက်သော ဉာဏ်ပညာနှင့် ပြည့်စုံသူတစ်ယောက် ဖြစ်သည်။ သူ့ကိုယ်လုံးကလေးက သေးသေးလေး။ အရပ်က ပုပြတ်ပြတ်။ အသွယ်နှင့် ယှဉ်သွားလျှင် အငယ်ဟု မပြောဘဲနှင့် သိနိုင် လောက်အောင် သေးငယ်လှသော အငယ်လေး။

အရွယ်မှာ အစ်မကြီးသွယ်နှင့် ငါးနှစ်လောက် ကွာသည်။ အစ်မလတ် အငယ်နှင့် သုံးနှစ်လောက် ကွာသည်။ ထို့ကြောင့် သူ့ကို လူအများက မသွယ်၊ မငယ်တို့၏ ညီမလေးမှန်း သိပ်မသိကြပေ။ အတန်းကလည်းမတူ၊ အသက်ကလည်းခြားနား။ ရုပ်ရည်ကလည်း ရှက်ကြမ်း ရေကျို၊ ရိုး အေးသလား မပြောနဲ့တော့။ ခေါ်မှ ပြောသည်။ မေးမှထူးသည်။ မေးထူးခေါ်ပြော ဖြစ် သည်။ မိသားစုတွင် အကြီးနှင့် ငါးနှစ်လောက်ခြား သောကြောင့် ညီအစ်မ သုံးယောက် ယှဉ်သွား လျှင် အမြင်မှားလောက်အောင် အရွယ်က အစ်မနှစ် ယောက်နှင့် မတူသည်မှာ တော်တော်ထူးဆန်းသည်။

ဖခင် ဦးသက်ခိုင်သည် ဝန်ထမ်းဘဝဖြင့် တစ်ပြည် လုံးသို့

သွားနေရသည်။ အသွယ်ကို ရှမ်းပြည်နယ်မှာ မွေးသည်။ ထို့ကြောင့် အသွယ်၏အသားရေသည် ဖြူဖွေးဝင်းအိနေသည်။ အငယ်ကို မြစ်ကြီးနားတွင် တာဝန်ထမ်းဆောင်စဉ် မွေးဖွားခဲ့သည်။ အငယ်သည် အသားလတ်သည်။ အရှယ်ကို ကန့်ဘလူမြို့တွင် မွေးဖွားခဲ့သည်။ ထို့ကြောင့် အရှယ်သည် အသားညိုသလို ဖြစ်နေသည်ဟု မေမေက နောင်ပြောင်၍ ပြောလေ့ရှိသည်။

အစ်မအကြီးဆုံး၊အချောဆုံးအသွယ်ကိုဥစ္စာပေါ၊ရုပ်ချောသော အရာရှိတစ်ဦးက တမ်းတမ်းစွဲ နှစ်သက် သဘောကျသောကြောင့် ကြီးကြီး ကျယ်ကျယ် ခမ်းခမ်းနားနား လက်ထပ်ပြီး ပေးစားလိုက်သည်။ အသွယ်ကံကောင်းသည်ဟု ပြောရမည် ဖြစ်သည်။ ကလေးနှစ်ယောက်ထွန်းကားပြီး သည့်တိုင်အောင် စည်းစိမ်ဥစ္စာပြည့်စုံသလို အိမ်ထောင်ရေးကံကလည်း ကောင်းသည်။ အသွယ်တစ်ယောက် အချောဆုံး၊ အလှဆုံး၊ ကျက်သရေအရှိဆုံးဖြစ်နေသေးသည်။

အငယ်သည် သင်္ဘောသားတစ်ဦးနှင့် အိမ်ထောင်ကျသည်။ သူနှင့် ကျောင်းနေဖက်သူငယ် ချင်းဟု ပြောသည်။ သင်္ဘောသားဘဝမှ အရာရှိကြီး ဖြစ်လာသည် အငယ်တစ်ယောက်မှာ သမီးရတနာလေး ဖြူစင်နှင်းကို မွေးဖွားသည့် အချိန်၌ ခင်ပွန်းဖြစ်သူမတော်တဆဖြစ်ပြီးကွယ်လွန်ခဲ့ရှာသောကြောင့်မုဆိုးမလေးဖြစ်နေ

ရှာသည် ...သနားစရာကောင်း လိုက် ပါဘိ ...။

"အရွယ်ရယ်...နင့်ကို ခဏခဏ ပြောပေါင်းများပြီ... သပ်သပ် ရပ်ရပ် ဖီးဖီးလိမ်းလိမ်း နေစမ်းပါ... နင့်ကိုတော့ ကြိုက်မယ့်လူ ရှိမှာ မဟုတ်ဘူး"

အစ်မကြီးဖြစ်သူအသွယ်က ချစ်ညီမလေးကို လှစေချင်သည်။ သူ့လို ပျိုတိုင်းကြိုက်တဲ့ နင်းဆီခိုင် ဖြစ်စေချင်သည်။

စိတ်မြန်လက်မြန် သွက်လက်ချက်ချာသော အငယ်က

"ပြောပေါင်းများပြီနော်...အရွယ်၊ မိန်းကလေးဆိုတာ ပွင့်ချိန် တန်ပွင့် ... သီးချိန်တန် သီးရတယ်... တစ်မျိုးစကားတွေနဲ့ မငယ် မပြောချင်ဘူး... အချိုးတွေ ပြောင်းတော့နော်... အဝတ်အစားကို သပ်သပ်ရပ်ရပ်ဝတ်... မနက်ဆိုရင် သနပ်ခါးလေးလိမ်းပြီး နေမှ ပေါ့... ညည်းအတွက် ...ငါတော့ စိတ်ညစ်တယ်... ညည်းကို ကြိုက် မယ့်သူ ရှိပါတော့မလား"

ဤသို့ဖြင့် အစ်မကြီးကစွံ့။ အစ်မငယ်က အဆင်ပြေ... မှဆိုး မဘဝမှာပင် စိတ်ဝင်စားသူတွေ အများအပြားတွေ့ရသည်။ တွေ့လည်းတွေ့စရာဖြစ်သည်။ အရွယ်ကလေးကလည်းရှိ၊ ဥစ္စာ ကလည်း ပြည့်စုံသည် မဟုတ်ပါလား...။

အရွယ်မှာ အစ်မကြီးကတစ်မျိုး။ အစ်မလေးက တစ်ဖုံ... အမေ ကတစ်လီဖြင့် ခဏခဏ ဆူမာန်မှုဒဏ်ကို မခံနိုင်သောကြောင့်

အိမ်မှာလည်း မပျော်၊ အလုပ်မှာလည်း စိတ်တိုင်းမကျ၊ အသက်ကလည်း နှစ်ဆယ်ကျော်လာပြီ ဖြစ်သည်။ အရွယ်ဘဝလေး အနားပေးဖို့လိုလိမ့်မည်။ အရွယ်ဘဝလေးညာတာဖေးမပေးမယ့်လူ လိုနေပြီ။

မမျှော်လင့်ဘဲ အရွယ်တစ်ယောက် တစ်ဆင့် စကား တစ်ဆင့် နားဖြင့် လူချစ်လူခင်များနည်းသင်တန်းသို့ အဖော်ကောင်း၍ ရောက်သွားသည်။ သင်တန်းအမည်မှာ လူချစ်လူခင်များအောင်လုပ်နည်း သင်တန်းဟု အမည်တပ်ထားသော်လည်း အမည်နှင့် မညီသော အချက်မှာ သင်တန်းစတင် လိုက်သည်နှင့် အရွယ်သည် သင်တန်း ကြေး အဆုံးခံပြီး ပြန်ပြေးရန် ဆုံးဖြတ်လိုက်မိသည်။

"ဟင် ...ဘယ့်နယ် သင်တန်းကြီးပါလိမ့် ...။

စတင် သင်ကြားသောနေ့တွင် သင်ကြားသူမှာ ဆရာမဖြစ်သည်။ ဆရာမမှာ အလွန်လှပ၍ ကြည့်ကောင်းပြီး အပြာရောင် ဝမ်းဆက်ကလေး ဝတ်ဆင်ထားသကဲ့သို့ ဖိနပ်၊ လက်ကိုင်အိတ် တို့မှာ အပြာနှင့် လိုက်ဖက်ညီအောင် ဆင်ယင်ထားပြန်သည်။

အရွယ်သည် သင်တန်းပြီးဆုံးပါစေဟု ကြိတ်ဆု တောင်းပြီး သင်တန်းစတက်တက်ချင်း စိတ်ကုန်သွားသည်။ သင်တန်း အလယ်တွင် မအီ မလည်ကြီး ဖြစ်နေသည်။ နောက်နေ့ သင်တန်း လာရန် စိတ်မကူး တော့ပေ။

"ဘာတွေ သင်မှန်းလဲမသိဘူး...အရမ်း စိတ် ညစ်တာပဲ ..."

သင်တန်းကြေးကလည်း အများကြီး ပေးရသည်။ ပါလာသော သူငယ်ချင်းကလည်း စိတ်ဓာတ် မကျရန် အားပေးသည်။ သို့သော် ဘယ်လိုစိတ်ဝင်စားအောင် ကြိုးစားသော်လည်း မရနိုင်ပေ။

ဤနေ့သည်ကားသင်တန်း ဒုတိယအပတ်၏ ပထမနေ့ဖြစ်သည်။ တစ်ဦးချင်း စကားပြောစင်ပေါ်သို့ တက်၍ ပြောရမည့်နေ့ ဖြစ်သည်။ ပြောရမည့်အကြောင်းအရာက မိမိသိလိုသော မေးခွန်းများကိုမေးမြန်းရန်နှင့် မိမိကိုယ် မိမိ မိတ်ဆက်ရန် ဖြစ်သည်။

အရွယ်တစ်ယောက် ပရိသတ်နှင့် စကားပြောရခြင်းသည် ယခုတော့ အထူးအဆန်းမဟုတ်တော့ပေ။ ပရိသတ်နှင့် စကားပြောနည်းများ သင်တန်းမှ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့၍ အတွေ့အကြုံရှိခြင်းဖြစ်သည်။ သူမအလှည့် ရောက်သောအခါတွင် သူမသည် သင်တန်းတက်ရမှုအပေါ်တွင် သူနှင့်မကိုက်ညီ၍ စိတ်မပါတပါဖြစ်နေသည်။ သူမပြောရမည့် အကြောင်း အရာများကို တိုတိုနှင့် လိုရင်း ပြောရန် ရည်ရွယ်သည်။

နာမည်ကို ပြောပြသည်။ သူမအသက်ကို ပြော ပြသည်။ သူ့အလုပ်ကို ပြောပြသည်။ အိမ်ထောင်မရှိကြောင်းရှင်းပြသည်။

"ကျွန်မ အမေက ကျွန်မကို တစ်သက်လုံး အိမ်ထောင်ကျမှာ မဟုတ်ဘူး လို့" အရွယ်ရောက်ကတည်းက အပြော ခံနေရသည်။

အစ်မကြီးအသွယ်နှင့် အစ်မလတ် အငယ်တို့ကလည်း သူတို့ကို

လင်ကောင်းသားကောင်း ဥစ္စာပေါ ရုပ်ချော ရနိုင်မှာမဟုတ်ဘူးလို့ ပြောကြသည့် ဟူ၍ သူမသည် အပျိုကြီးဖြစ်ရသည့် အကြောင်းကို တိုတို တုတ်တုတ် မပြောမဖြစ်၍ ပြောလိုက်သည်။

ရှစ်ပတ်အကြာ လူချစ်လူခင်များနည်းသင်တန်းကို ပြီးဆုံးလိုက်သောအခါတွင် အရွယ်သည် အခါတိုင်းထက် လူချစ်လူခင်များလာသည်မှာ အမှန်ပင်ဖြစ်သည်။ သင်တန်းကျောင်းအုပ် ဆရာမကြီးက တစ်နေ့တွင် သူ့ ရုံးခန်းထဲခေါ်ပြီး အရွယ်ကို တရင်းတနှီး၊ တခင်ဘမင် သွန်သင်ပြောဆို ဆုံးမ လိုက်သည်။

"အရွယ်...အစ်မကြီးတွေလို အိမ်ထောင်ပြုချင် သလား..."

"အမှန်အတိုင်း ပြောရရင် အစ်မကြီး နှစ်ယောက်ကို အားကျတယ်...ကျွန်မလည်း သူတို့လို ကံကောင်းတဲ့ အိမ်ထောင်မျိုး မဟုတ်ပေမယ့် နည်းနည်း ပါးပါးတော်တဲ့ အိမ်ထောင် မျိုးကို အဆင်ပြေရင် ပြုချင်ပါတယ် ဆရာမကြီး..."

သွယ်၊ ငယ်၊ အရွယ် ထိုသုံးသွယ်
တစ်မိဝမ်းတွင်း အတူဆင်း
အုံ့ညြဖွယ်ရာ မတူညီပါ
အကြီးသွယ် အရွယ်ငယ်ကြွယ်
ငယ်ငယ်လတ်လတ် အလှချင်းထပ်
အငယ်ခများ လှပကာ

လှသူအများ စိတ်ဝင်စား
ဘဝကြင်ဖော် အမြန်ပေါ်
အရွယ်ခများ မလှရှာ
ကြင်ဖော်ကဝေး အထင်သေး
ရုပ်မလှလျှင် စိတ်အလှပြင်
အပြုစိတ်က ဥပဓိရုပ်လှ
အရွယ်ခများ ထိုနည်းမဟာ
ကျင့်ပါလေသော်…လိုက်နာသော်
ချက်ချင်းရုပ်ပြောင်း စေတနာကောင်းက
ရှေ့ရေးဘဝ လန်းဖြာရ
ရှေ့ရေးဘဝ ချမ်းသာရ

"ဒါဆိုရင် ဆရာမကြီးက ညည်းကို အကောင်းဆုံး အိမ်ထောင်ပြုနည်း သင်ပေးလိုက်မယ်… ဆရာမကြီး သင်ပေးလိုက်တဲ့သူတွေ အားလုံး အကောင်းဆုံး အိမ်ထောင်ပြုဖြစ်သွားကြတယ်…"

အရွယ်သည် ဆရာမကြီး၏ သက်သေ အထောက်အထား၊ အကိုးအကားများနှင့် အိမ်ထောင်ပြုသွားကြသည်ကို တွေ့ရှိရသော အခါ အလွန်အံ့ဩသွားသည်။ ဆရာမကြီးကိုလည်း ယုံကြည်သွားသည်။

"ပထမဦးဆုံး လုပ်ရမယ့် အလုပ်ကတော့ ညည်း ယုံကြည်မှု

ရှိရမယ်…ဆရာမကြီး ရေးပေးလိုက်တဲ့ ဆုတောင်းချက်ကို မနက်တစ်ခါ ညတစ်ခါ ရွတ်ရမယ် ညည်းမျက်စိထဲမှာ ရွတ်တဲ့အတိုင်း ဖြစ်ကိုဖြစ်ရမယ်လို့ ပေါ်လာသည်အထိ ရွတ်ရမယ်…"

ဆရာမကြီးသည ‌အရွယ်ကို ထပ်ခါ ထပ်ခါ ရွတ် ဆိုနိုင်းသည်။ စာဖြင့် ရေးနိုင်းပါသည်။

တစ်နှစ်ခန့်အကြာတွင် အရွယ်တစ်ယောက်၏ မင်္ဂလာဖိတ်စာကို ဆရာမကြီး ဝမ်းသာစွာရရှိသည်။ မင်္ဂလာအခမ်းအနားသို့ ဆရာမကြီး ကိုယ်တိုင် တက်ရောက် ချီးမြှင့်သည်။

"လူချစ် လူခင်များနည်း" သင်တန်းတက်သူ များကိုလည်း ဖိတ်ကြားသည်။ ယခင်က အရွယ်မှာ မျက်နှာကြီးကတည်၊ မျက်မှောင်ကြီးကကုတ်၊ ပြောလိုက် ပြန်လျှင်လည်း အသံကမာ၊ တိုတို တုတ်တုတ်ကြီး ပြောဆိုတတ်သည်။ သူ့ကိုယ်သူ အများ အပြောခံရခြင်းကြောင့် စွံမှာမဟုတ်ဘူး၊ စိတ်ဝင်စားကြမှာ မဟုတ်ဘူး။ အိမ်ထောင်လည်း ပြုရမှာမဟုတ်ဘူးဟူသော ပူပင်မှု စိုးရိမ်မှုတို့ကြောင့် အရွယ်နှင့် တစ်ခါတွေ့ပြီးလျှင် နောက်ထပ်တွေ့ လိုစိတ် မရှိကြချေ။ ဆွဲဆောင်မှု မရှိချေ။

ယခုအရွယ်၏ အိမ်ထောင်ဖက်မှာ နိုင်ငံခြားမှ ဘွဲ့သုံး လေးခုနှင့် ဥပမိရုပ်လည်း ကောင်းသည်။ မိဘများက လည်း ချမ်းသာသည်။ သူတို့ နှစ်ဦးတွေ့ပုံ ထူး သည်မှာ နိုင်ငံခြားပြန် ကိုသီဟတစ်ယောက်

နိုင်ငံခြားမှ ပါလာသော နောက်ဆုံးပေါ်ကားကြီးကို မောင်းနှင်လာရာမှ လမ်းချိုးတစ်ခုတွင် ဖက်ဖူးရောင် ဒေဝူးကား အသစ်လေးကို မောင်းသော အရွယ်နှင့် တိုက်မိမလို ဖြစ်သွားသည်။

ကိုသီဟက သူမှားမှန်းသိ၍ ကားပေါ်မှ ဆင်းပြီး တလေးတစား တောင်းပန်သည်။ အရွယ်ကလည်း ကားပေါ်မှ ဆင်းပြီးကြည့်သည်။ ကိုသီဟခမျာ အရွယ်၏မျက်နှာလေးကို တဒင်္ဂလေးမျှ တွေ့လိုက်သောအခါတွင် လူပျိုကြီးဘဝဖြင့် အရိုးထုတ်တော့မည်ဟု ကြံရွယ်နေသော လူပျိုကြီး ကိုသီဟခမျာ ရှာန်လျှော ရပါတော့သည်။ အဘယ်သို့ရှာန်လျှောရသနည်းဆိုသော် နောက်တစ်နေ့မနက်စောစောတွင် ဂုဏ်သရေရှိ လူကြီးငါးဦးတို့သည် အရွယ်တို့ အိမ်သို့ရောက်ရှိလာပြီးလျှင် အရွယ်၏ မိဘနှစ်ပါးထံ နားဖောက်ကြလေတော့သည်။

အရွယ်၏ မိဘတို့မှာ မယုံကြည်နိုင်လောက် အောင် ဖြစ်ကြသည်။ အငယ်တစ်ယောက်မှာ အံ့ဩ၍ မဆုံးဖြစ်သည်။ အသွယ်တစ်ယောက်မှုကားသူညီမအတွက် အိပ်မက်များမက်နေသလားဟု ထင်မှတ်မိသည်။ ကိုသီဟနှင့် အရွယ်တို့သည် အကြီးကျယ်ဆုံး ဟိုတယ်ကြီးငါးခုတွင် အခမ်းအနားဆုံး မင်္ဂလာပွဲများ ကျင်းပကြသည်။

ထိုမင်္ဂလာပွဲများတွင် နားဖောက်သော အခမ်းအနားအတွက် ဟိုတယ်တစ်ခု၊ စေ့စပ်သော အခမ်းအနားအတွက် ဟိုတယ်တစ်ခု၊

လက်မှတ်ရေးထိုးခြင်းအတွက် ဟိုတယ်ကြီးတစ်ခု၊ နှစ်ဖက်မိဘများကို ဂါရဝပြုခြင်းနှင့် သာရေး၊နာရေး၊ လူမှုရေးအဖွဲ့အစည်းများသို့ ငွေလှူဒါန်းပွဲအတွက် ဟိုတယ်ကြီးတစ်ခု၊ မင်္ဂလာအခမ်းအနားကျင်းပရန်အတွက်ဟိုတယ်ကြီးတစ်ခုတို့ဖြစ်ကြသည်။ လှူဒါန်းခြင်း၊ ကျွေးမွေးခြင်း မင်္ဂလာ အခမ်းအနားအတွက် သိန်းထောင်ကြီးဂဏန်း ကုန်ကျသည်ကို သိရှိခြင်းဖြင့် အစ်မကြီးသွယ်နှင့် အစ်မလတ် ငယ်တို့ပင်လျှင် ဤရွေ့ဤမျှ အကုန်ကျခံခြင်းကို အံ့သြယူကြသည်။

အသွယ်ကလည်း အရွယ်အပေါ်မှာ မေးမြန်းချင်နေသည်။

အငယ်ကလည်း အရွယ်ပေါ်မှာ ဆွေးနွေးချင်သည်။ သူတို့ဆွေးနွေးချင်နေကြသော အကြောင်းမှာ သူတို့အားလုံး ဝိုင်းပယ်ထားသော ညီမအငယ်ဆုံး အရွယ်က ဘယ်အချိန်မှာ ဘယ်လိုများကိုသီဟနှင့် တွေ့တာပါလိမ့်။

အရွယ်ကို အမျိုးမျိုးမေးကြသော်လည်း မဖြေ တတ်ပါ။

ကိုသီဟကို သွေးသားရင်းချာလို ဖြစ်ပြီး ခင်မင် လာသောအခါ

"ဒီလောက်ဆိုးတဲ့ အရွယ်ကို ...မောင်သီဟ ဘာတွေများ သဘော ကျလို့လဲ"

"အစ်မရေ...ကျွန်တော် နိုင်ငံတကာကို ပညာသင်တာ... သင်တန်းတက်တာ အကြောင်းအမျိုးမျိုးနဲ့ ရောက်ဖူးတယ်... မြန်မာပြည်မှာလည်း ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်

ဘွဲ့ရသည်အထိ မိန်းကလေး အတော်များများနဲ့ အလုပ်တွဲလုပ်ဖူးတယ်... ပေါင်းသင်း ဆက်ဆံဖူးတယ်...ခင်မင်ဖူးတယ်... အရွယ်လောက် ကျွန်တော့်ကို စိတ်ချမ်းသာအောင် စွဲလန်းအောင် ကြည့်တဲ့အကြည့်... ပြုမူတဲ့အမူအရာ... သူ့မျက်လုံးလေးနဲ့ အပြုံးလေးဟာ ကျွန်တော်နစ်များစွာ ရှာနေတာတွေ အရွယ်ဆီမှာ တွေ့လိုက်ရတယ်... တွေ့လိုက်ရတဲ့အချိန်လေးဟာ ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက်ပဲရှိမယ်..."ဟူ၍ ကိုသီဟသည် အရွယ်၏ မျက်နှာလေးကို ကြည့်ရင်း ပြောပြသည်။

"အဲဒီလို တွေ့လိုက်တာက အရွယ်က လမ်းချိုးထဲက သူ့ကား လေးနဲ့ထွက်လာတယ်... ကျွန်တော်က ကျွန်တော့်ကားနဲ့ အဲဒီလမ်း ချိုးထဲ ကွေ့ဝင်လာတယ် အဲဒီမှာ ကျွန်တော့်ကားနဲ့ အရွယ်ကား တိုက်မလို ဖြစ်သွားတယ်...နစ်ယောက်စလုံးက သတိရှိလို့သာ မတိုက်တာ..."

"ကျွန်တော်က စိုးရိမ်ပြီး ကပျာကယာ ဆင်းလိုက်တယ်... အရွယ်ကလည်း ဆင်းလာတယ်... အရွယ်ရဲ့ ကျွန်တော့်အပေါ် ကြည့်တဲ့အကြည့်က စိုးရိမ်စိတ်၊ ပူပင်စိတ်၊ ကရုဏာ ထားစိတ်၊ ကြင်နာမှုစိတ်တွေကို သူ့မျက်လုံးထဲမှာ မြင်လိုက်ရတယ်... အဲဒါပါပဲဗျာ..."

"ကိုကို... ကျွန်မ ကျောင်းရှင်ဆရာမကြီးဆီကိုသွား ကန်တော့ချင်လို့ သွားရမလားဟင်..."

"ရှယ်လေးရယ်...အရွယ်သွားချင်တဲ့နေရာ ကိုကိုလည်းလိုက်ပို့မှာပေါ့...အရွယ်ကျေးဇူးရှင် ဆိုရင်လည်း ကိုကို့ကျေးဇူးရှင်ပဲ မဟုတ်လား..."

အရွယ်နှင့် ကိုသီဟတို့သည် လူချစ်လူခင်များနည်း သင်တန်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထားဆင့်ကို လက်ဆောင်ပစ္စည်းများနှင့်အတူ ကန်တော့ကြသည်။ ဆရာမကြီးက ဆုများပေးသည်။

"အေးကွယ်...ငါ့တပည့်မကြီးက သင်လိုက်တဲ့ အတိုင်း ကြိုးစားလုပ်လို့ အောင်မြင်သွားတာ ဝမ်းသာတယ်...ဂုဏ်လည်းယူတယ်..."

"အရွယ် ဆရာမကြီးက အရွယ့်ကို ဘယ်လို သင်ပေးလိုက်တာလဲဟင်..."

အရွယ်က သင်တန်းရောက်ပုံ၊ လေးငါးခြောက် ပတ်အထိ စိတ်တိုင်းမကျပုံ၊ စိတ်ညစ်ရပုံများ ပြောပြပြီးနောက် နောက်ဆုံးအပတ်တွင် ဆရာမကြီးက သူမကို ရုံးခန်းထဲခေါ်ပြီး အားမငယ်ရန်၊ စိတ်ဓာတ်မကျရန် သွန်သင်ဆုံးမပြီးနောက် ဆရာမကြီး ပြောသည့်နည်းအတိုင်း လိုက်နာလုပ်ကိုင်ရန် ကတိတောင်းသည်။ မိမိကလည်းကတိပေးပြီးနောက် တကယ့်ကို ယုံယုံကြည်ကြည်နဲ့ လိုက်နာလုပ်ကိုင်ကြောင်း ပြောပြသည်။

ထိုကဲ့သို့ လိုက်နာလုပ်ကိုင်ပြီး မကြာမီမှာ ကိုသီဟနှင့် မထင်မှတ်ဘဲ တွေ့ဆုံခဲ့ကြခြင်း ဖြစ်ကြောင်း၊ ကိုသီဟက မိမိကို ချစ်ခင်

ကြောင်း ပြောဆိုသောအခါတွင် မိမိကိုယ်ကို အောင်မြင်သွားသည့် အတွက် ဝမ်းသာကျေနပ်မိကြောင်း ဆရာမကြီး သင်ကြားလိုက်သော အချက်မှာကား...

ဤနေ့သာယာတယ်။

ပျော်ရွှင်တယ်။

စိတ်ချမ်းသာတယ်။

ငါနဲ့ထိတွေ့ဆက်ဆံသူများ ပျော်ရွှင်ပါစေ၊ စိတ်ချမ်းသာပါစေ။

ငါသည် တစ်နေ့ထက်တစ်နေ့ ပျော်ရွှင်သည်၊ စိတ်ချမ်းသာသည်။

ပြုံးပြုံးရွှင်ရွှင်၊ ကြည်ကြည်လင်လင်နှင့် နေထိုင်မည်။

ငါ့အပေါ်မှာ ချစ်ခင်ကြင်နာမည့် အိမ်ထောင်ကောင်းကို တွေ့ရမည်။

ဆိုသော အချက်ကို ဆရာမကြီးက ရှင်းပြတယ်၊ လက်တွေ့လိုက်နာခိုင်းတယ်၊ လက်တွေ့လုပ်ပြခိုင်းတယ်၊ ချက်ချင်း လုပ်ကိုင်ရန် ညွှန်ကြားတယ်။

အရွယ်သည် သူကျင့်သုံး လုပ်ကိုင်ခဲ့သောကြောင့် အိမ်ထောင်ကောင်းရရှိသကဲ့သို့ သူနှင့်ခင်မင်သူများ၏ အိမ်ထောင်ရေးအဆင်မပြေသူများကို ပြေလည်အောင် ကူညီပေးသည်။ အိမ်ထောင်ကောင်းရလိုသူများကိုလည်း ကူညီပေးသည်။ အားလုံးက အရွယ်၏ စေတနာ မေတ္တာကို အရွယ်သုံးပါးစလုံးက ဝမ်းသာအားရရှိလှ

ပေတော့သတည်း...။

※ သဘာဝတရား နည်းလမ်းထားခဲ့
အကောင်းမြင်စိတ် ပွားများစိတ်ကို
လေ့ကျင့်ပျိုးထောင် စိတ်အရောင်ကြောင့်
မြင်သမျှအပေါ် ချစ်ခင်သော်
ချစ်သူဂုဏ်ရှိ မေတ္တာပြည့်

※ သဘာဝတရား ဥပဒေထားခဲ့
မွေးမြူဆိုးစိတ် မေတ္တာပိတ်သည်
စေတနာယုတ်လျော့
အကောင်းစိတ်ပျောက်လျက်
ဘဝထိုထို အလှမပိုဘဲ
ဆင်းရဲများစွာ ကြုံရမှာသည်
ကြုံရသည်။

※ နနယ်စဉ်က ပြုပြင်ပါ။
အကောင်းစိတ်မွေး ကောင်းအောင်တွေး
အပြုစိတ်မွေး မေတ္တာပေး
ဘဝတစ်လျှောက် တိုးတက်ရသည်
အောင်မြင်မည်တည်း အောင်မြင်တည်း။ ။



၂၆
သုန္ဒရီဦး

# လှမ်းချူတော့မည့် သစ္စာရည်

အချစ်ဆိုတာ ...

ခွန်အားသတ္တိစွမ်းအားကိုပေးနိုင်တဲ့ သဘာဝတရားကြီးရဲ့ လက်ဆောင်တစ်ခုပဲ အသုံးပြုတဲ့အခါ မှားခြင်း မှန်ခြင်းဆိုတာ အချိန်အခါ အခြေအနေ ကာလဒေသ ပယောဂအပေါ်မှာ မူတည်ပြီး အသုံးပြုတတ်ဖို့ လိုတယ် ...

- လှမ်းချူတော့မည့် သစ္စာရည်
မြတ်နိုးတွယ်တာ ရှိရာကို
သစ္စာရည်စကား မေတ္တာများ
ပေးအပ်မည်လား...ပေးမည်လား။
- ချူလိုပါသည် ပန်းမြရည်
ပိုင်လိုပါသည် ပိုင်လိုသည်။
- အမြင့်ထက်လွှာ ပန်းမြတ်မဟာကို
သိမ်းဆည်းရင်မှာ ထားလိုပါလည်း
ရ မရ မသေချာ ဖြစ်နေရှာသည့်
အို...ပန်းမာလာ။

ပန်သစ္စာစံအိမ်ကြီးကို ရွာ၏အနောက်ဖျားတွင် ထီးထီးမားမားကြီး တွေ့ရှိရမည်ဖြစ်သည်။ အေးမြသာယာ စမ်းချောင်းကလေးသည် ပန်သစ္စာ စံအိမ်ကြီးဘေးမှ တသွင်သွင် စီးဆင်းနေပေသည်။ ကုမုဒြာကန်ကလေးမှာ ပန်သစ္စာစံအိမ်ကြီးထဲတွင် ကြာဖြူ၊ ကြာနီ၊ ကြာညိုများ ဖူးပွင့်စုံလျက် ရှုချင်စရာ ကောင်းလှပေသည်။

ဒေါ်မင်းအိုသည် တောင်ဝှေးတစ်ချောင်းကို ကိုင်လျက် ကုမုဒြာကန်လေးဘေးရှိ သစ်ပင်အောက် ခုံတန်းလေးပေါ်တွင်ထိုင်၍ ကန်ရေပြင်ကို ကြည့်ရင်း သန့်ရှင်းလတ်ဆတ်သော လေကို ခပ်ပြင်းပြင်း ရှူရှိုက်လိုက်သည်။ ဒေါ်မင်းအို၏ ဆံပင်များသည် နက်မှောင်

သန့်စွမ်းလျက်ရှိပြီး ဘီးဆံထုံးပတ်ထားကာ နားတွင်လည်း စိန်နားတောင်းကြီးနှစ်ခုမှာ တဖျတ်ဖျတ်လက်လျက် အတွဲအရွဲ ကျနေသည်။ ရင်ဖုံးအင်္ကျီကို ဝတ်ဆင်ထား၍ ရေးမြန်မာ အမျိုး သမီးပုံသဏ္ဍာန်မျိုး တွေ့ရသည်။

ဒေါ်မင်းအို၏ ခင်ပွန်းဦးသာစိန်သည် အစိုးရသူဌေးမင်းဘွဲ့ရ ချမ်းသာကြွယ်ဝသလို အင်္ဂလိပ်အစိုးရလက်ထက်တွင်လည်း ဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်ခံရသူ ဖြစ်သည်။ ယခု ဦးသာစိန် ကွယ်လွန်သွား သည်မှာ တစ်နှစ်ပင် မကြာသေးပေ။ သားသမီး၊ မြေးများကလည်း သူ့အိုး၊ သူ့အိမ်များဖြင့် တစ်နယ်စီ ဖြစ်နေကြသည်။ ဒေါ်မင်းအို ကိုယ်တိုင်လည်း ကိုယ်ပိုင်ကုမ္ပဏီရှိပြီး မည်သည့်သားသမီးမှ အားမကိုးဘဲ ယခု အသက် ခုနစ်ဆယ်ရှိသည့်တိုင် အလုပ်လုပ်နေဆဲ ဖြစ်သည်။

"အဘွား...ဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့"

ဒေါ်မင်းအိုသည် အတွေးများ ရုတ်တရက် ရပ်တန့်သွားကာ ကြည်လင်သော အသံဖြင့်

"အေး...အေး...လွှတ်လိုက်...လွှတ်လိုက်..."

ဒေါ်မင်းအို၏ အသံမှာ အရွယ်နှင့်မလိုက်အောင် ကြည်လင် သည်။ပြတ်သားသည်။ဩဇာအာဏာသံပါသည်။

ဒေါ်မင်းအိုသည် သူ့ရှေ့သို့ ရောက်ရှိလာသော မိန်းကလေးကို

ခြေဆုံး ခေါင်းဆုံး လျှပ်တပြက် ကြည့်လိုက်သည်။

"မိန်းကလေးက…ဘယ်ကတုန်း၊ ဘာကိစ္စနဲ့ လာတာတုန်း"

"ကျွန်မက ဒေါ်မင်းသူရဲ့ မြေးပါ…နာမည်က မသင်းမြတ်မွန်လို့ ခေါ်ပါတယ်ရှင်"

"သြော်…ငါ့မြေးက ဒီအရွယ်ရောက်နေပြီကိုး…"

"ညည်း အဖွားနဲ့ ငါနဲ့ကညီအစ်မ တစ်ဝမ်းကွဲ တွေပဲ… ကွဲနေကြတာ နှစ်ငါးဆယ်လောက် ရှိနေပြီ"

"ဟင်း…" ဒေါ်မင်းအိုသည် သက်ပြင်းတချက် ရှိုက်လိုက်ပြီး

"ညည်းအဖွားက မိဘသဘောမတူတဲ့ သူနဲ့ အိမ်ထောင်ပြုလိုက်တော့ ဆွေခန်း မျိုးခန်း ပြတ်ကြ တာပေါ့အေ…"

"ပြီးတော့…ညည်းအဖွားက ခေါင်းသိပ်မာတယ်… မာနကလည်း ကြီးတယ်… တဖွတ်ထိုးလည်း လုပ်တတ်တယ်…ဒါပေမယ့် ချီးကျူးစရာ ကောင်းတဲ့ အမျိုးသမီးပဲ…သူ့ ဒုက္ခကို သူကိုယ်တိုင်ပဲ ဖြေရှင်းတယ်…ဘယ်သူမှ အားမကိုးဘူး…သတ္တိရှိတယ်…သူ့မဆုံးခင်က ငါ့ဆီကို လူကြုံစကားပါးလိုက်ဖူးတယ်…သူ့မှာ မြေးလေး တစ်ယောက် ရှိတယ်တဲ့…အဖွားက ငါ့မြေးကို ဒီအရွယ်တောင် ဖြစ်လိမ့်မယ် မထင်မိဘူး"

"ကဲ…ညည်း အကြောင်းကို ပြောပါဦး"

"ကျွန်မ အသက် နှစ်ဆယ့်ငါးနှစ် ရှိပါပြီ… မဟာသိပ္ပံဘွဲ့ကို ဖြေဆိုအောင်မြင်ပြီးပါပြီ… မိဘတွေ မရှိကြတော့ပါဘူး… ငယ်ငယ်

လေးကတည်း က အဖွားသူက ကျွေးမွေးစောင့်ရှောက်ထားပါတယ် ...အခု အဖွားသူ မသေခင်က မှာကြားခဲ့တဲ့ အတိုင်း အဖွားဒေါ်မင်းအို ဆီသွားပါ...အဖွားရဲ့ကျေးဇူးရှိတယ်ဆိုပြီး အဖွားကို အလုပ်အကျွေး ပြုရမယ်လို့ မှာခဲ့ပါတယ်...အဖွားသူ မသေခင်က ရေးထားခဲ့တဲ့ စာ... ဟောဒီမှာပါ..."

"အေး...အေး၊ ပြီးတော့ ဖတ်ကြည့်တာပေါ့... ပြီးတာတွေလည်း ပြီးသွားပြီ...ထားလိုက်တော့"

"ဒါနဲ့...ငါ့မြေးကို မြင်လိုက်ရတဲ့အခါမှာ ညည်းအဖွားနဲ့ တူတဲ့ အချက်တွေ တွေ့ရတယ်..."

"ဒါပေမယ့်...ညည်းကတော့ ညည်းအဖွားလို အချစ်အတွက်နဲ့ စွန့်စားရဲတဲ့ သတ္တိရှိမှာ မဟုတ်ပါဘူး"

"ရှင်...ကျွန်မ..."

မသင်းမြတ်မွန် သည် ပထမအကြိမ် ဒေါ်မင်းအို၏ လူကဲခတ် ပညာကို အံ့ဩသွားမိသည်။

"အဖွားက လူကဲခတ်ပညာတွေ အများကြီး လေ့လာဖူးတယ်... ညည်း လမ်းလျှောက်သွားပုံကို ကြည့်ပြီး ပြတ်ပြတ်သားသား ဆုံးဖြတ်တတ်မယ်လို့ မြင်လိုက်ရတယ်..."

"ဒါပေမယ့်...လမ်းသွားတဲ့အခါ ညည်းလက်လွှဲပုံက အားမာန်နည်းနေတယ်...မျက်နှာနဲ့ ခေါင်းပိုင်းကို အကဲခတ်ကြည့်လိုက်တော့ ဆင်ခြင်တုံ တရား ရှိမယ်လို့ ဖော်ပြတယ်...ဒါတွေကို ပေါင်းစပ်ပြီး

အဖွားရဲ့အတွေ့အကြုံနဲ့ ပြောရရင် အချစ်အတွက်နဲ့ တဖွတ်ထိုး လုပ်မယ့်ပုံမရှိဘူးလို့ သုံးသပ်လိုက်တာဖြစ်တယ်..."

ဒေါ်မင်းအိုသည် စကားပြောရင်း မသင်းမြတ်မွန် ကို အကဲခတ်ကြည့်လိုက်သည်။

မသင်းမြတ်မွန်တစ်ယောက် ဒေါ်မင်းအို၏ ပြောကြားချက်များကို ကြားလိုက်ရသောအခါ သူ့ခံစားချက်နှင့် သူ့အတွေးများကို အဖွားများ ကြိုသိနေသလားဟုပင် ထင်မြင်မိပြီး ထိတ်လန့် အံ့သြသွား ပေသည်။

"ငါ့မြေး...မှတ်ထားဖို့စကားလေးတစ်ခု ကြိုမှာထားမယ်"

"အချစ်အတွက်နဲ့ စွန့်စားတယ်ဆိုတာ မိုက်ရူးရဲ ဆန်ခြင်း တစ်မျိုးပဲ..."

"အချစ်အတွက် မစွန့်စားရဲဘူးဆိုရင်လည်း ရူးသွပ်ခြင်း တစ်မျိုးပဲ..."

"အချစ်ဆိုတာ ခွန်အားသတ္တိစွမ်းအားကို ပေးနိုင်တဲ့ သဘာဝ တရားကြီးရဲ့ လက်ဆောင်တစ်ခုပဲ ...မလိုလားအပ်တဲ့ နေရာမှာ သုံးရင် မကောင်း တဲ့ ခွန်အားသတ္တိ ဖြစ်လာလိမ့်မယ် ...လိုအပ်တဲ့ နေရာမှာသုံးရင် အကျိုးရှိတဲ့ ခွန်အားသတ္တိကို ဖြစ် ပွားစေလိမ့် မယ်...အချစ်ကို အသုံးပြုတဲ့အခါ မှားခြင်း...မှန်ခြင်းဆိုတာ အချိန် အခါ...အခြေ အနေ...ကာလဒေသ...ပယောဂအပေါ်မှာ မူတည်ပြီး အသုံးပြုတတ်ဖို့ လိုတယ်"

"အချစ်ဆိုတာဟာ ဟောဒီ အေးမြသာယာ စမ်းချောင်းကလေး စီးဆင်းသလိုပါပဲကွယ် ... အေးမြသာယာစမ်းချောင်းကလေးဟာ သူ့သဘာဝ အရ စီးဆင်းနေတာပဲ ...အဲဒီလိုပဲ အချစ်ဆိုတာ ကလည်း သဘာဝတရားကြီးက သူ့အလိုလို ဖန်တီး ပေးထားတာ ဖြစ်တယ်"

"ဒီစမ်းချောင်းကလေးဟာ မိုးတွင်းကျရင် ရေတွေ ပြည့်လျှံပြီး မပြတ်မတောက် တသွင်သွင် စီးဆင်းနေပုံဟာ တွေ့မြင်ရသူအဖို့ ကြည်နူးမှု၊ ရွှင်လန်းမှု၊ ဝမ်းသာမှု၊ အေးမြမှုတွေကို အလိုလို ခံစားလာကြရတယ် ...ပြီးတော့ တသွင်သွင် စီးဆင်းနေတဲ့ ရေတွေလိုပဲ ချစ်နေကြတဲ့ ချစ်သူတွေရဲ့ နှလုံးသားမှာလည်း အချစ်တွေဟာ ချစ်ဇောအဟုန် ပြည့်လျှံနေသလိုပါပဲ"

"ဟော ...နွေအကူးမှာတော့ လေတစ်ဖြူးဖြူးနဲ့ စမ်းရေလေးတွေ ခမ်းခြောက်နေပုံကို တွေ့ရတော့ ပျော်နေတာတွေ လမ်းပျောက်ပြီး လွမ်းဆွေးစရာလို့ ခံစားလာရတယ် ...သဘာဝတရားကြီးရဲ့အလှည့်အပြောင်းမှာ ပူပြင်းမှုဒဏ်ကြောင့် စမ်းချောင်းလေးဟာ သူမှာမရှိမဲ့ ရှိမဲ့ အင်အားလေးတွေနဲ့ စီးဆင်းနေရရှာပုံကို တွေ့မြင်ရတော့ သနားစရာပါပဲကွယ် ...အဲဒီလိုပဲ ချစ်သူတွေမှာလည်း ပတ်ဝန်းကျင်ရဲ့ သောကအပူဒဏ်တွေကြောင့် ချစ်မေတ္တာရည်တွေ ခမ်းခြောက်ပြီး လမ်းပျောက်ကြရတယ်... ချစ်ဖော်မရှိလို့ ကွဲကွာနေကြရတဲ့သူတွေ ...အချစ်မဲ့လို့ အထီးကျန်နေတဲ့ သူတွေမှာလည်း နွေရာသီ

စမ်းချောင်းလေးလို အချစ်တွေ မပြည့်စုံလို့ ခမ်းခြောက်နေသလိုပဲ ပေါ့ကွယ်"

ဒေါ်မင်းအိုသည် အေးမြသာယာ စမ်းချောင်းလေးရှိရာဘက်သို့ လှမ်းမျှော်ကြည့်ရင်း လွမ်းဆွတ် တမ်းတသံဖြင့် ပြောပြနေရာသည်။

"ငါ့မြေး...ဟိုဘက်ကို လှမ်းကြည့်လိုက်စမ်းပါ...အဲဒီစမ်းချောင်းက ရေတွေကို ကောင်းမွန်စွာ အသုံးချပြီး ထွန်ယက်စိုက်ပျိုးနေတာ ငါ့မြေးတွေ့ရလိမ့်မယ်..."

"အဲဒီလိုပဲ ...အချစ်ဆိုတာလည်း ကောင်းမွန်စွာ ထွန်ယက်စိုက်ပျိုးတတ်ဖို့ လိုတယ် ငါ့မြေး..."

"ဒီဘက် ကမ်းကို ငါ့မြေး လှမ်းကြည့်လိုက်ပါဦး... စမ်းချောင်းလေးဘေးမှာ ရှိတဲ့ ပြုပြင်မယ့်သူ မရှိလို့ ပျက်စီးယိုယွင်းနေတဲ့ မြေကွက်လပ်လေး...ရွံ့တွေ ဗွက်တွေ ချုံနွယ်အမှိုက်တွေနဲ့ တန်ဖိုးရှိအောင် မသုံးဘဲ ပစ်ထားလိုက်ကြတာ ... စမ်းချောင်းလေးလည်း ဘာမှ ပြောပိုင်ခွင့် မရှိဘဲ ခွင့်ပြုထားရတာပဲ မဟုတ်လား...အဲဒီလိုပဲ အချစ်၊ မေတ္တာ၊ သစ္စာတရားတွေကို တန်ဖိုးမရှိအောင် ပစ်ထားလိုက်မယ်ဆိုရင် စမ်းချောင်းလေးနဲ့တူတဲ့ သဘာဝတရားကြီးက ပေးတဲ့ အချစ်တွေဟာလည်း အသုံးမဝင်တော့ဘဲ မှေးမှိန်ပျောက်ကွယ်သွားတော့တာပဲ...ငါ့မြေး"

မသင်းမြတ်မွန်သည် အဖွားဒေါ်မင်းအို၏ စကား များကို နားထောင်ရင်း သူ့ကိုယ်သူ ဆင်ခြင် သုံးသပ်နေမိသည်။ အဖွား

ဒေါ်မင်းအိုအကြောင်းကိုလည်း စဉ်းစားနေမိသည်။

"ညည်းတို့ခေတ်နဲ့ အဖွားတို့ခေတ်က မတူဘူး...အဖွားတို့က ကိုလိုနီနယ်ချဲ့တွေရဲ့ ဖိနှိပ်မှုအောက်က ကိုယ့်တိုင်းပြည်နဲ့ တို့အမျိုးသမီးထုအတွက်...ကိုယ်တတ်စွမ်းသမျှ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး လွတ်လပ်ရေးရအောင် တိုက်ပွဲဝင်ခဲ့ကြရတယ်..."

တစ်ချိန်က အဖွားဒေါ်မင်းအိုသည် နာမည်ကျော် စာရေး ဆရာမကြီး တစ်ဦးဖြစ်သည်။ စာရေးကောင်းသည့်အလျောက် စကားပြော အလွန်ကောင်းသည်။ လူကဲခတ်ရာတွင် ကျွမ်းကျင် သည်။ စည်းစနစ်ကျသည်။ ရုပ်ရည်ကလည်း ချောမောခန့်ညား လှသည်။ ပျိုရွယ်စဉ်က ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင် မဟုတ်ပါ လား...။

"ဒါဆို...အဖွား...ငယ်ငယ်က အချစ်ဆိုတာကို ခံစားဖူးခဲ့မှာ ပေါ့နော်..."

မသင်းမြတ်မွန်အတွက်တော့ အချစ်ဆိုတာ ပူလောင်လှပါ သည်။ ဒါကြောင့် အဖွား၏ ချစ်မေတ္တာအကြောင်းကို စိတ်ဝင်စားစွာ မေးမြန်းလိုက်မိသည်။

"အချစ်ဆိုတဲ့ အစို့အညှောင့်ကလေးတွေ ပေါက်ပွားစပြု တဲ့အချိန်က အဖွားလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ စိတ်ကူးယဉ် ခဲ့မိတာ ပေါ့ကွယ်..."

အဖွားသည် ငယ်ရွယ်စဉ်ကို ပြန်လည် တမ်းတ မှန်းမျှော်ကာ ကန်ရေပြင်ကို ကြည့်လျက် ကန်ရေပြင်က အရိပ်များဟာ အတိတ်က

အရိပ်များပမာ လွှမ်းခြုံလာပြီး ငယ်မူငယ်သွေးများ သူမမျက်နှာတွင် ထင်ဟပ်နေပေတော့သည်။

အဖွားသည် ရှက်ပြုံးတစ်ချက်ပြုံးလိုက်ပြီး

"အဖွားကို အရူးအမူး ချစ်ခဲ့ဖူးတဲ့ ကိုဇော်ဆိုတာရှိခဲ့ဖူးတယ်... အပြည့်အစုံကတော့ ကိုချစ်ဇော်ပေါ့အေ..."

"ငယ်ရွယ်သူ မိန်းကလေးဆိုတာက လေတိုက် တာလေးကို ကြည့်ပြီး စိတ်ကူးယဉ်တတ်ကြတယ်...သစ်ရွက်ကလေးတွေ လှုပ်တာကြည့်ပြီးလည်း စိတ်လှုပ်ရှားကြတယ်...အဲဒီအချိန်မှာ ကိုချစ်ဇော်နဲ့ အဖွားက ကျောင်းနေရင်းက တဖြည်းဖြည်း ရင်းနှီးပြီး ပွင့်ပွင့်လင်းလင်း ပြောရရင် ချစ်သူဘဝ ရောက်ကြတယ် ဆိုပါတော့ ကွယ်...အဲဒီချိန်မှာ စာတွေပေတွေ...စရေးခါစ စာရေးဆရာမ ပေါက်စပေါ့...အဲဒီမှာ အသိတရားနဲ့ သတိထားပြီး စိတ်ကို အချိန်မီ ထိန်းချုပ်နိုင်ခဲ့တယ်..."

"ကိုချစ်ဇော်က စိတ်ကို လွှတ်ပြီး အချစ်နယ်ထဲ ဖွတ်ခေါ်ချင် တယ်...ဒါနဲ့ အဖွားက လမ်းခွဲလိုက်ရတယ်...ညည်းတို့ အဖိုး ကိုသာစိန်နဲ့ကျတော့ တွေ့ပုံက ကိုချစ်ဇော်နဲ့ မတူပြန်ဘူး၊ အချစ်ကို ရှေ့တန်းမတင်ဘဲ မေတ္တာနဲ့ စေတနာကို အလေးထားပြီး အဖွားကို ချဉ်းကပ်လေ့လာတယ်၊ ချစ်တဲ့စကား တစ်လုံးမှ မပြောဘူး... အဲဒီအခါကျမှ အဖွားရင်ခုန်မှု အစစ်ကို ခံစားလာရတော့ တယ်... ဘာလို့ခံစားရသလဲဆိုတော့ ကိုသာစိန်ရဲ့လေးစားစရာ ကောင်းတဲ့

အမူအယာ၊ ခင်မင်စရာကောင်းတဲ့ အပြုအမူ၊ ယောကျ်ား ပီသတဲ့ အနေအထိုင်တွေဟာ မိန်းမပျိုလေးတစ်ယောက်အတွက် မဆွတ်ခင်ကညွှတ်ချင်သလား မပြောတတ်ပါဘူးကွယ်…အဲဒီမှာ နောက်တစ်ယောက်က ပေါ်လာပြန်ရောငါ့မြေးရယ်…ဥစ္စာပေါ… ရုပ်ချော… ပညာတတ် အရာရှိကလေး ကိုမင်းညိုတဲ့ …သူက တော်တော် ချောတော့ မြင်လိုက်ရတဲ့ မိန်းကလေးတိုင်းဟာ ငေးယူရလောက်အောင် ဖြစ်ကြတယ်… မိန်းကလေးတွေ ပတ်ချာလည်ဝိုင်းနေတဲ့ သူပေါ့ ငါ့မြေးရယ်…အများနဲ့ မတူတဲ့ အဖွားကို စိတ်ဝင်စားတကြီးဖြစ်လာတယ်…နောက်ဆုံးမှာ ချစ်ရေးဆိုရုံမက လက်ထပ်ဖို့အထိ ပြောဆိုလာတယ်… ကိုမင်းညိုကို တွေ့လိုက်တာနဲ့ အဖွားစိတ်ထဲမှာ တစ်မျိုးခံစားလိုက်ရတယ်…ဒီခံစားချက်က ကိုသာစိန် အပေါ်မှာ ခံစားရတဲ့ ခံစားချက်မျိုး မဟုတ်ပြန်ဘူး…"

"အဖွားတို့ မိန်းကလေးတွေမှာ သဘာဝက ပေးထားတဲ့ အကာအကွယ်၊ အတားအဆီး အသိဉာဏ်တွေရှိတယ်…ဥစ္စာပေါ ရုပ်ချော ပညာတတ်ဖြစ်လို့ မိန်းကလေးတွေ ဝိုင်းနေကတည်းက တချိန်ချိန်မှာ အိမ်ထောင်ရေး အနှောင့်အယှက် ဖြစ်မယ်လို့ တွေးလိုက်မိတယ်… ကိုသာစိန်ကို အိမ်ထောင်ပြုရန် ဆုံးဖြတ်ပြီးတဲ့နောက် ကိုမင်းညိုဟာ အဖွားတွေးသလို မှန်နေတာကို တွေ့ရတယ်…"

"အဲဒါက ဘာလဲဆိုတာ သိလား…"

"လူဆိုတာ ရချင်တာကို လွယ်လွယ်ရရင် တန်ဖိုးနည်းတတ်ကြ

တယ်…ရချင်တာကို ခက်ခက်ခဲခဲရရင်လည်း တန်ဖိုးလျှော့တတ်ကြတယ်…"

"အဲဒီနောက် အဖွားဟာ ကိုသာစိန်နဲ့ အိမ်ထောင်ကျပြီး အတွေ့အကြုံအစုံ ရတာပေါ့ကွယ်… ပြည်သာယာမြို့ကြီးမှာ အဖွားတို့တိုက်တွေ ခြံတွေ ကားတွေနဲ့ အေးအေးချမ်းချမ်း စီးပွားလုပ်ပြီးနေထိုင်ခဲ့ကြတယ်…ပြည်သာယာမြို့နဲ့ ဆယ့်ငါးမိုင်လောက် ဝေးတဲ့ပန်သစ္စာစံအိမ်ကြီးက အဖွား ငယ်ငယ်တုန်းက ကြီးပြင်းလာခဲ့တဲ့နေရာလေးတစ်ခု ဖြစ်လို့ အဖွားက အေးဆေးငြိမ်သက်တဲ့အတွက်ဒီအိမ်မှာ လာနေတာပေါ့ကွယ်…ငါ့မြေးက အဖွားနဲ့ နေမှာဆိုတော့အဖွား ဖြစ်စေချင်တာတွေကို သေသေချာချာ မှတ်ပြီး လိုက်နာလုပ်ကိုင် ဆောင်ရွက်ဖို့ လိုတယ်…"

"ဟုတ်ကဲ့…အဖွား ကျွန်မ အသေးစိတ် မှတ်သားပြီး လိုက်နာလုပ်ကိုင် ဆောင်ရွက်ပါ့မယ်"

"အေးကွယ်…သာဓု…သာဓု…သာဓု ငါ့မြေးလေး ကျန်းမာချမ်းသာပါစေ…"

"ကျွန်မ…ဒီပစ္စည်းတွေကို လက်မခံနိုင်ပါဘူး…"

"ဗျာ…" "ဟင်…"

"အခါတိုင်းလည်း ကျွန်တော် ပို့နေကျပဲ… ဘာဖြစ်လို့ ဒီတစ်ခါလက်မခံနိုင်တာလဲ ခင်ဗျာ…"

"အခါတိုင်း လက်မခံတာ လက်ခံတာကို ကျွန်မ မသိဘူး... ဒါပေမယ့် ကျွန်မလက်ထက်မှာ လက်မခံနိုင်ပါဘူး..."

"ဘာဖြစ်လို့လဲခင်ဗျာ..."

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်မကို လက်ဆောင် ပေးလို့ ဖြစ်တယ်...ပြီးတော့ ပစ္စည်းတွေဟာ အဆင့်မမီတာ တွေ့ရတယ်... နောက်ကိုလက်ဆောင်လည်းမပေးပါနဲ့...ရှင်တို့ပစ္စည်းတွေ ကိုသာ အဆင့်မီမီ ပို့နိုင်အောင် ကြိုးစားပါ..."

"မန်နေဂျာဦးထွန်းမင်း...အခုလို ရိုးသားမှု မရှိတာတွေ မလုပ်ပါနဲ့... နောက်တစ်ခါ ဖြစ်ရင် ရှင့်ကို အလုပ်က ထုတ်ပစ်ရလိမ့်မယ်..."

ဦးထွန်းမင်းသည် နှစ်နှစ်ဆယ်ကျော်ကြာ ပန်သစ္စာကုမ္ပဏီတွင် လုပ်ကိုင်နေသူဖြစ်ရာ ယခုတော့ဖြင့် အပွဲပွဲ နွဲ့သမျှ အခက်ကြုံရ ပေပြီ...။

"မအေးမြ...ဒီပစ္စည်းတွေဟာ ဖိတ်လို့ ပေါက်လို့ပါလား... သယ်လို့ပို့လို့ ဖိတ်စင်ယိုကျနေတာ တွေကို ရှင်ဘာဖြစ်လို့ မလုပ် တာလဲ...သုံးသင့်တဲ့နေရာမှာသုံးပါ...စည်းကမ်းလိုက်နာပြီး ကြိုးစား တဲ့လူကို ပေးကမ်းရက်ရောပါ...အလုပ် သမားတွေ ခေါ်ပြီးအမြန်ဆုံး သန့်ရှင်းရေး လုပ်လိုက်ပါ..."

မအေးမြသည် သူ့ထက်အသက်ငယ်ပြီး မနေ့တစ်နေ့မှ ရောက်ရှိ လာသော ဤမိန်းကလေးကို မကျေမနပ် ဖြစ်နေမိသည်။

"ကိုသာထူး...ကားကို သန့်ရှင်းရေး လုပ်ထားပါ..."

"ဟုတ်...ဟုတ်ကဲ့ပါ"

"ရှင်က ဟုတ်ကဲ့ပါပြောနေတယ်...မနက် စောစောကတည်းက လုပ်ရမယ့်အလုပ်ကို အခုချိန်ထိ မလုပ်သေးဘူး...ကားမောင်းတဲ့ သူဟာ မနက် လင်းတာနဲ့ ဆေးကြောသန့်စင်ပြီး ကားရဲ့ဆီ၊ရေ၊ လေ၊ ဝိုင်၊ အင်ဂျင်ကို ဂရုမစိုက်မိရင် ကြာလာတော့ ကားက ချို့ယွင်းချက်နဲ့ ဒုက္ခပေးတော့မှာပေါ့... မဟုတ်ဘူးလား"

"မမလေးရေ...ဒုက္ခတော့ရောက်ပြီ..."

"ဟဲ့...ဘာဖြစ်လာတာတုန်း...အလန့် တကြားဖြစ်လိုက်တာ"

"ဟို...ဟို...ကုမ္ပဏီဝန်ထမ်းတွေက မမလေးနဲ့ အတူ အလုပ် မလုပ်နိုင်ဘူးဆိုပြီး သူဌေးမကြီးဆီ အလုပ်ထွက်ကြဖို့ ပြောနေကြ တယ်..."

မသင်းမြတ်မွန်သည် ထိုစကားကို ကြားလိုက်သောအခါ တည် တည်ငြိမ်ငြိမ် လေးလေးနက်နက် စဉ်းစားနေမိသည်။

အဖွားဒေါ်မင်းအို၏ စာဖတ်ခန်းတွင်း၌ တလေးတစား မတ်တပ် ရပ်နေသော မသင်းမြတ်မွန်ကို တွေ့ရသည်။

"ဝန်ထမ်းတွေက ညည်းနဲ့ အလုပ်မလုပ်နိုင်ဘူးတဲ့ ...အဲဒါ ညည်းက ဘာပြောချင်သေးလဲ"

"အဖွား...အမှန်ကိုအမှန်အတိုင်း ကျွန်မပြောရမလား..."

အဖွားဒေါ်မင်းအိုသည် တည်ငြိမ်သော အသံဖြင့် ပြောနေသော မသင်းမြတ်မွန်ကို အကဲခတ်ကြည့်လိုက်သည်။

"ညည်းပြောတာ...မမှန်ရင်လည်းမမှန်တဲ့အကြောင်းအဖွားက သိတယ်...ဒါပေမယ့် မကြိုက်ဘူး...ဘယ်တော့မှ မမှန်တာကို မပြောနဲ့"

"ဘာဖြစ်လို့လဲဆိုရင် မမှန်တာ ပြောတဲ့လူဟာ စိတ်ထား မမှန်ဘူး၊ မရိုးသားဘူး၊ လူလိမ်၊ လူညာ ဖြစ်လို့ပဲ...အဖွားက လူမှန် လူတော်ကိုပဲ လိုချင်တယ်..."

"မြန်မြန်ထွက်သွားရင် အဖွားအတွက် ဒုက္ခ အေးလိမ့်မယ်"

ရှိသေလေးစားစွာဖြင့် မတ်တပ်ရပ်၍ ကြည် ကြည်သာသာ ဖျောင်းဖျပြောဆိုနေသည်ကို ဒေါ်မင်းအိုသည် အစ အလယ် အဆုံး ခြေဆုံးခြေဖျား ကြည့်ပြီး ခေါင်းတညိတ်ညိတ် ဖြစ်နေပေသည်။

"အေး...ငါ့မြေး မနက်ဖြန် ပြည်သာယာမြို့ကိုသွား ...အဖွား ရေးပေးလိုက်တဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့ပြီးညည်းစိတ်တိုင်းကျ ဆက်လုပ် ဟုတ်လား"

"ကျွန်တော်... နေထွန်းပါခင်ဗျာ..."

"ဟုတ်ကဲ့ ...တွေ့ရတာ ဝမ်းသာပါတယ်ရှင် ...ကျွန်မက သင်းမြတ်မွန်ပါ..."

"ကိုနေထွန်းနဲ့ ကျွန်မက အသက် မတိမ်းမယိမ်းဆိုတော့ လေးစားတာတွေ...တရိုတသေတွေမလုပ်ပါနဲ့ ...ကျွန်မက ပါးစပ်က လေးစား နေတာထက် လက်တွေ့တာဝန်သိတာ ...တာဝန် ကျေတာ ကိုပဲ လိုချင်တယ်...အခု ရှင်နဲ့ကျွန်မက တစ်လှေတည်းစီး တစ်ခရီး

တည်းသွားရမယ့် သူတွေ ဖြစ်နေကြပြီ..."

"အခု ကျွန်မတို့ အလုပ်စကြစို့...ဒီ စာရင်းထဲမှာ ပါတဲ့ အလုပ်သမားတွေကို လိုချင်တယ်... နှစ်ပတ်အတွင်း ရအောင် ရှာပေးပါ..."

ကိုနေထွန်းသည် ပြတ်သားသော စကားလုံးများနှင့် တည်ငြိမ်လှသော မသင်းမြတ်မွန်၏ လုပ်ဆောင်ချက်များကို မှင်သက်စွာ ကြည့်ကာ စိတ်ထဲတွင် ကြိတ်ပြီး ချီးကျူးနေသည်။

"ကဲ...ဒေါ်မြဦးက ချက်ပြုတ်တဲ့လူ၊ ဖွတ်လျှော်မယ့်လူ၊ သန့်ရှင်းရေး လုပ်မယ့်လူ အဖွားအတွက် ဝေယျာဝစ္စလုပ်မယ့် လူတွေကို ဒေါ်မြဦး ကိုယ်တိုင် စစ်ဆေးပြီး ကျွန်မကို ရွေးပေးပါ..."

"အဘထိန်ရေ ကျွန်မကို ကူညီပါဦး..."

"အဖွားက ပြောတယ်...နောက်ဆုံး ဘာမှလုပ်မရတဲ့ အချိန်မှာ အဘထိန်ဆီ သွားတဲ့ ...အခုကျွန်မ ဘာမှ လုပ်မရအောင် အခက်ကြုံနေတယ်..."

"အေး...အစ်မကြီးက ညည်းမလာခင် တစ်ပတ်လောက်ကတည်းက ကြိုတင် အကြောင်းကြားထားတယ်... ညည်းအကြောင်းကိုတော့ အစ်မကြီးဆီက အသေးစိတ် စာရေးပြီး ပြောပြထားတာ ရှိတယ်..."

"ပထမဦးဆုံး အဘထိန်ဆီက အကူအညီ မယူခင်မှာ ညည်းဆီက အဘထိန်လိုချင်တာတွေ ကူရလိမ့်မယ်...အဲဒါက ညည်းအတွေ့အကြုံနည်း နေတာ၊ ဗဟုသုတ အားနည်းနေသေးတယ်၊

ဒါတွေ ကတော့ ငွေနဲ့ ဝယ်လို့မရဘူး၊ တန်ဖိုးမဖြတ်နိုင်ဘူး သင်ယူလို့ လည်း မပြည့်စုံနိုင်ဘူး၊ လက်တွေ့လုပ်မှ ရရှိတဲ့ အကျိုးတွေပဲ ...''

''အဲဒီတော့ ...အဘထိန်ဆီမှာ တစ်လတိတိ သင်တန်းတက်ရ လိမ့်မယ်...''

''ဟုတ်ကဲ့ပါရှင့် ...အဖွားကလည်း သေချာ မှာကြားလိုက်ပါ တယ် ...ကျွန်မ မနက်ဖြန်ခါကစပြီး အချိန်ပြည့် သင်တန်းတက် ပါ့မယ်...''

''အေး...အရင်လူတွေလို ထွက်တော့ မပြေး လောက်ပါဘူးနော် ဟဲ...ဟဲ...ဟဲ''

အဘထိန်သည် သူ့သူဌေးမကြီးထံမှ ကြားသိရပြီး ဖြစ်သော ကြောင့် သဘောကျပြီး ရယ်မောလိုက်ခြင်းဖြစ်သည်။

''ငါ့မြေး...ညည်း အိမ်ထောင်ပြုမှ ဖြစ်မယ်...''

''ဟုတ်ကဲ့ အဖွား...ကျွန်မလည်း ပြုသင့်တဲ့ အချိန်ရောက်ပြီလို့ ထင်ပါတယ်...အဖွား''

''ညည်းကြိုက်တာ ရွေးမလား...အဖွားကြိုက်တာ ယူမလား...''

''အဖွားသဘောကျတာလည်း မယူနိုင်ဘူး... သမီးကြိုက်တာ လည်းမရွေးဘူး...အဖွားနဲ့သမီး နှစ်ဦးလုံး သဘောကျမယ့်သူကို ရွေးမယ်''

''အေး...ညည်းကို စတွေ့တုန်းက ပြောခဲ့ တယ်မဟုတ်လား... အိမ်ထောင်ရေးနဲ့ ပတ်သက် ပြီး စွန့်စားရဲတဲ့ သတ္တိ ညည်းမှာ

မရှိဘူးဆိုတာ အခုမှန်နေပြီမဟုတ်လား…"

မြေးအဖွားနှစ်ယောက်တို့သည် သတို့သားလောင်းကို သတိထားပြီး ရှာဖွေကြပေသည်။ စိတ်တိုင်းကျသူ မတွေ့ရပေ။ သူတို့လိုချင်သော အချက်မှာ ရည်ရွယ်ချက်တိကျစွာ ရှိပြီး စိတ်ရှည်သည်းခံကာ တာဝန်၊ လုပ်ငန်းနှင့် မေတ္တာ၊ သစ္စာကို ခွဲခြမ်း စိပ်ဖြာနားလည်သူ၊ လိုက်နာနိုင်သူကို အလိုရှိကြသည်။

"မောင်အုံ့ဖွယ်"

အသက်အားဖြင့် သုံးဆယ်ဝန်းကျင်ခန့်၊ အရပ်အမောင်းကောင်းကောင်း၊ အသားက ခပ်လတ်လတ်၊ ခန္ဓာကိုယ် ဖွံ့ဖြိုးသန်မာသည်။ သူ၏ ပိရိသောနှုတ်ခမ်းသည် တိကျပြတ်သားမှုကိုဖော်ပြနေသည်။ သူ၏စူးရှတောက်ပသော မျက်လုံး၊ အားကောင်း လှသော မျက်ခုံးများသည် အရာရာကို ခွဲခြမ်းစိတ်ဖြာနိုင်သည့် အရည်အချင်းများ ရှိသည်ကို ဖော်ပြနေသည်။ အထူးခြားဆုံးမှာ သူ၏ နားရွက်များ ဖြစ်သည်။ နားရွက်၏ အပေါ်ပိုင်းသည် ကားသည်။ ထူသည်။ နားအသီးသည် ကြီးသည်။ ထိုနားရွက် ပိုင်ရှင်မျိုးသည် အမြင်အကြား ဗဟုသုတစုံပြီး အစွမ်းကုန် သည်းခံစိတ်ရှည်မည့်သူဖြစ်ကြောင်း ဖော်ပြနေပေသည်။ သူ၏ ပညာအရည်အချင်းမှာ မဟာဝိဇ္ဇာ ဒဿနိကဗေဒဖြစ်သည်။ နိုင်ငံခြား တိုင်းပြည် အများအပြားကို ရောက်ဖူးသည်။ ဘာသာစကား သုံးလေးမျိုး တတ်ကျွမ်းသည့်အပြင် ကွန်ပျူတာလည်း ကျွမ်းကျင်သည်။

"ငါ့မြေးရေ...မောင်အုံ့ဖွယ်ကို ဘယ်လို သဘောရလဲ..."

"ကျွန်မတို့ တွေ့ခဲ့တဲ့သူတွေ အတော်များများ ထဲမှာတော့ ကိုအုံ့ဖွယ်က စဉ်းစားသင့်တဲ့ ပုဂ္ဂိုလ်ပဲ... အဖွား..."

"အေး...ငါ့မြေး လူကဲခတ်မဆိုးဘူး... ဆက်ပြီး လေ့လာဦး... ပြီးတော့ လွတ်လွတ်လပ် လပ် ဆုံးဖြတ်ပေါ့ဟုတ်လား..."

"ဟုတ်ကဲ့ပါ...အဖွား"

"ကိုအုံ့ဖွယ်...ကျွန်မနဲ့ လက်ထပ်ဖို့ ရှင့်မိဘများက ပြောမယ်လို့ ထင်ပါတယ်"

"ဟုတ်ကဲ့...ပြောထားပါတယ်"

"ကျွန်မအပေါ်မှာ ရှင်ဘယ်လို မြင်သလဲ...ပွင့် ပွင့်လင်းလင်း ပြောပါ...ကျွန်မ အကြောင်းနဲ့ ကျွန်မအမူ အကျင့်တွေကို ရှင်သိသင့်သလောက် သိပြီး ဖြစ်လိမ့်မယ်...ရှင့် အကြောင်းနဲ့ ရှင့်အမူ အကျင့်တွေကိုလည်း ကျွန်မ သိပြီးသလောက် ရှိပါတယ်... အဲဒီတော့ ကျွန်မတို့ နှစ်ယောက် လက်တွဲပြီး အလုပ်လုပ်ကြမယ် မကောင်းဘူးလား"

"ဟုတ်ကဲ့...မသင်းမြတ်မွန်ဆီက ဒီလို ပွင့်လင်းတဲ့ စကားကြားရတာ လေးစားပါတယ်..."

ကိုအုံ့ဖွယ်နှင့် မသင်းမြတ်မွန်တို့သည် နှစ်ဦးသား တိုင်ပင်ပြီး ဆွစ်ဇာလန်နိုင်ငံသို့ သင်တန်းတက်ရန် သွားရောက်ခဲ့ကြသည်။

ကြယ်ငါးပွင့်အဆင့်ရှိ ရဇ်(စ်)ဟိုတယ်ကြီးတွင် တည်းခိုနေ

ထိုင်ကြသည်။ သင်တန်းအတူတက်စဉ် တစ်ဦးကို တစ်ဦး လေ့လာနိုင်ကြသည်။ အတူတူ တည်းခိုကြစဉ် စားသောက်နေထိုင်မှုများကို အကဲ ခတ်ကြသည်။ မြန်မာ့ယဉ်ကျေးမှုအရ ကြည့်လျှင် မိန်းမပျိုတစ်ဦးနှင့် ယောကျ်ားပျိုတစ်ဦး အတူသွား၊ အတူလာ၊ အတူစား၊ အတူတူ သင်တန်းတက်ပြီး လက်ပွန်းတတီး သွားလာနေထိုင်နေကြသည်မှာ ထူးဆန်းနေပေလိမ့်မည်။

တစ်လခန့်အကြာတွင် ကိုအံ့ဖွယ်သည် သူ၏နှလုံးသားမှ အသည်းစကားများ ပြောကြားမိပေတော့သည်။

မသင်းမြတ်မွန်သည်လည်း သူ၏ရင်ခုန်မှုကို ရင်တုန်မှုများနှင့်အတူပြသလာသည်။ ကိုအံ့ဖွယ်၏အသည်းစကားပြောသည်ကို မခွဲခြားနိုင်လောက်အောင် လှုပ်ရှားလာမိသည်။

ဤသို့ဖြင့် သုံးလခန့်အကြာ၌ သူတို့ နှစ်ဦးသည် ဆွစ်ဇာလန်မှ ထွက်ခွာလာကြရာ ကိုအံ့ဖွယ်သည် ဂျာမနီနိုင်ငံသို့ ခရီးဆက်သည်။ မသင်းမြတ်မွန်က အင်္ဂလန်သို့ ခရီးဆက်ခဲ့သည်။ အကြောင်းရင်းမှာ မြန်မာပြည်မှ ထွက်သော ကောက်ပဲသီးနှံများကို နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် ဖြစ်သည်။

- အချစ်ဆိုတာ၊ ချိုမြိန်စရာဟု
  အရွယ်ရောက်သူ၊ ပေါက်ဖွားယူကြ။
- မေတ္တာဆိုတာ၊ အေးမြစရာဟု
  လူတိုင်းရင်မှာ၊ တွေးဆစေရာ။
- အရွယ်ရောက်တိုင်း၊ ဘဝအပိုင်းကို
  လက်တွဲထူထောင်၊ တို့အိမ်ထောင်သည်
  လိုအပ်စမြဲ...လိုအပ်မြဲ။
- အချစ်ကိုရှာ၊ အပြစ်မပါသင့်
  တူနှဲ့အိမ်ထောင်၊ များလူဘောင်တို့
  ဦးနှောက်နလုံး၊ မှန်စွာ သုံးသင့်။

"မြလေးဝေရယ် ခဏလေးတွေ့ပြီး အိမ်ထောင်ပြုလိုက်တာ အခုတော့ ကလေးတစ်ယောက်နဲ့ ညည်း ဒုက္ခရောက်ရပြီ မဟုတ်လား..."

"မြမဥ္ဇူရယ်...အလှလှစ်ထူပြီး အိမ်ထောင် ထူထောင်လိုက်တာ အခုတော့ မသာယာဘူး မဟုတ်လား..."

မြလေးဝေ...မြမဥ္ဇူ...သင်းမြတ်မွန်

သူငယ်ချင်းသုံးယောက်တို့သည် ပန်သစွာအိမ်ကြီးတွင် တွေ့ဆုံကြပေသည်။

သင်းမြတ်မွန်သည် အသည်းကွဲဖူးသည်ကိုလည်း သူတို့ သိသည်။ အတွဲများနှင့် ခွဲခဲ့သည်ကိုလည်း သူတို့ နားလည်သည်။

အပျိုကြီး လုပ်တော့မည်ဟု မိမိတို့ တွေးခေါ်ထားမိကာမှ ယခုတော့ဖြင့် မင်္ဂလာဖိတ်စာရ၍ ပန်သစ္စာစံအိမ်ကြီးတွင် သူငယ်ချင်း သုံးယောက်တို့ ပြောမကုန်နိုင်လောက်အောင် စကားတွေ ဖောင်ဖွဲ့နေမိကြသည်။

"ကိုရေ...ဒါမွန့် အချစ်ဆုံး သူငယ်ချင်း နှစ်ယောက်လေ"

"ဟုတ်ကဲ့ပါခင်ဗျာ...တွေ့ရတာ ဝမ်းသာပါတယ်...ကျွန်တော့်ကို လည်း တရင်းတနီး ဆက်ဆံပါ...တခင်တမင်နေကြပါ...ပြောကြပါ"

"သူငယ်ချင်းဆိုတာ...ဘဝ တစ်လျှောက်လုံးအတွက် အိုအေစစ် ငယ်လေးတစ်ခုလိုပါပဲ...ကြုံရ ဆုံရတဲ့ ဘဝတစ်ကွေ့မှာ ပူပြင်း ခြောက်သွေ့လှတဲ့ သဲကန္တာရကြီးထဲ အေးမြတဲ့ အိုအေစစ်လေး တွေ့လိုက်ရသလို သူငယ်ချင်းနဲ့ တွေ့ဆုံရတာဟာ အလွန် စိတ်ချမ်း သာစရာ ကောင်းလှပါတယ်...ပြီးတော့လည်း တခါတလေမှ တွေ့ကြ၊ ဆုံကြရတာ မို့လား..."

"မြတ်မွန် အမျိုးသားက တို့ထင်တာထက် ပိုပြီး တော်နေတယ် နော်... သူငယ်ချင်း လူရွေး တော်တယ်ကွာ..."

"သူငယ်ချင်းတို့ရေ...တို့ကို အထင်မကြီးကြ နဲ့ဦး...အဖွားရဲ့ ကျေးဇူးတွေကြောင့်ပေါ့ကွာ ... အဖွားရဲ့ သွန်သင်ဆုံးမမှုတွေက ကိုယ့်ဘဝကို ပြောင်းလဲသွားစေတယ်...အဘထိန်ဆီမှာ ဘဝအောင်မြင် တိုးတက်မှု သင်တန်း တစ်လတက်လိုက်တာ ကိုယ့်အကြောင်းကိုယ် သိလာတယ်...ကိုယ့်စိတ်ကို ကိုယ်နားလည်

လာတယ်...သူများရဲ့စိတ် ကိုလည်း သိလာတယ်...ကိုယ့်စိတ်ကို ထိန်းနည်း သိမ်းနည်း လိုက်နာနည်း ကျင့်သုံးနည်းတွေကျွမ်းကျင်လာတယ်..."

"ကိုယ့်အမျိုးသားမှာ အထင်ကြီးစရာ၊ လေးစားစရာ၊ အားကိုးစရာတွေ အတော်များများ တွေ့ရတယ်...ယောကျ်ားကောင်း ယောကျ်ားမြတ် ပီသတယ်...ကိုယ်တို့ အိမ်ထောင်ရေးမှာ အိမ်ထောင်တာဝန်ရယ်...အလုပ်တာဝန်ရယ်...တစ်ဦးအပေါ်တစ်ဦး လေးစားမြတ်နိုးမှုရယ် ဆိုပြီး ခွဲခြားထားကြတယ်...သူကလည်း အလုပ်များတယ်...ကိုယ်ကလည်း အလုပ်ပိတယ်... ထမင်းဟင်းကို တစ်ပတ်စာ အစီအစဉ်ဆွဲပြီး လုပ်ထားတယ်...အာဟာရဖြစ်အောင် ချက်ပြုတ်တယ်၊ အလုပ်များတော့ ကိုယ်က မနက်စောစောထပြီး ခင်ပွန်းကြိုက်တာတွေ စီစဉ်ပေးထားပြီးတော့ နှစ်ဦးသား ကျန်းမာရေး လေ့ကျင့်ကြတယ်... လမ်း လျှောက်ကြတယ်၊ သူ့ကို ကိုယ့်ရဲ့တစ်နေ့တာ အစီအစဉ်၊ လနဲ့နှစ်နဲ့ချီပြီး လုပ်မယ့်အလုပ်တွေ အစီအစဉ်တွေ ဆွဲပေးထားတယ်..."

"ကိုယ်တို့ နှစ်ယောက်စလုံး နိုင်ငံခြားမှာ အတူတူသွားပြီး သင်တန်းတက်ခဲ့ကြရတော့ တစ်ဦးနဲ့ တစ်ဦး သိပ်ပြီး မကွာဟကြဘူး၊ သူကြိုက်တာ သူနှစ်သက်တဲ့ အစားအစာ သူမြတ်နိုးတဲ့ အရာတွေကို ဖြည့်ဆည်းပေးတယ်၊အဲဒီတော့သူကစိတ်ချမ်းသာပြီး

တနွေးတထွေး ကိုယ့်ကို ပြန်ပြီး တုန့်ပြန်တယ်..."

"ကိုယ့် အကြိုက်ကိုလည်း သူကမေးတယ်...ဥပမာ ကိုယ်ပန်းကြိုက်တယ်ဆိုတာ သိလို့ တစ်ပတ်တစ်ခါ ကိုယ်ကြိုက်တဲ့ ပန်းကို ၄ ဖို့ တစ်မျိုး၊ ပန်းအိုးထိုးဖို့က တစ်ဖုံ အားအား မအားအား မပျက်မကွက် လုပ်ပေးတယ်..."

"သူရဲ့... အထူးခြားဆုံးက ဘယ်တော့မှ အပြစ် မတင်တတ်ဘူး...အပြစ်စကားဟာ အချစ်များကို ယုတ်လျော့စေတယ်လို့ သူကပြောတယ်"

"အပြုံးစကားဟာ အမုန်းများကို ကာကွယ်တယ်လို့ သူကညွှန်ကြားတယ်...တစ်ယောက်အမှားကို မပေါက်ကြားအောင်ထိန်းသိမ်း စောင့်စည်းကြတယ်...နှစ်ဦးစလုံး သူများအိပ်ချိန် မအိပ်ဘူး...သူများ နိုးချိန်မှာ သူ့အစီအစဉ်နဲ့ သူ့အလုပ် လုပ်နေကြပြီ...အရေးကြီးဆုံးက အချိန်ကို လေးစားတယ်...ကတိကို တည်အောင်ကြိုးစားတယ်...အပြုစိတ်ကို နှစ်ယောက်စလုံး မွေးပြီး ကြိုးစားကြတဲ့အခါ ပြဿနာကြီးကြီးမားမားမရှိဘဲ အောင်မြင်စွာ ဖြေရှင်းနိုင်ကြတယ်...သာယာ ပျော်ရွှင်သောဘဝ တည်ဆောက်နိုင်ကြတယ်..."

- လှမ်းချူတော့မည် သစ္စာရည်

 ပျော်ရွှင်အပြုံး၊ စိတ်နလုံးကို

 ယိုဖိတ်စီးဝင်၊ မေတ္တာအသွင်ဖြင့်

 ထူထောင်လက်တွဲ၊ မဖြုတ်ဘဲ

 ဘဝအခက်ခဲ၊ နိုင်အောင်နွဲက

 ပျော်ရွှင်ကြသည်...ပျော်ရွှင်သည်။

လောကမွေတာသည်ကား...သူ့အကြိုက် ဆောင်လျှင် ကိုယ်အကြိုက်အောင်သည်။ သူ့ကိုစိတ်ဝင်စားလျှင် ကိုယ့်ကိုလည်း စိတ်ဝင်စားတတ်ကြစမြဲပင်...။

အထူးသဖြင့် သားသမီးတို့မည်သည်မှာ သူ့အရွယ်နှင့် သူ မိဘများ၏ ပိုက်ထွေးမှု၊ ယုယမှု၊ ပြုစုမှုကို ခံယူကြရမည်သာ ဖြစ်သည်။ ထိုအခါ သားသမီးက မိဘကို အားကိုးလာသည်၊ တွယ်တာလာသည်၊ မြတ်နိုးလာသည်။ မိဘကလည်း မိမိတို့ပြုစုပျိုး ထောင်ထားသော သားသမီးများအပေါ်တွင် ကြင်နာကြသည်၊ ယုယကြသည်၊ စောင့်ရှောက်ကြသည်။

အရွယ်ရောက်လာသောအခါတွင် လက်ပွန်းတတီး နေ၍မသင့် တော့ပေ။ ထိုအချိန်တွင် ချစ်တာတို့သည် လုစ်ဟာစရာ ဖြစ်ပေ သည်။ မေတ္တာတို့သည် သစ္စာအရာ ပို့ကြရသည်။ သံယောဇဉ်တို့ သည် ချည်နှောင်ရာမှ ဖြေလျော့ရာသို့ ပို့ဆောင်ကြရသည်။ ထိုအခါတွင် အရွယ်ရောက်လာကြကုန်သော ယောကျ်ားလေး၊

မိန်းကလေးတို့သည်ကား သူတို့ ဘဝတစ်လျှောက်လုံးအတွက် လက်တွဲရန်၊ လျှောက် လှမ်းရန်၊ တိုင်ပင်ရန်၊ ဆွေးနွေးရန်၊ ညှိနှိုင်းရန် အချစ် စကားလေးများကို နားထောင်မည့်သူ၊ ယုယမည့်သူ၊ ပံ့ပိုးမည့်သူများကို ရှာကြံရမည်မှာ ဓမ္မတာပေတည်း...။ သဘာဝပင်တည်း...။

မိဘတစ်ဦးသည် မိဘအရာ ရောက်ရှိသောအခါတွင် တစ်ဦးတည်း နေထိုင်ခဲ့သော သာမန်ဘဝနှင့် မတူညီတော့ပေ။ များစွာ... များစွာ ကွာခြားတော့မည် ဖြစ်သည်။ တာဝန်ကြီးမားတော့မည် ဖြစ်သည်။

ထိုအချိန်၊ ထိုအရွယ်တွင် မိဘတို့ဘက်မှ သွန်သင်မှု အားနည်းလျှင် နွံ့ပြင်တွင် နစ်မွန်းရသလို ဘဝတစ်လျှောက်လုံး လှုပ်လေ မြုပ်လေ ဖြစ်ရပေလိမ့်မည်။

အိုးကောင်းကို ရလိုလျှင် ရိုက်နက်၊ ထုထောင်းပြုပြင်ရသကဲ့သို့ အကြမ်း၊ အနု လမ်းနစ်ခုဖြင့် လှမ်း ပြုမည့်သူများကို ချော့တစ်ခါ၊ ခြောက်တစ်လှည့် မေတ္တာကို အရင်းခံပြီး စိတ်ရှည်လက်ရှည် ပြုပြင်ကြရပေတော့မည်ဖြစ်သည်။

အဖွားအိုကြီး ဒေါ်မင်းအိုသည် မြေးမလေးကို အတွေးကြွယ်စေရန် ပြုပြင်ဆုံးမသည်။ အဆွေးများ ပျောက်စေရန် လမ်းညွှန်ပြသည်။ ပြတ်သားသော သတ္တိ၊ နာခံသော အရည်အချင်း၊ ကြိုးစားလိုမှု၊ စံနမူနာတို့ကို အောင်လံထူနိုင်အောင် ပြုပြင် ပြောဆို

ဆုံးမလိုက်သောအခါတွင် လှမ်းချူတော့မည့်သူလေးသည် မြတ်နိုးသော သစ္စာရည်ပန်းကလေးကို ဆွတ်ခူးနိုင်ရပေတော့သည်။

အရွယ်ရောက်သော အညွန့်၊ အဖူးကလေး ပန်းကလေးများတို့သည် အနာဂတ်တိုင်းပြည်အတွက် အဖိုးထိုက်တန်သော ရတနာများ မဟုတ်ပါလား...။ ထိုရတနာ၊ ဤရတနာပန်းလေးများ ဖြစ်ကြသည့် သားကောင်း၊ သမီးကောင်း၊ လူငယ် လူရွယ်များတို့သည် မေတ္တာကို သီကုံးပြီး သစ္စာကို ပန်ဆင်ကာ အချစ်ခရီးလမ်းကို လျှောက် လှမ်းနိုင်ကြပါစေလို့ ဆန္ဒပြုလျက်...။


ဆွတ်ချူလိုသည်ပါ ပန်းရတနာ

# ဆွတ်ချူလှည့်ပါ ပန်းရတနာ

ပင်ယံထက်က ပန်းအလှ
တံချူရှင်က ချူလိုပ
အမြင့်ကပန်း အမှီလှမ်း
တုံးခုကာကမ်း။
မွှေးကြိုင်သင်းပျံ့ပန်းရနံ့ကား
ရှူရှိုက်သူအများ မေတ္တာပွား
ချစ်ရစေသား ဆုမွန်များ။

လှေအတက် အနေခက်ဟန်ရှိ သော သူကလေး။

လှေကလေးသည် လှိုင်းလေများ ဒဏ်ကြောင့် လူးလိမ့်နေပေသည်။

သူကလေးသည်ကား လူးလွန့်နေသော လှေကလေး ပေါ်တက်ရန် ကြိုးစားနေဟန် တွေ့ရသည်။ သူ့မျက်နှာကလေးသည် ကြောက်ရွံ့ စိုးရိမ်နေဟန် ပေါ်လွင်နေသည်။

ရေကိုကြောက်၍ လှေမစီးဖူး သော မသဇင်နွယ်အေးခများ ရှက်လည်းရှက်၊ ကြောက်လည်း ကြောက် အဘယ်သို့လုပ်ရမည် မသိ ကြုံနေရှာသည်။

*"သူငယ်မလေးက လှေမစီးဖူး ဘူး နဲ့ တူတယ်..."*

*"ဟုတ်တယ်... အဘ၊ ကျွန်မက ရေလည်း ကြောက်တယ်၊ လှေလည်း မစီးဖူးဘူး၊ အခုလို လှေကြီးက လှုပ်နေတော့ လှေပေါ်မတက်ရဲဘူး၊ ဖြစ်နေတယ်... ကူပါဦး... အဘ ရယ်"*

ဦးသာထွန်းသည် တက်မကိုကိုင်ရင်း လှေဦးပိုင်းသို့ သတိထား၍ လျှောက်လာကာ ကမ်းပေါ်တွင်ရှိသော မိန်းမပျိုကို လှေပေါ်တက်ရန် လက်လှမ်းပေးလိုက်သည်။

*"ဖြစ်ပါ့မလား... အဘ"*

*"ဖြစ်ပါတယ်လုံမလေး... ၊ မ ကြောက်နဲ့၊ အဘလက်ကို ကိုင်၊ လှေဦးကို ခြေထောက်နဲ့ ဒီလို နင်းလိုက်"*

မိန်းမပျိုမှာ ဦးသာထွန်း၏ လက်ကို တအားဆုပ်ကိုင်၍ လှေဦး ကို နင်းလိုက်သောအခါ လှေ၏ လှုပ်ခတ်မှုကြောင့် ကိုယ်ကလေး ယိုင်သွားရှာသည်။

မောင်သာနသည် သူ့အဘိုးနှင့် မိန်းမပျိုတို့ အခက်အခဲကို မြင်တွေ့လိုက်ရသောကြောင့် အပြေးအလွှား လာပြီး မိန်းမပျိုကို ဖေးမ၍ လှေပေါ်သို့ တင်ပေးလိုက်သည်။ မိန်းမပျိုလေး သည်ကား အဘိုးအိုနှင့် လုလင်ပျိုတို့၏ ဖေးမမှုကြောင့် လှေပေါ်သို့ ရောက်ရှိ သော်လည်း ကြောက်စိတ်တို့သည်ကား ရင်ဖိုနေဆဲဖြစ်သည်။ ပို၍ရင်ဖိုမိသည်မှာ လဲပြိုတော့မလို မိမိကို လူငယ်တစ်ဦးက ထိန်းမ ၍ လှေပေါ်တင်လိုက်ကြောင်း သိရှိလိုက်ရသောအခါ ကြောက်လန့် ၍ ရင်ဖိုနေသော စိတ်တို့သည်ကား ရှက်ရွံ့စိတ်ဖြင့် ရင်ခုန်မိပေတော့ သည်။

*"ကဲ... ငါ့မြေးက ပဲ့ကနေထိန်း"*

*"ဟုတ်ကဲ့... အဘ"*

မြေးအဘိုးနှစ်ယောက်တို့သည် လှိုင်းလေကြားမှ လှေကလေး ကို ကျွမ်းကျင်စွာ တစ်ဖက်ကမ်းသို့ အားကုန် လှော်ခတ် ခဲ့ကြသည်။

*"အဘရေ... ဟိုရှေ့ဆီက မုန် တိုင်း ထင်တယ်ဗျို့"*

*"အေး... ငါ့မြေးရေ! သတိတော့ ထားပေ့... ဒီအချိန်က လှိုင်းလေက များပါဘိ...။ မိန်းကလေး မကြောက် နဲ့အဘတို့က*

*ဒီလို အခက်အခဲတွေကို ကြုံဖူးပြီးသား... လှေနံနှစ်ဖက်ကို သေသေချာချာ ကိုင်ထားကွဲ့...*"

အရေးတကြီးကိစ္စပေါ်၍ တစ်ဖက်ကမ်းကို သွားရမည်ဖြစ်သော မသဇင်နွယ်အေးမှာ သူအလွန်ကြောက်သော ရေနှင့် သူမစီးဖူးသော လှေကလေးတို့မှာ လှိုင်းလေကြားတွင် နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် မျက်စိကို မဖွင့်ရဲလောက်အောင် အကြောက်ကြီး ကြောက်နေ ရှာသည်။ ကမ်းနားရောက်ခါနီးတွင် လှိုင်းတစ်ချက် ပုတ်ခတ်မှုကြောင့် လှေစောင်းအသွားတွင် မသဇင်နွယ်အေး တစ်ယောက် ရေထဲသို့ ပြုတ်ကျ သွားရရှာသည်။ အကြောက်လွန်ပြီး လက်လွှတ်စပယ် ဖြစ်သွားခြင်းဖြစ် သည်။

"*ဟာ!... ဟင်!...*"

မောင်သာနုသည် သူ့အဘကို လှမ်းကြည့်ပြီး ရေထဲကျသွားသော မသဇင်ရှိရာသို့ မှန်းပြီး ဒိုင်ပင်ထိုး၍ ဆင်းသွားသည်။ လှိုင်းလေထန်နေသော အချိန်တွင် ရေထဲကျသွားသည်။ မသဇင်နွယ်အေး ဘွားကနဲ ပေါ်လာသောအချိန်တွင် မောင်သာနုက မသဇင်ဂုတ်ကိုကိုင်၍ လှေနံကိုကိုင်ရင်း ကမ်းသို့ရောက်အောင် ကူးခတ်ခဲ့ကြသည်။

ခိုက်ခိုက်တုန်အောင် ချမ်းအေး လှုပြီး ရွှဲရွှဲစိုနေသော သူတို့နှစ်ယောက်ကို အဘိုးဖြစ်သူက ဝိုင်းဝန်းကူညီပြီး ကမ်းပေါ်သို့

တက်ခဲ့ကြ သည်။ မသဇင်လေးခမျာ ကြောက်အားပိုပြီး သတိလစ်နေရှာသည်။

အတွေ့အကြုံများလှသော မောင်သာနုတို့ မြေးအဖိုးနှစ်ယောက်သည် မသဇင်ကို ရေများအန်ထွက်ရန် ပြုစုပြီးနောက် မောင်သာနုက ပွေ့ချီလျက် သူတို့အိမ်သို့ ခေါ်ဆောင်သွား ပေသည်။

မိုးသက်မုန်တိုင်းဒဏ်ကြောင့် ကောင်းကင်တစ်ခွင်လုံး ပိန်းပိတ်မှောင်ပြီးလျှင် လျှပ်စီးတို့ကလည်း တဝင်းဝင်း တလက်လက်နှင့် မိုးခြိမ်းသံကလည်း တစ်ဂျိမ်းဂျိမ်း...၊ မိုးကလည်း သည်းထန်စွာ ရွာသွန်းလျက်ရှိသည်။

*"အစ်မရေ... အစ်မ"*

မောင်သာနုသည် သူ့မိခင်ကို သူတို့ တောဓလေ့အရ "အစ်မ" ဟု ခေါ်ခြင်း ဖြစ်သည်။

*"မီးသွားထွန်းပါဦး... ဧည့်သည် ပါလာတယ်"*

*"ဟဲ့... သာဥ၊ ဟဲ့... နွယ်အေး သွားကြစမ်း...၊ ညည်း... အစ်ကိုဆီ"*

*"အဘအသံလည်း မကြားပါလား"*

*"ပါတယ်ဟေ့... လုံမရေ"*

ဤသို့ဖြင့် မိသားစု သုံးယောက်တို့သည် မီးတုတ်များကို ကိုင်၍ တဲပေါ်မှ ဆင်းလာကြသည်။

*"ဟယ်!... မိန်းကလေး"*

*"အစ်မရေ၊ နောက်မှပြော၊ ရေနစ်လာတာ၊ အစ်မတို့က အဝတ်အစား မြန် မြန်လဲပေး"*

ပြောပြောဆိုဆိုနှင့် တစ်ထပ်အိမ် ကလေးပေါ်သို့ တက်ရောက်ခဲ့ကြသည်။

အိမ်ကလေးသည်ကား ထန်းရွက်မိုး ဝါးထရံကာ သုံးပင်တိုင် အိမ်ကလေး ဖြစ်သည်။

မောင်သာနသည် မီးဖိုကို အပြေးအလွှား မွှေးပြီး ရေနွေးအိုးတည်သည်။ သူတို့ သောက်နေကျ ကွမ်းရွက်ပုံဆေးကို မသဇင်အား ရေနွေးပူပူနှင့် သောက်စေသည်။

အတန်ကြာသောအခါ မသဇင်မှာ အဝတ်အစားလဲပြီး နောက်ကောင်းစွာ သတိရလာသည်။ သူ့မျက်စိထဲတွင် ဦးသာထွန်းတို့ မိသားစု၏ စေတနာ မေတ္တာတို့ကို ကျေးဇူးတင် မဆုံးဘဲ လက်အုပ်ချီကန်တော့ပြီး အသက်သခင် ကျေးဇူးရှင်များ ဖြစ်ကြောင်း မျက်ရည်များ ရွဲလျှက် ကျေးဇူးတင်စကား ပြောကြားရာသည်။

အချိန်သည်ကား ညဥ့်နက်သန်း ခေါင်ကျော်ပြီးဖြစ်၍ သူ၏မိခင် ဒေါ်မြ သာနှင့် ညီမငယ်တို့နှင့်အတူ အိပ်စေခဲ့သည်။

မနက်လင်းသော အခါကျမှ မသဇင်ကို တောခလေ့ အစားအစာဖြစ်သော အငွေ့တထောင်းထောင်းနှင့် ကောက်ညှင်းပေါင်း ပူပူလေးပေါ်တွင် နှမ်းထောင်းဖြူးလျက် လတ်ဆတ်သော

ငါးခြောက်ဖုတ်လေးဖြင့် ရေနွေးကြမ်း တိုက်ကာ ကျွေးမွေးဧည့်ခံကြရရှာသည်။

တောခလေ့ထုံးစံအရ မနက်လင်းသည်နှင့် တစ်ယောက်စတစ်ရာဆုံး ရွာသူ ရွာသားများသည် ထိုသတင်းကို ကြားသိကြပြီး ဘိုးသာထွန်းတို့ အိမ်တွင် ကျေးရွာသူကျေးရွာသားများ စည်ကားလျက်ရှိသည်။

*"ချောမှချောတော်...၊ အသား ကလည်း ဖြူသမှလွန်ရော...၊ မျက် ခုံး ကလေးက ချစ်စရာ၊ နှုတ်ခမ်းလေး ကလည်း ရဲနေတာပဲ၊ သူ့အမေများ မွေးမှ မွေးတတ်ပလေတော်..."*

*"တို့ရွာက ဟာတွေနဲ့ ကွာပါ့... ကွမ်းတောင်ကိုင် မိကောင်း ထက်တောင် ချောသပ..."*

တစ်ယောက်စကား တစ်ယောက်နား၊ ကြည့်သူက ကြည့်၊ ပြန်သူက ပြန်နှင့် တရုန်းရုန်း ဖြစ်နေကြသည်။

*"သူက ဆရာမလေးတဲ့တော့... တို့ရွာ တောင်ပိုင်းက ဦးဝါသဝ ကျောင်းမှာ စာသင်ဖို့လာတာတဲ့၊ ကံကြီးလို့သာ ပေါ့အေ၊ ရေထဲပြုတ် ကျတာ မောင်မင်းကြီးသား သာန ကယ်ပေလို့သာ ပေါ့..."*

သာနတစ်ယောက်မှာ ထိုင်ရင်း နေရင်း ရွာသူရွာသားများ ချီးမွမ်း ကြသောကြောင့် လူစွမ်းကောင်းကြီးကဲ့သို့ ဖြစ်သွားပေသည်။ သူပိုးပန်းနေသော အေးပုံတစ်ယောက် ကပင်

*"သည်တစ်ခါသာန ရည်းစားစကားပြောရင် လက်ခံလိုက်မဟဲ့"* ဟု စဉ်းစားနေမိသည်။ သာနတစ်ယောက်မှာ သူဆွတ်ချူရန် ခဲယဉ်းနေသော အေးပုံက ရေလာမြောင်း ပေးလုပ်နေဟန်ကို သဘောအကျကြီး ကျနေဟန်ရှိသည်။ အေးပုံအနား အခါတိုင်း မကပ်ရဲသော သာနသည် ယခုတော့ မဝံ့မရဲဟန်ဖြင့် ချဉ်းကပ်ရကောင်း နိုးနိုး စဉ်းစားနေဟန်ရှိသည်။

❀ ❀ ❀

*"ဆရာတော်... ကြွလာတယ်ဟေ့..."*

*"နေရာထိုင်ခင်း လုပ်ကြဟ..."*

ရွာကျောင်းဆရာတော် ဦးဝါသဝသည် ကိုရင်များ၊ ကျောင်းသားများ ခြံရံလျက် ဦးသာထွန်းတို့အိမ်သို့ ကြွရောက်လာသည်။ ရွာသားရွာသူများမှာ ဆရာတော်ကိုမြင်သည်နှင့်ပျာပျာသလဲ ကြိုဆိုရန် ပြုလုပ်ကြသည်။

ဦးသာထွန်းတို့ အိမ်ရှေ့ ကွပ်ပျစ်ကလေးပေါ်တွင် ခေါက်ထားသောကြောင့် တွန့်လိမ်နေသော သင်ဖျာကို အပြေးအလွှားခင်းကာ သင်ဖျာပေါ်၌ စောင်ကြမ်းလေး တစ်ထည်ကို နေကထိုင်အနေဖြင့် ခင်းလိုက်ကြ သည်။

*"ကြွတော်မူပါဘုရား- ကြွတော် မူပါ... ဒီမှာ... သီတင်းသုံးတော်မူပါ ဘုရား..."*

ဦးသာထွန်းနှင့်တကွ မိသားစုတို့သည် ပျာပျာသလဲ ဆရာတော်ကို လက်အုပ်ချီဦးညွှတ်ကြလျက် နေကထိုင်ပေါ်တွင် ဆရာတော်ကို သီတင်းသုံးစေသည်။

လာရောက်ပြီး သတင်းမေးနေကြသည့် ရွာသူရွာသားများ အားလုံး တို့ကလည်း ဆရာတော်အားရှိခိုးဦးချ ကန်တော့ကြသည်။

*"အိမ်း… ဒကာမလေး သဇင်နွယ်အေးက သူလား… "*

ဦးသာထွန်းနောက်တွင်ထိုင်၍ ဦးချကန်တော့နေသူကို လက်ညှိုးထိုးလျက် ဆရာတော်က အမိန့်ရှိပေသည်။

*"အေးအေး…၊ ညည်း အမေက ကျန်းမာရေးမကောင်းလို့ အသည်း အသန်ဖြစ်နေတာ ညည်းနဲ့ တွေ့ချင်တယ်ဆိုလို့ မှာလိုက်တာ…၊ အခု မသေကောင်း မပျောက်ကောင်းဖြစ်ရတယ် လို့၊ ကံကြီးပေလို့ပဲ၊ ဒကာကြီး ဦးသာထွန်းနဲ့ ဒကာလေးမောင်သာန တို့ ကယ်ပေလို့သာပဲ"*

*"သာဓု-သာဓု-သာဓု ကွယ်"*

ဆရာတော် ဦးဝါသဝသည် မသဇင်နွယ်အေး၏ မိခင်ဘက်မှ ဆွေမျိုးရင်းခြာ ဘကြီးဘုန်းကြီး ဖြစ်ပေသည်။

မသဇင်နွယ်အေး၏ မိခင်သည် တရားဓမ္မ လေ့လာ ကျင့်ကြံ နေရာမှ အစ်ကိုဖြစ်သူ ဆရာတော်ထံသို့ လာရောက် ဖူးမြော်ပြီး တရားအားထုတ်နေစဉ်အတွင်း ရုတ်တရက် နလုံးရောဂါ ကြောင့် စိုးရိမ်ရသော အခြေအနေ ရောက်ရှိသောကြောင့်

သမီးဖြစ်သူ မသဇင်နွယ်အေးထံသို့ အကြောင်းကြားလိုက်ခြင်း ဖြစ်သည်။

*"ကိုင်း... ဒကာမလေး... အမေနဲ့ တွေ့ရအောင် ဘုန်းကြီးကျောင်းလိုက်ခဲ့"*

မသဇင်နွယ်အေး တစ်ယောက် ဆရာတော် ပြန်ကြွသောအခါတွင် ကျောင်းသို့ လိုက်သွား ရှာပေသည်။

ဦးသာထွန်းနှင့် မောင်သာနတို့ကလည်း ရွာတောင်ပိုင်းရှိ ဘုန်းကြီးကျောင်းသို့ လှည်းဖြင့် လိုက်ပို့ကြသည်။

ဆရာတော်၏ ကျောင်းမှာ ရွာအစွန်တွင်ရှိသော သရက်ခြံ ဥယျာဉ်ကြီးထဲတွင် တည်ရှိနေပေသည်။ တစ်ခေါ် သာသာဝေးသော နေရာတွင် ရှိသည်။

မိခင်ဖြစ်သူမှာ သမီးဖြစ်သူကို ဆရာတော်ထံအပ်နှံပြီး နလုံးရောဂါ ဖြင့် ထိုရွာဦးကျောင်း၌ပင် ကွယ်လွန်သွားရှာသည်။

မသဇင်နွယ်အေး ဘွဲ့ယူမည့်နှစ်တွင် ဖခင်ကြီး ကွယ်လွန်သွားရှာပြီဖြစ်သည်။ ယခုအချိန်တွင် မိခင်ကွယ်လွန်သော မသဇင်နွယ်အေးခမျာ ပရိဒေဝမီး တောက်လောင်ကာ ပူပင်သောက ဖြစ်နေရှာသည်။

ဘီအီးဒီ ဆရာဖြစ် သင်တန်းဘွဲ့ရထားပြီး ဖြစ်သောကြောင့် ဆရာတော်၏ ကျောင်းတွင် ဘုန်းတော်ကြီး မူလတန်းကျောင်း

ဖွင့်လှစ်သောအခါ ဆရာမလုပ်ရန် မိခင်ဖြစ်သူက စီစဉ်ထားခဲ့ပြီး ဖြစ်သည်။

အေးသာယာအစိုးရ မူလတန်းကျောင်းကို စတင်ဖွင့်လှစ်သောနေ့၌ အိုးစည်ဒိုးပတ်အကများနှင့် ဇာတ်ပွဲ များပင်ပါဝင်ကာ တစ်နယ်လုံးတွင် အစည်ကားဆုံး ဖြစ်နေသည်။

ကျောင်းဖွင့်ပွဲနေ့တွင် အာဏာပိုင် အဖွဲ့အစည်းများနှင့် ပညာရေးဆိုင်ရာ တာဝန်ရှိသူများက စုံစုံညီညီ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

*"ဆရာကျော်ခေါင် မဟုတ်လား"*

*"ဟဲ့... နင်က သဇင်နွယ်အေး မဟုတ်လား... ၊ ဘယ်လိုက ဘယ်လို ဒီရောက်လာတာတုန်း"*

ဆရာကျော်ခေါင်နှင့် မသဇင်နွယ်အေးတို့သည် ပညာရေးတက္ကသိုလ်တွင် သိကျွမ်းခဲ့ကြသည်။ ဆရာကျော်ခေါင်သည် သဇင်ထက် စီနီယာကျသည်။ သူမ ပထမနှစ်တွင် ဆရာကျော်ခေါင်သည် နောက်ဆုံးနှစ်တွင် တက်ရောက်နေသည်။ ကျောင်းဆရာအလုပ်ဖြင့် နယ်များသို့ တာဝန်ထမ်းဆောင်ရကြောင်း ကြားသိရပြီး ကွဲကွာနေကြသည်မှာ နှစ်အတော် ကြာပြီဖြစ်သည်။

ဆရာကျော်ခေါင်သည် အရပ်ရှည်ရှည်၊ထောင်ထောင် မောင်းမောင်း၊ အသားညိုပြီးလျှင် သွက်လက် ဖျတ်လတ်သူတစ်ဦး ဖြစ်သည်။

ပထမနှစ်ကျောင်းသူ မသဇင်နွယ်အေးသည် လူကြုံပါး လိုက်သောကြောင့် ကိုကျော်ခေါင်ထံသို့ လက်ဆောင်များ သွား ရောက်ပေးပို့ရာတွင် လူချင်းမတွေ့ဆုံခဲ့ကြပေ။ မသဇင်နွယ်အေး သည် စာရေးပြီး လက်ဆောင်များကို ထားခဲ့သည်။ နောက်တစ်နေ့ တွင် ကိုကျော်ခေါင်သည် မသဇင်နွယ်အေးတို့ နေအိမ်သို့ လိုက် လာသည်။

ကိုကျော့်ခေါင်သည် အခြားလူ မဟုတ်ပေ။ မသဇင်နွယ်အေး အစ်မ မသီတာသိမ့် ရည်းစားဖြစ်သည်။

မသီတာသိမ့်က လက်ဆောင် ပေးခိုင်းလိုက်သောကြောင့် အစ်မဖြစ်သူ စကားမလွန်ဆန်ရဲ၍ ကိုကျော်ခေါင်ထံသို့ လက်ဆောင် သွားပေးရခြင်း ဖြစ်သည်။

ကိုကျော်ခေါင်နှင့် မသဇင်နွယ်အေးသည် ယခုကဲ့သို့ ပက်ပင်း တွေ့ရသောအခါ နောက်ကြောင်းပြန်၍ တွေးတောမိပြီးမျက်နှာပူနေ ရှာသည်။

အကြောင်းသော်ကား သူ့အစ်မ မသီတာသိမ့်သည် ဦးကျော်ခေါင် နယ်သို့ တာဝန်အရ ပြောင်းရွှေ့သွားလာပြီး တနှစ်

နှစ်နှစ်အကြာတွင် မိဘများ ပေးစားသောသူနှင့်အိမ်ထောင်ပြု လိုက်ရသည်။

ဦးကျော်ခေါင်က မြို့နယ်ပညာ ရေးမှူး ဖြစ်နေသည်။ အစိုးရခန့် ဆရာမလေး မသဇင်နွယ်အေးက အကြီးအကဲ တယောက်အနေ ဖြင့်လည်း လေးစားရမည်ဖြစ်သည်။ လုပ်ငန်း တာဝန်အရ ကိုကျော်ခေါင်သည် ဆရာမလေး မသဇင်နွယ်အေး အပေါ်တွင် အလုပ်ခန့်အပ်ကြောင်း ခန့်စာနှင့်အတူ ပြောဆိုဆုံးမပြီး အခမ်း အနား ပြီးဆုံး၍ ပြန်သွားသည်။

ဦးကျော်ခေါင်တစ်ယောက် ပြန်သွားသော်လည်း နှလုံးသား ထဲတွင် အရိပ်ပမာကျန်နေခဲ့ရှာသည့် သူကလေးမှာကား မသဇင်နွယ်အေး။

ဟိုတုန်းက တွေ့ခဲ့ဖူးသော ကိုကျော်ခေါင်နှင့် ယခုဦးကျော်ခေါင် တို့မှာ မတူညီသည်ကို တွေးမိသည်။ တည်တည် ငြိမ်ငြိမ် လေးလေး နက်နက် လူကြီးဟန်ပန်နှင့် လုပ်နေရသည်ကို တွေ့ရသည်။ သူ့အစ်မကြောင့် မျက်နှာပူရသည့်အပြင် အားနာမှု၊ ခင်မင်မှုများ ပို၍ နေသလားဟုပင် တွေးတောမိသည်။ စဉ်းစားမိသည်။

အိမ်ခြေ တစ်ရာကျော်ရှိသော အေးသာယာ ရွာကလေးသည် ကျောင်းသား ၁၀၀ကျော်ခန့် ရှိသည်။ ပတ်ဝန်းကျင်ရွာများမှလည်း လာ ရောက်၍ ကျောင်းထားကြသော ကြောင့် ကျောင်းသား စုစုပေါင်းမှာ ၁၀၀ကျော်မက ရှိနေခြင်းဖြစ်သည်။ အချို့ကျောင်းသား

များဆိုလျှင် သူနှင့် အသက်မတိမ်းမယိမ်းရှိကြသည်ကို တွေ့ရသည်။ သင်ရသည်မှာလည်း ဝလုံးတန်းမှအစ တစ်တန်း၊ နှစ်တန်း၊ သုံးတန်း၊ လေးတန်းအထိ တဖြည်း ဖြည်း အရည်အချင်းပေါ် မူတည်ပြီး သင်ပေးရလေသည်။

ဘီအီးဒီ သင်တန်းကျောင်းတုန်းက စာတွေ့လက်တွေ့သင်ကြားခဲ့ရသော်လည်း ယခုလို ကျောင်းသား အများကြီးကို အတန်းခွဲ၍ သင်ကြားရာ၌ ခြေကုန် လက်ပန်းကျသည်အထိ မောပန်းနေအောင် သင်ကြားရပေသည်။ ဘုန်းကြီးကျောင်း လက်စွဲဖြစ်၍ ဆရာတော် အရှိန်ဖြင့် မိမိအပေါ်တွင် ချစ်ကြောက် ရှိသေကြပေသည်။

ခြောက်လခန့်အကြာတွင် မသဇင်နွယ်အေးသည် ပညာရေးမှူးရုံးသို့ သွားရန် မြို့ကိုသွားရသည်။ ရေကြောက်သော လေ့ကြောက်သော မသဇင်နွယ်အေးတစ်ယောက် ယခင်ကလို မဟုတ်တော့ပေ။

ပတ်ဝန်းကျင်၏ အတွေ့အကြုံများအရ ရေလည်းကူးတတ်ပြီ၊ လှေလည်း လှော်တတ်ပြီ။ လှေလည်း စီးတတ်ပြီ ဖြစ်သည်။ ဦးသာထွန်းတို့ မြေးအဖိုးက သူတို့ကလေးများ၏ ဆရာမဖြစ်သူ ဒေါ်သဇင်နွယ်အေးကို အလွန်အမင်း ရှိသေလေးစားကြသည်။

မသဇင်နွယ်အေးမှာ သူ့ကို တရိုတသေ ဆက်ဆံသည်ကို အားနာလှသည်၊ မျက်နှာပူရသည်။

"ကိုသာနကြီးကလည်း ဒီလို ရှိရှိ သေသေတွေ မလုပ်စမ်းပါနဲ့၊ အဘကလည်း ကိုယ့်သမီးလေးလို သဘောထားစမ်းပါ... အဘတို့က သမီးရဲ့ အသက် သခင်ကျေးဇူးရှင်တွေပါရှင်"

"မဟုတ်ဘူး... ဆရာမလေး၊ ကျုပ်တို့ ရွာက ကလေးတွေကို စာလာ သင်တဲ့အတွက် ကျုပ်တို့က အရမ်း ကျေးဇူးတင်နေတာ၊ ကျုပ်တို့ ဆရာ သမားဆိုတော့ ကျုပ်တို့က ကျေးဇူး တင် ပြီး ရှိသေကြရမှာပေါ့"

အလာတုန်းက ရေကြောက်ပြီး လေ့မှောက်ခဲ့သော မသဇင်နွယ်အေး တစ်ယောက် ယခုတော့ဖြင့် အိန္ဒြေရရ လှေစီးနိုင်ခဲ့ပြီး ဖြစ်သည်။

❀ ❀ ❀

"ဆရာ... မသဇင်နွယ်အေးရောက်လာပါပြီ"

"အေးအေး... အထဲဝင်ခိုင်းလိုက်"

"ကဲ... လာ... ထိုင်၊ မသဇင်နွယ် အေးရေ... ညည်းက ဆရာအသစ်ဆို တော့ ကျောင်းခေါ်ချိန်တို့၊ သင်ကြားမှု စီမံချက်တို့၊ အရည်အချင်း တိုးတက်မှု မှတ်တမ်းတွေ၊ လိုအပ်တာတွေ ဆွေးနွေးညှိနှိုင်းကြတာပေါ့"

"လုပ်ရကိုင်ရတာတွေ... အဆင်ပြေရဲ့လား"

"ပြေပါတယ်ဆရာ... ကျောင်းသားတွေက များတော့ မနိုင်မနင်း ဖြစ်တာလောက်တော့ ရှိပါတယ်..."

"အေး...အဲဒီအတွက်... မပူနဲ့၊ နောက်ထပ်ဆရာနှစ်ယောက် မကြာခင် ရောက်လာလိမ့်မယ်...၊ ဆရာကိစ္စကတော့ အဆင်ပြေသွားမှာပါ"

နှစ်ရက်၊ သုံးရက်အကြာ ဆရာ၊ ဆရာမများအားလုံးကို နိုင်ငံတော်အစိုးရ၏ ပညာရေးမူများနှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေး သင်ကြားပေးပြီးနောက် မိမိတို့ ကျောင်းအသီးသီးသို့ ပြန်ကြရန် ဆရာ ဆရာမ အားလုံး ပြင်ဆင်နေကြသည်။

"ဆရာဆိုတာ ဥယျာဉ်မှူးနဲ့တူတယ်၊ ဥယျာဉ်မှူးဖြစ်တဲ့ မိမိတို့သည် စေတနာ၊ ဝါသနာ၊ အနစ်နာတည်းဟူသော နာသုံးနာကို လက်ကိုင်ထားပြီး သင်ကြားပို့ချဆောင်ရွက်ကြရန်လိုတယ်၊ အဓိက အရေးကြီးဆုံးက ဆရာ လုပ်သောသူများ ကိုယ်တိုင်က အဝတ်အစား၊ အပြောအဆို၊ အနေအထိုင်၊ အစားအသောက်တွေကို ဂရုတစိုက် ထိန်းသိမ်းပြုပြင် လုပ်ကိုင်ဖို့ လိုတယ်၊ ဒီနယ်မှာရှိတဲ့ ကျောင်းသားတွေက တံငါလုပ်စားတဲ့သူတွေရဲ့ သားသမီး တွေဖြစ်ကြတယ်၊ဒီကလေးတွေဟာ မိဘရဲ့ အသက်မွေးဝမ်းကျောင်း ငါးရှာ၊ ငါးဖမ်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်းတွေနဲ့ ရာသီ အလိုက် အလုပ်ရှုပ်ကြတယ်၊ မိဘတွေ အလုပ်ရှုတ်တဲ့အချိန်မှာ သူတို့ကလေးတွေက အလုပ်မအားကြဘူး၊ ဒီကလေး တွေရဲ့ ပညာရေးဟာ ရင်လေးစရာ

ကောင်းတယ်၊ ဒါကြောင့် ကျောင်းပျက်တဲ့ကလေးတွေကို အချိန်ရတဲ့အခါ ပြန်ပြီး သင်ကြားပေးရမှာ ဖြစ်တယ်"

ဒုတိယအမျိုးအစားကတော့ လှေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း ပြုကြရတယ်၊ ဒီမှာရှိတဲ့ ကျောင်းသား ကျောင်းသူတိုင်း အရွယ်ရောက်လာလျှင် မိဘရှိးရာ လုပ်ငန်းကို လုပ်ကြရရှာတယ်၊ မိုးလေကင်းစင်ပြီး ရာသီဥတုသာယာတဲ့အခါမှာ လှေထိုး၊ လှေလှော်၊ မော်တော်သဘော်တို့နဲ့ အလုပ်လုပ်ကြရပြန်တယ်၊ အဲဒီမှာ လည်းပဲ ကလေးတွေဟာ မိဘအလုပ်ကောင်း ရင်ကောင်းသလို မအားလပ်ကြဘူး"

"လယ်ယာကိုင်းကျွန်း၊ ဥယျာဉ် လုပ်ငန်းနဲ့ လုပ်ကိုင်ကြတဲ့ မိဘတွေနဲ့ ပတ်သက်တဲ့ သားသမီးတွေ ဆိုရင် လည်း စိုက်ချိန်၊ ပျိုးချိန်၊ ထွန်ယက် ချိန်၊ သီးနှံဆွတ်ခူးတဲ့အချိန်တွေမှာ ကျောင်းသားတွေဟာ အလုပ်လုပ်ကြရတော့ ကျောင်းပျက်ကြရပြန်တယ်"

"ကျောင်းပျက်တဲ့အခါ စာကမလိုက်နိုင်တော့ဘူး၊ အဲဒီတော့ ကျောင်းမတက်ချင်ကြတော့ဘူး၊ စာမကျက်ချင်ကြတော့ဘူး၊ ကျောင်းကို ကြောက်လာတတ်ကြတယ်၊ အဲဒါကြောင့် ကလေးအများဆုံးအားလပ်တဲ့ အချိန်ကိုကျောင်းစာ တတ်အောင် အပင်ပန်းခံလုပ်ကြဖို့ လိုတယ်"ဟုမြို့နယ် ပညာရေးမှူး ဦးကျော်ခေါင်က ထပ်တလဲလဲ မှာကြားပေးသည်။

ဝါသနာပါ၍ဘီအီးဒီဆရာ ဖြစ်သင်တန်းဆင်းမသဇင်နွယ်အေး

အနေဖြင့် မိခင်ကြီးဆုံး၍ စိတ်သောက ရောက်နေသည့် ဒဏ်ကို ကလေးများအား စာသင်ကြားခြင်းဖြင့် မေ့ပျောက်အောင်ကြိုးစားပြီး တာဝန် ထမ်းဆောင်နေရှာပေသည်။

ဆရာဆိုသည်မှာ ဖြည့်ဆည်းရာ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် တပည့်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရသောကြောင့် ဖြစ်သည်။

ဆရာဆိုသည်မှာ ပံ့ပိုးရာ မည်ပေသည်။

ဆရာတို့ မည်သည်မှာ တပည့်များကို ပံ့ပိုးပေးရန် အမြဲစဉ်းစားနေသောကြောင့် ဖြစ်သည်။

ဆရာများတို့သည် အမြဲကူညီနေ ကြသည်။

တပည့်များ၏ လိုအပ်ချက်ကို ပံ့ပိုးကူညီရန် စဉ်းစားနေကြသည်။

ဆရာလုပ်သူတို့သည် ရည်ရွယ်ရာကို ဖြစ်မြောက်စေလိုသည်။

ဆရာ၊ ဆရာမများတို့သည် ဆန္ဒကို ပြီးမြောက်စေသည်၊ အလိုရှိရာကို ပြည့်စုံစေသည်။

မိမိတို့၏ တပည့်များကို ဘဝရှေ့ရေးအတွက် သူတို့ဆန္ဒနှင့် သူတို့အလိုရှိရာ ချောမောဖြစ်မြောက်ရေးအတွက် သင်ကြားပံ့ပိုးပေးကြသည်။

ဆရာတို့မည်သည်မှာ ပီတိကို စားကြရသည်။ တပည့်များတို့၏

ထွန်းပေါက်ဖြစ်မြောက်မှုများ တွေ့ရှိရသောအခါ ဝမ်းသာမှုပီတိများ ဖြစ်ပေါ်ခံစားရသည်။

ဆရာသည် စေတနာ ထားမှုကြောင့် စေတနာအပင်များ ရှင်သန်ပြီး စိတ်ချမ်းသာရသည်။

ဆရာသည် အနစ်နာခံခြင်းကြောင့် သူ၏နှလုံးသားတွင် ကျေနပ်ဝမ်းသာရသည်။ ဆရာသည် ဝါသနာကို ဖော်ထုတ်လုပ်ကိုင်ရခြင်းကြောင့် အစဉ်အမြဲ ရွှင်လန်း တက်ကြွနေကြသည်။

ဆရာသည် ဥယျာဉ်မှူးနှင့် တူသောကြောင့် ပိုးမွှားအန္တရာယ်ကာကွယ်သည့်အလား မကောင်းမြစ်တာ ဘေးဖယ်ကာဖြင့် ကောင်းရာကောင်းကြောင်းအစဉ်ထာဝရလောင်း၍တာဝန်ကျေကြသည်။

ဆရာသည် စတင်သူ ဖြစ်သောကြောင့် တပည့်များကို အစကောင်းစေရန် အမြဲလေ့ကျင့် သင်ကြားပေးလေ့ရှိသည်။

ဆရာသည် ညီညွတ်မှုကို မွေးဖွားပေးသည်။ စည်းလုံးမှုကို ရှင်သန်စေသည်။ ချစ်ခင်မှုများဖြင့် အေးချမ်းစေသည်။

ဆရာသည် သူပြုစုပျိုးထောင်မှု အပေါ်တွင် ထာဝစဉ် နုပျိုလန်းဆန်းမှုများကို အစဉ်ထာဝရ ရှင်သန်စေသူ ဖြစ်သည်။

- သူ့ကို ကြည့်ကာ လေးစားပါသည်
  သူ၏ ဆုံးမ နှလုံးလှ၏
  သူ၏ လုပ်ရပ် လွန်ကျနပ်၏
  ကြည်ညိုလေးစား စေတနာ စကား။
- ရင်တွင်းခံစား အားမာန်များသည်
  စေတနာမေတ္တာပွားများကာဖြင့်
  တိတ်တခိုးအချစ် ရင်ဝယ်ဖြစ်မိ
- အချစ်စိတ်ကလေး ရင်ဝယ် မွေးပြီး
  ချစ်မိစိတ်များ ရင်ဝယ်ပွားလည်း
  မျိုသိပ်လျက်ပါ
  တိတ်တခိုး အချစ်ရာ။

✿ ✿ ✿

သူ၏ အစ်မ မသီတာသိမ့်သည် ဦးကျော်ခေါင်ကို အလွန်ချစ်သည်။ ဦးကျော်ခေါင်ကလည်း မသီတာသိမ့်ကို အလွန်မြတ်နိုးသည်။

ချစ်ကြ၊ ခင်ကြ၊ ကြင်နာကြသော သူတို့နှစ်ဦးကို ကံကြမ္မာက မျက်နှာသာ မပေးခဲ့ပေ။

နှစ်အတန်ကြာ တာဝန်များကြောင့် ကွဲကွာရာမှ မသီတာသိမ့်ကို မိဘများက အိမ်ထောင်ပြုစေခဲ့သည်။

မသီတာသိမ့်ခမျာ ချစ်ဦးသူ ကိုကျော်ခေါင်အတွက် အသည်းကြွေ မတတ် ပူဆွေးခဲ့ရရှာသည်။

မိဘစကားနားထောင်ပြီး အချစ်မပါသော အိမ်ထောင်ရေးကြီးကို မလွှဲမရှောင်သာပဲ လက်ခံလိုက်ရသည်။

ချစ်မြဲချစ်၊ ကြင်နာမြဲ ကြင်နာလျက်ရှိသော ဆရာကျော်ခေါင်တစ်ယောက် အဖြစ်မှန်ကို မသိဘဲ မျှော်လင့်ဆဲ ရောင်ခြည်တွေနှင့် အလုပ်မှ ခွင့်ယူ၍ ပြန်အလာတွင် ချစ်သူသက်လျာမှာ တစ်ပါးသူရင်ခွင် ခိုလှုံခြင်းကြောင့် သူ့အသည်းနှလုံးများ ကျေပြုန်းရရှာသည်။

အချစ်ဝေဒနာကိုတာဝန်နှင့် ဖုံးကွယ်ပြီး အပူရုပ်ကို ဟန်လုပ်လို့ ထိန်းကာ အလုပ်ခွင်ရှိရာသို့ ပြန်လာပြီး အချစ်အစား အပြစ်များ မတွေးတော့ဘဲ မြတ်နိုးသော ပညာရေးလုပ်ငန်းဖြင့် အရှုံးကို အမုန်းနှင့် အဆုံးမသတ်ဘဲ အလုပ်တည်းဟူသော အပြုံးဖြင့် ထိန်းချုပ်ကာ ကြိုးစားခဲ့သည်မှာ အချစ်အနာဟောင်း ကလေးများပင် မေ့ပျောက်တော့ မယောင်ယောင် ဖြစ်အောင် ကြိုးစားနေသည်ကို အနီးကပ်လေ့လာ တွေ့ရှိလိုက်ရသော မသဇင်နွယ်အေး တစ်ယောက်မှာ သနားစိတ်များ ဖြစ်ပေါ်လာသည်လားမသိ၊ ခင်မင်စိတ်များ ယိုဖိတ်လာဟန်ရှိသည်။

အသည်းငယ်သော မိန်းမသား တစ်ယောက်အဖို့ ဤသို့ခံစားရသည်ကို အပြစ်ပြောရမလား၊ အချစ် သဘောဟု ဆိုရမလား။

အလုပ်ခန့်စာနှင့်အတူ ဆရာမျိုးမင်းနှင့် မနွယ်ဝင်း တို့နှစ်ယောက် အေးသာယာကျောင်းသို့ ရောက်ရှိလာကြသည်။ ကျောင်းအုပ်ဆရာမကြီးဖြစ်သူ ဒေါ်သဇင်နွယ်အေးက လိုက်လံ ဝမ်းသာစွာ ကြိုဆိုပြီး သင်ကြားရမည့် အတန်းများကို ခွဲဝေပေးအပ် လိုက်သည်။

*"ဆရာမကြီးဆိုလို့ အသက်ကြီးကြီး မှတ်တာ ၊ အခုတော့ ငယ်ငယ်လေးပဲ၊ တော်တော်ချော၊ တော်တော် လှတာပဲ"*

ဆရာမလေးမနွယ်ဝင်းက မိန်းမချင်းဖြစ်၍ သူတို့အထက်က ဆရာမကြီးကို ချီးမွမ်းစကား ပြောဆိုခြင်း ဖြစ်သည်။

ဆရာလေး မောင်မျိုးမင်းကလည်း သူနှင့် မတိမ်းမယိမ်းအရွယ် ရှိသော ကျောင်းအုပ်ဆရာမကြီးကို သူတို့နှစ်ဦးက သူတို့အမြင် သူတို့အတွေးများဖြင့် ပြောဆိုနေကြခြင်း ဖြစ်သည်။

ဆရာမောင်မျိုးမင်းနှင့် ဆရာမလေး မနွယ်ဝင်းတို့သည် ဘွဲ့ရပြီး အလုပ်လျှောက်ရာမှ ယခုကဲ့သို့ ကျောင်းဆရာ ခန့်ထားခံရခြင်းဖြစ် သည်။

ဆရာဖြစ်သင်တန်း မတက်ရ သေးသောကြောင့် သူတို့လေး တွေအနေဖြင့် ကျွမ်းကျွမ်းကျင်ကျင် သင်ကြားနိုင်ခြင်း မရှိကြသေး ပေ။

ညနေ ကျောင်းဆင်းသည်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သဇင်နွယ်အေးသည် သင်ကြားပုံ သင်ကြားနည်းများ နေ့စဉ်

ဆွေးနွေး လေ့ကျင့်ပေးလေသည်။

အချိန်ကို လေးစားရန်နှင့် သင်ကြားရမည့် ဘာသာရပ်ကို သတ်မှတ်ချိန်အတွင်း စေတနာ အပြည့်အဝထား၍ ကျောင်းသားများနားလည် သဘောပေါက်အောင် ဆွေးနွေးညွှန်ပြပေးလေသည်။

အတန်းတင် စာမေးပွဲစစ်သောအခါတွင် သူတို့နှစ်ဦး သင်ကြားသော အတန်းများရှိ ကျောင်းသားများတို့သည် မေးထားချက်နှင့် ဖြေဆိုချက်တို့မှာ ကိုက်ညီမှုမရှိဘဲ အခက်အခဲများ ဖြစ်နေသည်ကို တွေ့ရှိရသောကြောင့် စာမေးပွဲပြီး၍ ကျောင်းပိတ်လိုက်ရသော်လည်း ကျောင်းသားများကို ရက်အနည်းငယ်သာ နားစေပြီး အချိန်ပို ခေါ်၍ သူမကိုယ်တိုင် သင်ကြားပေးလေသည်။ သူမကိုယ်တိုင်ကလည်း ဆက်၍ စာမေးပွဲဖြေရန် ကြိုးစားနေသည်။

ကျောင်းသို့ရောက်ပြီး ခြောက်လ ခန့်အကြာတွင် ကျောင်းဈေးရောင်းနေ သော ဒေါ်သန်းညွှန့်ကြီးက ဆရာလေးနှင့် ဆရာမလေးတို့ နေပုံထိုင်ပုံ အမြင် မတော်ကြောင်း တစ်ဆင့်စကားကြား သိရသည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်သဇင်နွယ်အေးသည် သူမလေးစားရသော အသုတ်စုံရောင်းသည့် ဒေါ်သန်းညွှန့်ကို တိုးတိုးတိတ်တိတ် ခေါ်ယူ မေးမြန်းရပေတော့သည်။

*"ဆရာမကြီးရေ... ကျွန်မက အားနာလို့ ဆရာမကြီးကို တိုက်ရိုက်မပြောရဲဘူး၊ တချို့လူတွေက မြှောက်ပေးတာနဲ့ ဆရာလေးက ဆရာမလေးကို ပိုးပန်းစကားတွေ ပြောပြီးတော့ အခု*

*ဟိုချိန်းတွေ၊ ဒီချိန်းတွေ့တွေ့နေတာကြားရတယ်"*

*"ဒေါ်သန်းညွန့်ကြီးရေ၊ ကျေးဇူး တင်တယ်၊ ပတ်ဝန်းကျင်ကို လည်း အပြောလွတ်အောင် ထိန်းပေးပါဦး၊ ကျွန်မလည်း ကြည့်ရှု ထိန်းသိမ်း လိုက်ပါမယ်၊ ကျေးဇူးတင်ပါတယ်"*

ဒေါ်သဇင်နွယ်အေး အနေဖြင့် တာဝန်အရ ကျောင်းအုပ်လုပ် ရသော်လည်း သူ၏ မောင်ငယ်၊ ညီမငယ် ဆရာမျိုးမင်းနှင့် ဆရာမ မနွယ်ဝင်းတို့ ပေါ်တွင် ကိုယ်ချင်းစာမိပေသည်။

တစ်ရပ်တစ်ကျေးတွင် လူငယ် လူရွယ် လူလွတ်များ အနေဖြင့် အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိဖြစ်တတ်ကြသည် မဟုတ်ပါလား...။

သို့ရာတွင် ကျေးရွာသူကျေးရွာ သားများအနေဖြင့် မိမိတို့ အထင်ကြီး လေးစားသော ဆရာ၊ ဆရာမများ တို့ကို သာမန်လူတွေ လို သဘော မထားဘဲ မြင့်မြင့်မြတ်မြတ် တလေးတစား မြင်လို တွေ့လိုကြပေသည်။ ကျေးရွာတွင်းရှိ မိန်းမပျိုများက ချောမော ခန့်ငြားသော ဆရာမျိုးမင်းကို အထင်ကြီးကြ၊ လေးစားကြ၊ စိတ်ဝင်စားကြသည်။

ကြည့်ပျော်ရှုပျော် ချစ်ခင်စရာ ကောင်းသော ဆရာမလေး ကိုကား သူတို့ရွာ သူတို့ဓလေ့နှင့် မတူသော ဝတ်စား ဆင်ယင်နေ ထိုင်မှုများကို နှစ်ခြိုက်ကြသည်။ သဘောကျကြသည်။ မေတ္တာရိပ် ခိုလှုံလိုကြသည်။

လူငယ်လူရွယ်၊ ယောက်ျားပျို၊ မိန်းမပျိုလေးများ သဘာဝအရ စနောက်ရဖ်း ခင်မင်ရင်းနှီးကြရင်းဖြင့် ချစ်သူဘဝ ရောက်ရှိသွားရသော သူတို့နှစ်ဦးအတွက် အဘယ်သို့ ပြောဆို ဆုံးမရပါအံ့နည်း။

မိန်းမချင်းဖြစ်သော ဆရာမလေးကို ခေါ်ယူမေးမြန်း တီးခေါက်ကြည့်မိသည်။ သူလိုချင်သော အဖြေမရပေ။

ခက်တော့ ခက်နေဟန်ရှိသည်။

အချစ်ဆိုသောအရာသည်ကား မျက်လုံးကိုလည်း မှိတ်စေသည်။ ပါးစပ်ကိုလည်း ပိတ်စေသည်။ နားကိုလည်း ပင်းစေခဲ့သည် မဟုတ်ပါလား။

အခက်တကာ့ အခက်ဆုံးသည်ကား တစ်ရွာတည်းနေ တစ်ကျောင်းတည်းသင်ပြီး အတူသွား အတူလာပါ များသောအခါ အချစ်မိုး ရွာ၍ မေတ္တာပျိုးပင်များ ရှင်သန်စေတော့သည်။

မည်သူက တိုင်လိုက်မှန်းမသိ၊ မြို့နယ်ပညာရေးမှူးရုံးက ကျောင်းအုပ်ဆရာမကြီးကို ခေါ်ယူ၍ မေးမြန်းစစ်ဆေး လေတော့သည်။

အကြောင်းအရင်းမှာ ကလေးတွေ ပညာရေးကို ဂရုမစိုက်ဘဲ ကျေးရွာထဲတွင် အမြင်မတော် အနေထိုင်မတတ်စွာ နေထိုင်သည့် အကြောင်း ပါရှိနေသည်။

ဒေါ်သဇင်နွယ်အေးအနေဖြင့် မိမိမှာ တာဝန်အရှိဆုံးဖြစ်ကြောင်း သူနား လည်မိပေသည်။

ဘယ်လိုက ဘယ်လိုမှန်းမသိ ဆရာတော်ဘုရား ကြား သိသွားပြီး မိမိရော၊ ဆရာတော်ပါ စိတ်မကောင်းကြီးစွာ ဖြစ်ရလေသည်။ စကားနည်း ရန်စဲဖြစ်ရလေအောင် သူတို့နှစ်ဦးကို ကျောင်းပြောင်းပေး လိုက်လေသည်။

ဆရာမျိုးမင်းနှင့် ဆရာမလေးမနွယ်ဝင်းတို့၏ဖြစ်ရပ်နှင့် အတွေ့အကြုံများတို့သည်ကား ဆရာမကြီး ဒေါ်သဇင်နွယ်အေး အနေဖြင့် ချစ်ကြသူများကို အပြစ်တင်ရမလား၊ ပတ်ဝန်းကျင်ကိုပဲ အပြစ်မြင်ရမလား၊ ဝေခွဲမရလောက်အောင် ခံစားရသည့်အပြင် သူမစိတ်ထဲတွင် တစ်ကိုယ်တည်း အပျိုကြီးဘဝကို ပြန်လည် သုံးသပ်တွေးတော ငေးမောမိပေတော့သည်။

❀ ❀ ❀

*"ဟောဒါက... ဦးညွန့်အောင်၊ မြို့နယ် စိုက်ပျိုးရေးအရာ ရှိပါ... တက္ကသိုလ်မှာတုန်းက တွဲဖော်တွဲဖက် သူငယ်ချင်းတွေပဲ... "*

*"ဒါက... ဆရာမလေးမသဇင်နွယ်အေး"*

*"ဟုတ်ကဲ့... တွေ့ရတာ ဝမ်းသာပါတယ်"*

ဦးကျော်ခေါင်သည် သူ့သူငယ်ချင်းနှင့် ဆရာမလေး ဒေါ်သဇင်နွယ်အေးတို့ကို မိတ်ဆက်ပေးခြင်း ဖြစ်သည်။ စိုက်ပျိုးရေးအရာရှိ ဦးညွန့်အောင်သည် ပျော်ပျော်ရွှင်ရွှင်

နေတတ်သောသူ ဖြစ်သည်။ သူငယ်ချင်းဖြစ်သူ ကိုကျော်ခေါင်ကို နောက်ရင်း ပြောင်ရင်းဖြင့် သူကဒကာခံပြီး ခေါက်ဆွဲဆိုင်သို့ ခေါ်သွားကာ ခေါက်ဆွဲများ ကျွေးပေတော့သည်။

စားရင်းသောက်ရင်း တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးသွားကြသည်။ မသဇင်နွယ်အေးမှာ ကိုကျော်ခေါင်၏ ချစ်သူ မသီတာသိမ့်၏ ညီမဖြစ်ကြောင်း သိရှိသွားလေသည်။

မသဇင်နွယ်အေးသည် သူတို့ နှစ်ဦးကို တောင်းပန်ပြီး ပြန်သွားလေသည်။

*"ကျော်ခေါင်ကြီး... မင်းရည်းစား သီတာသိမ့်ထက်တောင် သူ့ညီမက ပိုတောင် ချောနေသေးတယ်၊ ဟိုတစ်ခါ ကျန်ရစ်ဖြစ်ပြီးပြီ...၊ ဒီတစ်ခါတော့ ကျန်ရစ်မဖြစ်စေနဲ့၊ လက်ဦးပေ့စေ၊ မင်း လက်နှေးနေရင် ငါက ရအောင် ပိုးမှာနော်..."*

*"ဟာ... သူငယ်ချင်းရာ မလုပ်ပါနဲ့၊ တို့တတွေက တက္ကသိုလ် ကျောင်းသားဘဝတုန်းကလို နောက်ချင်တိုင်းနောက် ပျော်ချင်တိုင်း ပျော်ပြီး ပြောချင်တိုင်း ပြောလို့မရဘူးမဟုတ်လား၊ ကိုယ့်အနေနဲ့က အသည်းတစ်နေရာမှာ တစ်ချိန်က ချစ်ခဲ့ဖူးတဲ့ အချစ် နေရာမှာ အစားထိုးဖို့ မလွယ်လှဘူး သူငယ်ချင်း"*

*"ဆရာဆိုတဲ့ဂုဏ်ဟာ စောင့်စည်း ရမယ့်ကျင့်ဝတ်၊ လိုက်နာရမယ့်စည်းကမ်း၊ ထမ်းဆောင်ရမယ့် တာဝန်တွေက တို့ကို ချည်နှောင်ရစ်ပတ်ထား လေတော့ တစ်ခြားလူတွေနဲ့ မတူဘူး၊*

*အနန္တဂိုဏ်းဝင်တွေ မဟုတ်လား၊ နှလုံး သားထဲက ဘယ်လောက်ပဲ ချစ်ချစ် ဘယ်လောက်ပဲ မေတ္တာတွေထားထား၊ အချစ်စကား ကိုတော့ ပြစ်မှားလို့ မဖြစ်ဘူး သူငယ်ချင်း၊ ပိုဆိုးတာက သူနဲ့ ကိုယ်နဲ့က ဆရာတွေ၊ ကိုယ်က ပိုပြီးတော့ ဆရာတွေပေါ်မှာ အုပ်ချုပ် ဦးဆောင်ရတဲ့ သူဆိုတော့ စိတ်ကို အလိုလိုက်ပြီး မေတ္တာတံခါး ကျိုး ပေါက်သွားအောင် ဘယ်လိုမှ လုပ်လို့ မရဘူး သူငယ်ချင်း"*

*"ကျော်ခေါင်ရာ... မင်းနဲ့ငါ... နှစ် ယောက်တည်းရှိတုန်း ငါက မင်းကို ဖြစ်စေချင်လို့ စတာပါ...၊ မင်းက အချစ်ဋီကာ မဖွင့်ဘဲနဲ့ တရားဟောနေလိုက်တာ ငါတောင် စိတ်ညစ်သွားပြီ၊ နောက်မှ နောင်တမရနဲ့နော်၊ ငါကတော့ မြင်မြင်ချင်း ချစ်မိပြီဆိုတဲ့ သီချင်းထဲ ကလို လူပျိုကြီးဘဝ ရှာန် လျှောတော့မယ်နဲ့ တူတယ်... "*

ဦးကျော်ခေါင်သည် သူငယ်ချင်းဖြစ်သူ၏ ပြောဆိုသံကြား လိုက်ရသော အခါတွင် မသဇင်နွယ်အေး အတွက် နမြောသလို ဝမ်းနည်းသလိုလို ဖြစ်ပေါ်ခံစားရပေသည်။

မသဇင်နွယ်အေးသည် သင်တန်းတက်ရန်အတွက် နိုင်ငံခြားသို့ နှစ်နှစ် တာခရီး သွားရောက်ရပေသည်။

ဦးကျော်ခေါင်သည်လည်း ပညာရေးအဖွဲ့ လေ့လာရေး ခရီးစဉ် အဖြစ် နိုင်ငံခြားသို့ သွားရောက်ခဲ့ရသည်။ ရာထူးတိုး၍ ခရိုင်ပညာ ရေးမှူး အဖြစ် ခန့်ထားခံရသည်။

တာဝန်ကျေသော စေတနာထားသော ကြိုးစားသော ဦးကျော်ခေါင် တစ်ယောက် ရောက်လေရာနေရာတိုင်းတွင် အများ၏ လေးစား ချီးမွမ်း ခံရသည်။

❀ ❀ ❀

*"မသဇင်နွယ်အေးရေ၊ ဟောဒီ နိုင်ငံခြားသားက ညည်းကို စိတ်ဝင်စားလို့ မိတ်ဆက်ပေးပါတဲ့"*

တစ်နေ့သောအခါ ဦးထွန်းအောင်ဆိုသော ပုဂ္ဂိုလ်ကြီး တစ်ယောက်က မသဇင်နွယ်အေးကို ယခုကဲ့သို့ ပြောဆိုလာခြင်း ဖြစ်သည်။

*"ကျေးဇူးတင်ပါတယ် အန်ကယ် ဦးထွန်းအောင်၊ မိတ်ဆက်တယ်၊ ခင်မင်တယ်၊ ရင်းနှီးတယ်ဆိုတာ ဂုဏ်ယူစရာ အလုပ်တစ်ခု ဖြစ်ပါတယ်ရှင်"*

*"ဟုတ်ကဲ့... ကျွန်မ သဇင်နွယ်အေးပါ၊ မြန်မာနိုင်ငံကပါ၊ ဘွဲ့လွန် သင်တန်းလာတက်နေတာ ပါရှင်"*

မိတ်ဆက်ပေးသော နိုင်ငံ ခြားသား မစ္စတာဘရောင်း ဆိုသူကို မသဇင်နွယ်အေးသည် ယခုကဲ့သို့ ဖော်ဖော်ရွေရွေ ပျူပျူငှာငှာ ဆက်ဆံ ပြောဆိုလိုက်ပေသည်။

မကြာခဏ သင်တန်းအတူ တက် ကြသူများ ဖြစ်သောကြောင့် တွေ့ကြ၊ ဆုံကြ၊ ပြောကြဆိုကြ ရပေသည်။

နိုင်ငံခြားသား မစ္စတာဘရောင်းမှာ ချောမောလှပသော မသဇင်နွယ်အေးကို ရင်းနှီးရုံ ခင်မင်ရုံမှ ကျော်လွန်ပြီး အချစ်စကားများ ပြောဆိုလာပေသည်။ မသဇင်နွယ်အေးသည် ပါးနပ်စွာ ရှောင်တိမ်းခဲ့ပေသည်။

သင်တန်းပြီးဆုံးခါနီးတွင် မစ္စတာဘရောင်းသည် ဦးထွန်းအောင်၏ အကူအညီယူ၍ လက်ထပ်ခွင့် တောင်းပေတော့သည်။ ဦးထွန်းအောင် ကိုယ်တိုင်ကလည်း မစ္စတာဘရောင်းဆိုသူ၏ ပြည့်စုံမှု၊ ကြွယ်ဝမှု၊ အောင်မြင်မှု၊ တိုးတက်မှုများကို အလွန်အထင်ကြီး နေဟန်ရှိသည်။

မစ္စတာဘရောင်းသည် ကျွေးမွေး ဖည့်ခံ၍ လိုလေသေးမရှိ ပြုစုပြီးလျှင် အဖိုးတန်သော လက်ဆောင်များပေးပြီးမှ ယခုလို သူ့ကို လက်ထပ် ခွင့်ပြုရန် တောင်းဆိုခြင်းဖြစ်သည်။

မသဇင်နွယ်အေးက "*ကျွေးမွေးတာ ကျေးဇူးတင်ပါတယ်ရှင် ဖည့်ခံတာကိုလည်း ဂုဏ်ယူပါတယ်၊ လက်ဆောင် များပေးတာလည်း ဝမ်းသာပါ တယ်ရှင်၊ ဒါပေမယ့် လက်ထပ်ဖို့ရာ မဖြစ်နိုင်ပါဘူးရှင်*" ဟူ၍ မွန်မွန်ရည်ရည်၊ ပြေပြေလည်လည် ပြုံးပြုံးရွှင်ရွှင်ဖြင့် ငြင်းဆိုစကား ပြောကြားလိုက်ပေသည်။

မစ္စတာဘရောင်းတစ်ယောက်မှာ အလွန်အံ့သြ၍ သွားပေသည်။

သူ့အထင်၊ သူ့အမြင်၊ သူ့အတွေး တို့သည်ကား မိမိလို ပြည့်စုံသူတစ်ယောက်အပေါ် ငြင်းပယ်လိမ့်မည်ဟု ထင်မထားပေ။

နိုင်ငံကြီးသားပီပီ မျှော်လင့်ချက် ကင်းမဲ့ရမှုအတွက် အိန္ဒြေမပျက် နှုတ်ဆက်၍ သူ့နိုင်ငံသို့ ပြန်သွားပေသည်။

*"အန်ကယ်ဦးထွန်းအောင်ကို သမီးစကား နည်းနည်း ပြောချင်ပါတယ်"*

*"ပြောပါ... ပြောပါ"*

*"အန်ကယ်အနေနဲ့... မစ္စတာ ဘရောင်းကို ဘယ်လိုမြင်လဲ"*

"ဟာ!...ဒီလို လူမျိုးက အလွန်ရှားတယ်၊ စိတ်သဘောထားကောင်းပြီး ပြည့်စုံသူ ဖြစ်တယ်၊ ပညာလည်း ထူးချွန်သူဖြစ်လို့ အန်ကယ်က ငါ့တူမကြီးအတွက် ကံကောင်းပါစေဆိုပြီး ဆက်သွယ်ပေးတာပါ"

❀ ❀ ❀

နိုင်ငံခြားမှ ပညာသင်ပြီးနောက် ဆရာမဒေါ်သဇင်နွယ်အေး တစ်ယောက် မြန်မာပြည်သို့ ပြန်ရောက်ခဲ့သည်။ အထက်တန်းပြအဖြစ် တာဝန် ထမ်းဆောင်ရင်းဖြင့် အထက်တန်းကျောင်းအုပ်ဆရာမကြီးဘဝ တိုးမြှင့်ခံရသည်။

*"ညီမလေးရေ...*

မမ သတိတရ စာရေးလိုက်တယ်...။ မမျှော်လင့်ဘဲ ဆရာဦးကျော်ခေါင်ကြီး ရာထူးတိုးပြီး အစ်မတို့ မြို့ကို ရောက်လာတယ်...။ မမခင်ပွန်းနဲ့သူနဲ့က တော်တော်တရင်းတနီး ရှိကြတယ်။ မမဘက်က ပျက်ကွက်ခဲ့ရတာဆိုတော့ ကိုကျော်ခေါင်ကြီးကို မမ မျက်နှာပူလှတယ်။ အားလည်း နာမိတယ်။

ကိုကျော်ခေါင်ကြီးကတော့ အခင်အမင် မပျက်ဘူး။ ကိုကျော်ခေါင်မှာ တခြားလူတွေမှာ မရှိတဲ့အချက်တွေကို မမသတိထားမိတယ်။ အဲဒါက ဘာလဲဆိုတော့ ဦးနှောက်နဲ့ နှလုံးသား မရောထွေးဘဲ ထိန်းသိမ်းနိုင်တာဟာ...ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တစ်ယောက်မှာရှိသင့်တဲ့အရည်အချင်းတွေသူ့မှာရှိနေတာတွေ့ ရတယ်။ ညီမလည်း အသက်(၃၀)ကျော်ပြီနော်...။ သည်အသက်အရွယ်ဟာ မမတို့လို မိန်းမသားတွေအနေနဲ့ အိမ်ထောင်ရေးကို အလေးထားပြီး စဉ်းစားသင့်တဲ့ အရွယ်လို့ မမတော့ ထင်တယ် ညီမလေး...။

ညီမလေးရဲ့ လွတ်လပ်ခွင့်အရ ဘယ်သူ့ယူပါ၊ ဘယ်သူ့ မယူပါနဲ့လို့ မမက ညီမလေးကို မပြောသင့်တော့ဘူးလို့ ...ထင်တယ်။ မမတို့အိမ်ထောင်ရေးမှာ ဆိုရင် မိဘစကား နားထောင်လိုက်လို့ မိဘတွေ စိတ်ချမ်းသာတယ်။ မိဘစကား နားထောင်တဲ့ သမီးကောင်း ပီသခဲ့တယ်။ ဒါပေမယ့် အချစ်မပါတဲ့ မမတို့အိမ်ထောင်ရေး

ကို ကြိုးစားပြီး ဖန်တီးယူရတဲ့ မမဘဝမှာ အများကြီးအခက်အခဲတွေ ကြုံခဲ့ရတယ်။

မမတို့ ညီမလေးတို့လို မိန်းမသားတွေဆိုတာ တစ်ပွင့်တည်း ပန်မှ တန်ဖိုးကြီးတာ မဟုတ်လား...။ သားတွေ သမီးတွေနဲ့ သာယာတဲ့ အိမ်ထောင်ဖြစ်အောင် ထူထောင်နေရသလို ပျော်ရွှင်တဲ့ အိမ်ထောင်ဖြစ်အောင် ကြိုးစားနေရတယ်။

ရိုးမြေကျဆိုတဲ့ မမတို့ မြန်မာအမျိုးသမီးတွေရဲ့ မွန်မြတ်တဲ့ အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်စရာ ဖြစ်တယ်။

အကယ်၍များ ချစ်သူနဲ့ မိဘ သဘောတူပြီး ပြည့်စုံတဲ့ အိမ်ထောင်ဆိုရင်တော့ ပိုပြီးကောင်းတဲ့ အိမ်ထောင် ဖြစ်မှာပေါ့ ညီမလေးရယ်...။

ကိုကျော်ခေါင်ကြီးဟာ ညီမကို စိတ်ဝင်စားနေတယ်ဆိုတာ မမ အကဲခတ်မိပါတယ်။ ဒါပေမယ့် သူကတော့ ဆရာဆိုတဲ့ ကျင့်ဝတ် သိက္ခာနဲ့ အသည်းနှလုံးကြားက အချစ်စကားကို ဖွင့်လှစ်သွားမယ့်ပုံ မပေါ်ဘူး...။

ငါ့ညီမလေးလဲ ကိုကျော်ခေါင့် အပေါ်မှာ လေးစားနေတယ် ဆိုတာ မမ ရိပ်မိပါတယ်။ ဒါပေမယ့် ညီမလေးရဲ့ ချို့ယွင်းချက်ကို မမကသိတယ်။ ရင်တွင်း ခံစားချက်ကို ဖွင့်ဟမပြောတတ်ဘူး။ ဖွင့်ထုတ်မပြောတတ်ဘူး။ မြို့သိပ်မှု တွေက တုတ်နှောင်နေတယ်လို့ မမ ကတော့ ထင်တယ်...။

လူတစ်ဦးနဲ့ တစ်ဦးဟာ လေးစားမှုကို အခြေခံထားလို့ရှိရင် ခင်မင်မှုကိုဖန်တီးယူလို့ရတယ်။ ဘာလို့လဲဆိုတော့ လေးစားမှုထဲမှာ ခင်မင်မှုက ပါနေလို့ပဲ ညီမလေး . . .။

ခင်မင်မှုကို အလေးပေး စဉ်းစားလိုက်ရင် သံယောဇဉ်ဆိုတဲ့ ကြိုးလေးဟာ ရစ်ပတ်စရာ ပေါ်ထွက်လာတော့တာပဲ . . .။ ငါ့ညီမလေးက နိုင်ငံခြားက အပြန်မှာ ဆရာဦးကျော်ခေါင်ကြီး အတွက် အမှတ်တရပစ္စည်းဝယ်လာတာ . . .၊ ပြီးတော့ . . . ဦးကျော် ခေါင်ဘဝအတွက် တွေးတောပူပင် တာလေးတွေဟာ မမအခု ပြောတဲ့ . . . အကြောင်းအချက်တွေရဲ့ အခြေခံ လေးတွေလို့ ဆိုချင် တယ် ညီမလေး . . .။

ညီမလေးကျန်းမာချမ်းသာပါစေ။

ညီမလေးပို့တဲ့ လက်ဆောင်တွေ ရတဲ့အတွက် မိသားစုက ဝမ်းသာကြတယ် . . .။

ချစ်သောမမ

သီတာသိမ့်

"အခုခေါ်ယူလိုက်တဲ့ ပုဂ္ဂိုလ်တွေက ခရိုင်အဆင့်၊ တိုင်းအဆင့် ပညာရေးဌာနက အကြီးအကဲတွေ ဖြစ်တယ်... ခေါ်ယူဆွေးနွေး သင်ကြားပေးမယ့် အကြောင်းအရာက မြန်မာနိုင်ငံမှာ သင်ကြားနေတဲ့ စနစ်သစ်ပညာရေးနဲ့ ပတ်သက်ပြီး နိုင်ငံခြားမှ လေ့လာရေးအဖွဲ့တွေလာဖို့ရှိပါတယ်...။

အဲဒီအဖွဲ့ကိုကြိုဆိုရမှာ ဧည့်ခံရမှာ ရှင်းလင်းရမှာ သင်ကြားရမှာ၊ မေးမြန်းချက်တွေ ဖြေဆိုရမှာတွေ ရှိပါတယ်။ အဲဒီအတွက် လုပ်နည်းကိုင်နည်း၊ လုပ်ပုံ ကိုင်ပုံတို့ကို တစ်လကြာ သင်တန်းတက်ရမှာ ဖြစ်တယ်။

သင်တန်းဆင်းပြီးတဲ့အခါ ဆရာဦးကျော်ခေါင်က အဖွဲ့ခေါင်းဆောင်အနေနဲ့ တာဝန်ယူပြီး အပိုင်းလိုက် ကြိုတင် ပြင်ဆင်ရမှာဖြစ်ပါတယ်...အရေးကြီးဆုံးအဖွဲ့အတွင်းရေးမှူးအတွက် အားလုံးသဘောကျ ရွေးချယ်ထားတာကတော့ ဆရာမ ဒေါ်သဇင်နွယ်အေး ဖြစ်ပါတယ်...ဆပ်ကော်မတီအသီးသီး တာဝန်တွေ ခွဲဝေထုတ်ပြန်ပေးပါမယ်..."

မနက်လေးနာရီတွင် အိပ်ရာမှထပြီး ကျန်းမာရေး လေ့ကျင့်မှုပြုလုပ်ရာမှ ညကိုးနာရီအထိ သူ့အချိန်နဲ့သူ ပြင်းပြင်းထန်ထန် လေ့ကျင့်ကြရသည်။ ဗွီဒီယိုများ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ထားကြသည်။

သင်တန်းပြီးဆုံးပြီးနောက် နိုင်ငံခြားသားများ မလာမီ လက်ရွေးစင် ကျောင်းများရွေး၍ လေ့လာရသည်။ လေ့ကျင့်ကြရသည်။

*"ဆရာမရေ!... အရေးပေါ် အစည်းဝေးပွဲတစ်ခု ကျွန်တော့်ကိုယ်စား တက်ပေးပါဦး..."*

ဦးကျော်ခေါင်ထံမှ ကျန်းမာရေး မကောင်းသော အသံဖြင့် ဆရာမဒေါ် သဇင်နွယ်အေးထံ ဖုန်းဆက်၍ အကူအညီတောင်းသည်။

ဒေါ်သဇင်နွယ်အေးမှာ အစည်း ဝေးပွဲသို့ အပြေးအလွှားသွားရောက်တက်ရသည်။ သူမပြန်လာသောအခါ ဦးကျော်ခေါင်တစ်ယောက် ဆေးရုံတင်လိုက်ရကြောင်း ကြားသိလိုက်ရသည်။ ဆေးရုံသို့ အပြေးအလွှား ရောက်ရှိသောအခါ ဦးကျော်ခေါင်တစ်ယောက် သတိလစ်နေသည်ကို တွေ့လိုက်ရသည်။

ဦးကျော်ခေါင်မှာ၄က်ဖျားရောဂါအခံဖြင့် မမျှော်လင့်ဘဲ အဆုတ်အအေးပတ်ပြီး ယခုကဲ့သို့ ဆေးရုံတင်လိုက်ရကြောင်း သိရှိရသည်။ ဦးကျော်ခေါင် တစ်ယောက် နိုင်ငံခြားသားများ ရောက်ရှိသော အချိန်တွင် ဆေးရုံမှ မဆင်းနိုင်သေးပေ။

ဒေါ်သဇင်နွယ်အေး တစ်ယောက်မှာ အခြားပုဂ္ဂိုလ်များနှင့် ပူးပေါင်းပြီး ဦးကျော်ခေါင်၏ တာဝန်ကိုပါယူ၍ အောင်မြင်စွာ လုပ်ကိုင်ပေးနိုင်ခဲ့သည်။

ဦးကျော်ခေါင်မှာ ဆေးရုံတွင် ရှိနေစဉ်မှာသူ၏ မိဘညီအစ်ကို မောင်နှမများ ရောက်ရှိလာကြသည်။ ဒေါ်သီတာသိမ့်တို့ မိသားစု လည်း လာရောက်မေးမြန်းကြသည်။

ဒေါ်သီတာသိမ့်၏ ယောက္ခမများ ကလည်း မိတ်ဆွေဟောင်း များဖြစ်ကြ၍ လာရောက် မေးမြန်းကြသည်။

ဆရာကျော်ခေါင်၏ အစ်မတစ် ယောက်နှင့် မသီတာသိမ့်တို့မှာ သူငယ်ချင်းများ ဖြစ်ကြသည်။

*"သီတာရေ!… အစ်မကြီး အမိ ရာဆိုတော့ ညည်းကိုပဲ တိုင်ပင်ရတော့မှာပဲ၊ တို့ကတော့ ညည်းညီမ သဇင်နဲ့ မောင်ကျော်ခေါင်ကို အိမ်ထောင်ချပေးချင်တယ်။ ညည်းသဘော ဘယ်လိုလဲ။ သူစိမ်းတွေမဟုတ်တော့ ပွင့်ပွင့်လင်း လင်း ပြောရ အောင်…"*

*"ကျွန်မအနေနဲ့က ဘာမှ ပြောစရာ မရှိပါဘူး…"*

*"အဲဒါဆိုရင်လည်း ညည်းက သဇင်ကို တာဝန်ယူအေ…"*

*"တို့ကလည်း တို့မောင်ကို ဝိုင်း ပြောကြမယ်…"*

*"ကျန်းမာရေး မကောင်းကတည်းက သဇင်နွယ်လေးရဲ့ပြုစုပေး နေပုံတွေကို အားရပြီး တို့က ကျေးဇူးတင်နေတာ"*

*"မဖြစ်ဘူး ထင်တယ်နော်…၊ သဇင်က မာနတော်တော်ကြီး တာ၊ အစ်ကို့အပေါ်တစ်မျိုးထင်သွားရင် တစ်သက်လုံး စောင့်ထိန်းခဲ့ ရတာ အလကားဖြစ်သွားမယ်"*

ညီမများက အစ်ကိုဖြစ်သူကို ဝိုင်းဝန်းနားချသောအခါ လူပျိုကြီး ဦးကျော်ခေါင်မှာ မသဇင်နွယ်အေးအကြောင်း သိသောကြောင့် အကြောက်အကန် ငြင်းနေလေသည်။

*"မမရယ်...ဖြစ်ပါ့မလား၊ညီမက မမနဲ့ ပတ်သက်တာတွေရယ်၊ ကိုယ့်ထက် အကြီးအကဲတစ်ယောက် အနေနဲ့ရယ် ပြုစုပေးတာပါ..."*

အစ်မဖြစ်သူ၏ ပြောစကားကို သဇင်သည် စဉ်းစဉ်းစားစား ပြောဆိုပြီး ငြင်းဆန်ခဲ့ပေသည်။

❀ ❀ ❀

ဒေါ်သဇင်နွယ်အေးအတွက် အခက်အခဲနစ်ခု ကြုံတွေ့နေရသည်။ ကျောင်းသွားကျောင်းပြန်တွင် သူမကို မေတ္တာရှိ၍ ချဉ်းကပ်နေသော လူပျိုကြီး ဦးငြိမ်းမောင်၊ မုဆိုးဖိုဦးဘခက်၊ သူဌေးကြီးဦးဘသော်။

အရှောင်အတိမ်းရ ခက်လောက်အောင် အဖြေအမျိုးမျိုး တောင်းနေသည်ကို အရှက်အဖုံဖုံနှင့် အခက်ကြုံနေရပြီး ငြင်းမရသည့်အဆုံး တစ်ဦးဦးက အတင်းလက်ထပ်မည့်ပုံရှိသည်။ အိမ်ထောင် မပြုပါဘူးဟု အကြောင်းပြုပြီး မောင်းချနေသော အပျိုကြီး ဆရာမအတွက် သည်တစ်ချီတော့ဖြင့် ဆုံးဖြတ်ချက် ချရပေတော့မည်။

အဆိုးဆုံးမှာ မုဆိုးဖို ဦးဘခက်သည် စိန်ရွှေရတနာ တိုက်တာများဖြင့် အစ်မဖြစ်သူ မသီတာသိမ့်မှတစ်ဆင့် စေ့စပ် ကြောင်း လမ်းနားဖောက်လာပေတော့သည်။

ငြင်းလျှင်လည်းခက်၊ လက်ခံလျှင်လည်း တစ်သက်အတွက် မလွယ် ကူလှပေ။ အဘယ်သို့ အဖြေပေး ရအံ့နည်း။

နလန်ထစပြုသော ဆရာဦးကျော်ခေါင် အနေဖြင့်လည်း ပတ်ဝန်းကျင်က ဆေးပေးမီးယူဘဝဖော်တဲ့ . . .။ စပ်ကြ ဟပ်ကြ အောင်သွယ် လုပ်ကြသည်။

နောက်ဆုံးတွင် ဦးကျော်ခေါင်သည် . . . ကျော်ခေါင် အလှော်မ ရှောင်နိုင်လောက်အောင် အကျဉ်းအကျပ် တွေ့ရပေတော့သည်။

အချစ်ဆိုသည်မှာ စိတ်ဝင်စားမှု၊ ခင်မင်မှု၊ လေးစားမှုတို့မှ ပေါက်ဖွားလာ ရသော အရာမဟုတ်ပါလား . . .။

သူတို့နှစ်ဦးဖြစ်သော ဦးကျော်ခေါင်နှင့် ဒေါ်သဇင်နွယ်အေးတို့၏ တိတ်တခိုး အချစ်များသည်ကား မြို့သိပ်ဖုံးကွယ်နေရာမှ ယခုတော့ ဖြင့် ဤအတိုင်းနေ၍ မဖြစ်တော့ကြောင်း ဖူးစားရှင်မြှားနတ်မောင်က ပိတ်ထား သော အချစ်တံခါးကို လှစ်ထားပေး လိုက်ပေတော့သည်။

*"ဦးတို့ ဒေါ်ဒေါ်တို့က အခုလို မိသား ဖသားပီပီ လာရောက်ပြီး လက်ထပ်ဖို့ ကမ်းလှမ်းတာ ကျေးဇူးတင်ပါတယ်၊ ကျွန်မမှာ ချစ်ရမယ့်သူ ရှိပြီးသား ဖြစ်ပါတယ် . . . "*

ဤစကားကို မရဲတရဲ မရွံ့တရွံ့ ဖွင့်ထုတ်ပြောကြားလိုက်သူကား အချစ်အိမ်တွင်း ပုန်းမလေး ဘယ်သူဖြစ်မည် နည်း။

ခေါင်းကြီးငုံ့၍ အပြတ်စကားဖြင့် မရပ်မနားပြောလိုက်သူသည် ကား...။

*"ကျုပ်ရွေးထားတာရှိတယ်... မယူနိုင်ဘူးဗျာ"* ဟူသော ပြတ်တောက်တောက် စကားဖြင့် ခပ်စောင့်စောင့် ပြောလိုက်သူကား အဘယ်လူပျိုကြီး တစ်ကိုယ်တည်းသမားဖြစ်မည်နည်း။

*နစ်ဦးနစ်ဖက်*
*ချစ်ခင်လျှက်နှင့်*
*အသက်ကိုညှာ*
*ဂုဏ်တွေကာလျက်*
*ပြောမထွက်သည့်*
*တိတ်တခိုးအချစ်*
*ချစ်သူကိုရှာ*
*ထိုသူငါ့ကို*
*တွေ့သော်ငြားလည်း*
*ချစ်ရန်တံချ*
*မပါသူများ*

*စစ်မှန်အချစ်*
*ရင်တွင်းဖြစ်က*
*ပေါက်ပွားမေတ္တာ*
*မွေးဖွားလာသော်...*
*ဩော်... ဆွတ်ချူလှည့်ပါ*
*ပန်းရတနာဟု...။*


အချစ်ကို . . .
ဘယ်လိုပြောရပါ!


အချစ်ကို . . .
ဘယ်လိုပြောရပါ့

# အချိုကို . . .

# ဘယ်လိုပြောရပါ့

ချစ်သော ခင်သော
သံယောဇဉ်ကြီး သော သူများ အပေါ် တွင်
ပျက်ကွက်မိခဲ့သည်ရှိသော်
အဘယ်သို့ပြော ရပါအံ့နည်း ။

ကျွန်တော်ဆိုသည်မှာ ဇော်ထက်အောင် ဖြစ်ပါသည်။ ယခုအသက်မှာ (၁၉) နှစ်ကျော် ရှိပါပြီ။ ၂၀ထဲ ရောက်ပြီဟုလည်း ပြောရမလို ဖြစ်ပါသည်။ ကျွန်တော်သည် ၁၆နှစ်သားတွင် တောမြို့လေး တစ်မြို့တွင် ဆယ်တန်းအောင်မြင်ခဲ့ပါသည်။

အချိုသည် အမြဲတမ်း ချိုချိုသာသာ ပြောတတ်သူဖြစ်ပါသည်။ နာမည်နဲ့လိုက်အောင် အသံလေးက ချိုသာပါသည်။ မျက်နှာကလေးလည်း ပြုံးရွှင်လှပါသည်။ အသားကလည်း ဖြူဝင်းနေပါသည်။ အချိုသည် ကျွန်တော်ထက် တစ်နှစ်ငယ်ပါသည်။

အညိုမှာ အချို၏ အစ်မကြီးဖြစ် ပါသည်။ ကျွန်တော်ထက် နှစ်နှစ်ခန့် ကြီးပါသည်။ အညိုသည် အချို၏ အစ်မဟု ထင်ရသော်လည်း အသားကညိုပါသည်။ အချိုက မျက်နှာလုံးလုံး လေးဖြစ်ပါသည်။ အညိုက မျက်နှာခပ်ပြားပြား ဖြစ်ပါသည်။ အချိုက ကိုယ်လုံးသေးသေးလေးဖြစ်သည်။ အညိုက ကိုယ်လုံး ဝဝကလေး ဖြစ်ပါသည်။

ကျွန်တော်သည် အချို၊ အညိုတို့နှင့် အိမ်ချင်းကပ်လျက်ရှိသောကြောင့် အချိုတို့အိမ်ကို အမြဲတမ်းလိုလို ရောက်လေ့ရှိပါသည်။ မနက်အိပ်ယာမှ ထလျှင် အချိုတို့ အိမ်ရောက်သွားပါသည်။ ယောကျ်ားလေးမရှိသော အချိုတို့မိသားစုသည် ကျွန်တော်ကို တစ်ဦးတည်းသောယောကျ်ားလေးဖြစ်၍အားလုံးက အလိုလိုက်ကြသည်။ ချစ်ကြပါသည်။

အိမ်ကကျွေးသည့်မုန့်ကို ကောင်းသည်မထင်၊ အချိုက ကျွေးမှကောင့်းသည် ထင်ပါသည်။ အညိုကကျွေးမှ ကောင်းသည် ထင်ပါသည်။ မနက်မိုးလင်းလျှင် အချိုကကျွန်တော်ကို လာနှိုးမှ အိပ်ယာမှ ထလေ့ရှိပါသည်။ အခါတိုင်း မနက်အိပ်ယာထ လျှင် ကောက်တတ်၊ ဆိုးတတ်သော ကျွန်တော်သည် အချိုလာ နှိုးလျှင် ကြည်ကြည်သာသာ နိုးသောကြောင့် အမေက အချိုကို သွား၍ခေါ်ပြီး အနှိုးခိုင်းရသည်မှာ အမြဲဖြစ်ပါသည်။

အချိုသည် ပျော်ပျော်ရွှင်ရွှင်နေတတ်သည်။ အညိုက တည်တည် ငြိမ်ငြိမ် နေတတ်ပါသည်။

အချိုသည် အကြိုက်ကို အလိုက်ဆောင်၍ လုပ်တတ် သလောက် အညိုသည် ဖျောင်းဖျောင်း ဖျဖျ ပြောဆို၍ ကျွန်တော့် ကိုထိန်းတတ်ပါသည်။

ကျွန်တော် ကျောင်းစတက်သောအချိန်တွင် အညိုသည် တစ်တန်းသို့ ရောက်ရှိနေပြီဖြစ်သည်။

ကျွန်တော်သည်အချိုမပါလျှင်ကျောင်းမတက်ဟုဆိုသော ကြောင့် အမေသည် အိမ်နီးချင်းကျောင်းဆရာမကြီး အကူအညီဖြင့် အချိုကိုပါ ကျောင်းထားပေးရပါသည်။

အမေသည် ကျွန်တော့်ကို ခပ်မိုက်မိုက်၊ ခပ်ဆိုးဆိုး၊ ဂျစ်ကန်ကန် ကောင် ကလေးဟု ခဏခဏ စနောက်လေ့ရှိပါသည်။ ကျွန်တော့်ကို အမေဆူလျှင် အချိုသည် ဝမ်းနည်းစွာ ငိုရပါသည်။

အညိုသည် မျက်ရည်စမ်းစမ်းဖြင့် အမေ့ကို ကျွန်တော်အပြစ်က လွတ်အောင် တောင်းပန်ရသည်မှာ အမောတကော ဖြစ်သည်။

ရာသီသုံးပါးသည် သဘာဝတရားကြီးက ဖန်တီးထားသည့် အတိုင်း သူ့အချိန်နှင့်သူ တရွေ့ရွေ့ကုန်လွန် သွားလေပြီ...။

ကျွန်တော် ဆယ်တန်းအောင်ပြီးနောက် စင်္ကာပူနိုင်ငံတွင် အလုပ်လုပ်နေသော ဦးလေး၏ခေါ်ငင်မှုဖြင့် စင်္ကာပူနိုင်ငံသို့ ကျောင်း တက်ရန် သွားရမည်ဖြစ်ပါသည်။

နိုင်ငံခြားသွားရမည်ဆိုကတည်းက ပွင့်လင်းသော အချို သည် ကျွန်တော့်ကို မခွဲနိုင်ကြောင်း ဝမ်းနည်းစွာပြောပြီး ငိုရှာသည်။ အညိုကလည်း အချိုလို နှုတ်မှ ဖွင့်ဟမပြောသော်လည်း မျက်ရည် လေးတဝဲဝဲ ဖြစ်နေသည်ကို သတိထားမိလိုက်သည်။

ထိုခွဲခွာရမည့် အကြောင်းကို တွေးမိလိုက်တိုင်း ကျွန်တော့် စိတ်ထဲတွင် အချိုကိုရော...အညိုကိုပါ မခွဲနိုင်ကြောင်း သိလိုက်ရပါ သည်။

ဦးလေးဖြစ်သူသည် နိုင်ငံခြားမှ ကိုယ်တိုင်လာရောက်၍ ကျွန်တော့်ကို ခေါ်ယူသောကြောင့် ကျွန်တော့် မိသားစုရော အချိုတို့ မိသားစုပါ လေဆိပ်သို့ လိုက်ပို့ရန် ပြင်ဆင်ကြပေတော့သည်။

"ဖော်ဖော်နော်...ကလေးမဟုတ်တော့ဘူး...ဟိုရောက်ရင် စာကြိုးစား...ဒီမှာလို နေသလို မနေနဲ့နော်"

ကျွန်တော့်ထက်အသက်ကြီးသော အညိုက မျက်ရည်ဝဲဝဲ ဖြင့် ဝမ်းနည်းစွာ ကျွန်တော်ကို မှာရှာသည်။

"အောင်အောင်နော် ... အချိုကို မေ့မသွားနဲ့နော် ... ခဏခဏ ဖုန်းဆက်နော် ... စာလဲရေးဦး ...ကျောင်းစာလည်းကြိုးစား နော် ...အချိုတို့ မောင်နှမ သုံးယောက်အတူတူ တွဲရိုက်ထားတဲ့ ဓာတ်ပုံ ထည့်ပေးလိုက်မယ်နော်"

အနေနီးလျှင် ခင်မင်တတ်ကြပေသည်။ လက်သာလျှင် ရင်းနှီးတတ်ကြပေသည်။ ရင်းနှီးမှုနှင့် ခင်မင်မှု တို့သည် သံယောဇဉ် ကိုပေါက်ပွားစေသည်။ သံယောဇဉ်မှသည် မေတ္တာသို့ ကူးပြောင်းရ လေ့ရှိသည်။

ရင်းနှီးကြသော၊ ခင်မင်ကြသော ငယ်ပေါင်းမိတ်ဆွေ သူငယ်ချင်းတတွေသည် တစ်သက်တာအတွက် ရက်ကြာလျှက်နှင့် မမေ့နိုင်ကြသော ဖြစ်ရပ်ကလေးတွေကြုံကြရရှာပေသည်။ သူငယ် ချင်းဟူသော ဖြူစင်သော ဘဝသည်ကား တစ်သက်တာတွင် မေ့မရနိုင်ပါတကား ...။

မောင်ဖော်ထက်အောင် တစ်ယောက် သူ့ဦးလေးနှင့်အတူ လေယာဉ်ပျံကြီး စီး၍ စင်္ကာပူနိုင်ငံသို့ လိုက်သွားရသော်လည်း သူ၏ အသည်းနှလုံးသည်ကား အချို၊ အညိုတို့ နှင့်အတူ မြန်မာပြည်တွင် ကျန်ရစ်နေခဲ့သည့်အလား ရင်ထဲမှာ ဟာတာတာဖြစ်နေရှာသည်။

ဖခင်ဦးဇော်ဟိန်း၊ မိခင်ဒေါ်ထက်ဝေအောင်တို့သည်ကား တစ်ဦးတည်းသော သားလေးမို့ အလိုလိုက်ကြရှာသည်။ ချစ်ကြရှာသည်မှာ ပြောမပြနိုင်အောင် ဖြစ်ကြသည်။ မောင်ဇော်ထက်အောင်ကလည်း တစ်ဦးတည်းသော သားပီပီ နွဲ့ဆိုးဆိုးတတ်သည်။ ထစ်ကနဲဆိုလျှင် စိတ်ကောက်ရမှ ကျေနပ်သည်။ ဤသည်များကိုပင် မိဘနှစ်ပါးသည် ချစ်စနိုးသတ်မှတ်ပြီး အချစ်ဝင်လျှက် အပြစ်မတင်ရက်ကြပေ။

ဦးဇော်ဟိန်းသည် အရာရှိကြီး ဘဝဖြင့် နယ်စုံသွားလာနေရရှာသည်။ သားမောင်ဇော်ထက်အောင် ကျောင်း စထားသောအချိန်တွင် ဇနီးသည်နှင့် သားကို ခွဲထားခဲ့ပြီး တာဝန်ကျရာနေရာသို့ သွားရရှာသည်။

ဦးအေးချိုသည် ကုန်သည် တစ်ဦးဖြစ်သည်။ မိရိုးဖလာကုန်သည် လုပ်ငန်းများဖြင့် အသက်မွေးဝမ်း ကျောင်း ပြုသည်။ ဒေါ်ညိုထွေးသည် ဈေးထဲတွင် ကုန်စုံဆိုင်ဖွင့်ထားသည်။ လင်မယားနှစ်ယောက်လုံးသည် ဈေးထဲတွင် ဈေးရောင်းကြသည်။ သမီး အညိုနှင့် အချိုတို့ကို ရှေ့ဆင့်နောက်ဆင့် မွေးဖွားခဲ့သည်။

ဦးဇော်ဟိန်းတို့နှင့် ခြံချင်းကပ်လျှက် နေထိုင်ကြသည်။ ဆွေမျိုးရင်းချာပမာ ခင်မင်ကြသည်။ တစ်အိမ်နှင့် တစ်အိမ် စားအိမ်၊ သောက်အိမ် ဖြစ်နေကြသည်။ ဦးဇော်ဟိန်းတို့မှာ သမီး မိန်းကလေး

မရှိသောကြောင့် အညိုနှင့် အချိုတို့ ညီအစ်မကို သမီး အရင်းပမာ ချစ်ကြသည်။

ဦးအေးချိုနှင့် ဒေါ်ညိုထွေးတို့ ကလည်း သား ယောကျ်ား လေးမရှိသောကြောင့် မောင်ဇော်ထက်အောင်ကို သားသမီးအရင်း နှင့်မခြား ချစ်ကြသည်။ အခါတိုင်းဆိုလျှင် မောင်ဇော်ထက်အောင် တစ်ယောက် နှစ်အိမ်စလုံးတွင် ဒေါင်းတောက်အောင် ပြေးလွှား ဆော့ကစားကာ ညီမ၊ အစ်မများနှင့် နောက်ပြောင်၊ ဆော့ပြေးနေ ကြသောကြောင့် ဆူညံနေလောက်အောင် သူတို့ သူငယ်ချင်းသုံး ယောက်သည် နေရာတကာတွင် တတွဲတွဲဖြစ်နေကြသည်မှာ အမှန် ပင်ဖြစ်သည်။

မောင်ဇော်ထက်အောင် တစ်ယောက် စင်္ကာပူနိုင်ငံသို့ ကျောင်းသွား တက်သောအခါတွင် နှစ်အိမ်စလုံးမှာ ခြောက်ကပ် ကပ်ဖြစ်နေသည်။ သတိတရ ဖြစ်နေကြသည်။ မနေတတ်၊ မထိုင် တတ် ဖြစ်ရလောက်အောင် မိဘများက လွမ်းတသသဖြစ်နေသလို အိမ်နီးချင်းဖြစ်သော အချိုတို့၊ အညိုတို့ အိမ်ကလည်း တမ်းတသသ ဖြစ်ကြရှာသည်။

မြန်မာ့ယဉ်ကျေးမှု၏ ဂုဏ်ယူဖွယ်ရာမှာ အိမ်နီးချင်းများနှင့် ဆွေမျိုး သွေးသားပမာ တရင်းတနှီး၊ တခင် တမင် နေကြရသည်မှာ ပျော်စရာ တစ်မျိုးဖြစ်သည်။ ခင်မင်စရာတစ်ဖုံ ဖြစ်သည်။ ရင်းနှီးစရာ တစ်လီ ဖြစ်သည်။

စကားပုံရှိသည် မဟုတ်ပါလား…။ "အိမ်နီးချင်းကောင်းမှ လင်ကောင်းရသည်" ဆိုသကဲ့သို့ အိမ်နီးချင်း ကောင်းခြင်းသည် အိမ်ထောင်ကောင်းခြင်း၊ ဘဝကောင်းခြင်း တစ်မျိုးတစ်ဖုံဖြစ်နေပေတော့သည်။

ကမ္ဘာပေါ်တွင် မြန်မာတို့၏ အိမ်နီးချင်း၊ လူအချင်းချင်း ခင်မင်ခြင်း မေတ္တာစေတနာထားခြင်းတို့သည်ကား ရှားမှ ရှားပေသည်။

တောရွာများ၊ တောမြို့များဆိုလျှင်ကား အိမ်နီးချင်းများ၊ ရွာနီးချင်းများတို့သည် ဆွေမျိုးအရင်းကြီးများပမာ ခင်မင်စရာကောင်းလှပြီး အေးအတူပူအမျှ သဟဇာတစိတ်ဖြင့် နေထိုင်ခဲ့ကြသော မြန်မာ့ရိုးရာ အစဉ်အလာများတို့သည် ရွာရေး၊ ရပ်တာမှအစ အလှူအတန်း၊ မင်္ဂလာအခမ်းအနား များမှအဆုံး ပျော်စရာအစုံစုံ၊ ရွှင်စရာအကုန် အလုံတို့သည် ကြည်နူးစရာတစ်မျိုး ကောင်းလှပေတော့သည်။

မောင်ဇော်ထက်အောင်တစ်ယောက် နိုင်ငံခြားရောက်သောအခါတွင် မရောက်စဖူး နိုင်ငံခြားတိုင်းပြည်သို့ ရောက်ရသောကြောင့် အသစ်အဆန်း အမျိုးမျိုးတို့ကို ကြုံတွေ့ရသည်။ အဖြစ်အဆန်းအစုံစုံတို့ကိုလည်း နားလည်ခဲ့ရသည်။

သူ့ကို အလိုလိုက်သော မိဘနှစ်ပါးနှင့် အညို၊ အချိုတို့ကို သူသည် စက္ကန့်နှင့်အမျှ အချိန်နှင့်အမျှ သတိရလိုက်သည်မှာ ပြော၍

မပြနိုင်လောက်အောင်ဖြစ်နေရှာသည်။ အဘယ်ကြောင့်ဆိုသော် သူ ငယ်ငယ်ကလေးမှ စပြီး အချို၊ အညိုတို့၏ ပြုပြင်မှု၊ ကျွေးမွေးမှု၊ ဆင်ပြင်မှု၊ ဂရုစိုက်မှုတို့အပေါ်တွင် သူသည် ကြီးပြင်းခဲ့ရသည် မဟုတ်ပါလား။

နှစ်ဖက်သောမိဘတို့ကလည်း မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် လိုလေသေးမရှိ ဂရုစိုက်ခဲ့ရသည် မဟုတ်ပါလား။

စင်္ကာပူနိုင်ငံတွင် မောင်ဇော်ထက်အောင်သည် မျက်စိသူ ငယ်၊ နားသူငယ်နှင့် မနက်အိပ်ယာထသည်မှစပြီး ညအိပ်ယာဝင် ချိန်အထိ ခေတ်မီသော ပစ္စည်းကိရိယာများကို မြင်တွေ့ရပါသည်။ အကောင်းဆုံး အစာအစားများ စားသောက်ရပါသည်။ အကြိုက်ဆုံး အဝတ်အစားများကို ဝတ်ဆင်ရပါသည်။ သူ၏ ဦးလေးကားနှင့် ကျောင်း သို့ ရောက်ရပါသည်။

အသားဖြူသော ကျောင်းသူ၊ ကျောင်းသားများအလယ် တွင် သူသည် မျက်နှာငယ်ငယ်ဖြစ်နေရရှာသည်။ အသားမည်းသော ကျောင်းသူ ကျောင်းသားများ အလယ်တွင် နားမလည်၊ ပါးမလည် စကားမကြွယ် ဖြစ်ရရှာသည်။ အချိုလို သူငယ်ချင်းများ၊ အညိုလို အစ်မကြီးများကို မြင်ရသောအခါတိုင်း သတိရလိုက်သည်မှာ စားမဝင်၊ အိပ်မရဖြစ်ကာ သူ့ဘဝ ဒုက္ခရောက်ရပေတော့သည်။

ကျောင်းစာကို မထောင်းသာလှပါ။ သူလိုက်နိုင်ပါသည်။ စကားအပြောကိုအများသဘောနှင့်သူမလိုက်နိုင်ပါ။ အတိုးထားပြီး ကြိုးစားလိုက်သောအခါတွင် တစ်နှစ်အကြာ၌ သူ၏ အပြောအဆို များသည် အပြစ်အနာ အဆာ မရှိလောက်အောင် ကျွမ်းကျင်လာပါ သည်။

အချစ်အနာအဆာသည်ကား သူ့အတွက် တစ်နေ့တစ်ရက် မှ မမေ့မပျောက်နိုင်ပါ။

မောင်ဇော်ထက်အောင်တစ်ယောက် အချို့ကို သတိရ သည်။ အညို့ကို တမ်းတသည်။ နွမ်းလျသည့် စိတ်များကို အစားထိုး ဖြေဖျောက်ရန် ကြိုးစားမိသော်လည်း ဖြေဖျောက်၍ မရနိုင်ပါ။ မွေးမြန်မာကို အပြေးပြန် လာချင်စိတ်များသည်ကား ချုပ်တည်း မရနိုင်အောင် ဖြစ်နေရပါသည်။

မြန်မာပြည်တွင် နေစဉ်အခါက သတိမထားမိခဲ့သော်လည်း နိုင်ငံခြားတိုင်းပြည်ရောက်သောအခါတွင် အသားဖြူဖြူကလေးများ ကိုမြင်တိုင်း အချိုကို သတိရမိသည်။ အသားညိုသူများကို တွေ့တိုင်း အညိုကို လွမ်းလှပေသည်။

မာဂရက်ဆိုသော အသားမည်းလှသည့် ကုလားမလေး သည် သူ့အပေါ်မှာ ခင်ရှာပါသည်။ ကောင်းရှာပါသည်။ အလိုလိုက်ရှာ ပါသည်။ အကြိုက်ဆောင် ရှာပါသည်။

အဲလီဇဘတ်သည် ရုပ်ရည်ချောမောသော တရုတ်မလေး ဖြစ်ပါသည်။ ပွင့်လင်းသည်။ ခင်မင်တတ်သည်။ ရင်းရင်းနှီးနှီးရှိလှသည်။ မာဂရက်၏ ပြောပြမှုကြောင့် ဇော်ထက်အောင်အကြောင်း သိရှိခဲ့သည်။ အရက်ကြိုက်သော ဇော်ထက်အောင်တစ်ယောက် မာဂရက်က တစ်မျိုး၊ အဲလီဇဘတ်က တစ်ဖုံ အစုံအစုံ သူတို့လေးတွေ နှင့် အဘယ်သို့ စခန်းသွားရပါ့အံ့နည်း။

ရောဘတ်ဆိုသော သူငယ်ချင်းတစ်ယောက် တိုးလာပါသည်။ ရောဘတ်ရယ်၊ မာဂရက်ရယ်၊ အဲလီဇဘတ်ရယ်၊ ဇော်ထက်အောင် လေးယောက်တို့သည် သွားအတူ၊ လာအတူ ကလပ်စ်မိတ်များ ဖြစ်သွားကြသည်။

သူတို့စရိုက်သည်ဇော်ထက်အောင်နှင့်မတူပါ။ သူတို့ဓလေ့သည် ဇော်ထက်အောင်နှင့် မဆင်ပါ။ သူတို့ ဝတ်စားဆင်ယင်မှုမှာ တစ်မျိုးတစ်ဘာသာ ဖြစ်ကြသည်။ မာဂရက်ဆိုလျှင် ဒူးသာသာ စကတ်ကလေးနှင့် အကျီခါးတိုတို၊ လည်ဟိုက်ဟိုက်ကို ဆင်လိုက်သည်မှာ ဇော်ထက်အောင် မကြည့်ရဲပါ။ အဲလီဇဘတ်ကလည်း ဒူးပေါ်၊ ပေါင်ပေါ်ထိုင်သည်။ ခေတ်မီသော အကျီများက မြန်မာ့လူမျိုးအမြင်တွင် စိမ်းနေသလိုလို ရက်စရာလိုလို ဤပုံ ဤအဝတ်အစားတို့သည်ကား နိုင်ငံခြားမှာတော့ အဆန်းမဟုတ်ပေ။ ဇာတ်လမ်းတစ်ပုဒ် ကတော့ဖြင့် ရှုပ်မလိုလို ဖြစ်လာရပေသည်။

ဇော်ထက်အောင်တစ်ယောက် အချိုတို့၊ အညိုတို့နှင့် မောင်နှမအရင်း ပမာနေခဲ့ရသော်လည်း ဟီရိုဩဏ္ဍပွ တရားလက်ကိုင်ထားကြကာ ဝတ်စားသည်က လုံလုံခြုံခြုံ။ ပြောကြားသည်က ခင်ခင် မင်မင်။ ဆက်ဆံသည်က လေးလေး စားစား။ ဆန်းဆန်း ပြားပြား ဘာမှမရှိကြပေ။ မိဘများက ထိန်းထိန်းသိမ်းသိမ်း၊ ဆရာ၊ ဆရာမများက ပြုပြုပြင်ပြင် အချင်းချင်းက လည်း မောင်နှမရင်းချာ ပမာ ဆင်ဆင် ခြင်ခြင်။

ယခုတော့ဖြင့် ဖက်လှဲတကင်း အရှက်လည်းကင်းသလားဟု တွေးမရလောက်အောင်ပင်။

ရဲတင်းလိုက်ကြသည်ကလည်း မိန်းကလေးများနှင့် ယောကျ်ားလေး မခွဲခြားဘဲ ပြောဆိုဆက်ဆံကြပုံမှာ မျက်စိရှက်နားရှက်စရာ။

တစ်နေ့တွင် ပျော်ရွှင်ပွဲ တစ်ခုတွင် ခေါင်ငင်ဆွဲပြမှုကြောင့် မောင်ဇော်ထက်အောင်နှင့် တရုတ်မလေး အဲလီဇဘတ်၊ ကုလားမလေး မာဂရက်နှင့် ရောဘတ်အပါအဝင် ထို လေးယောက်တို့ ခရီးပေါက်ကြပေတော့သည်။

ဇော်ထက်အောင်သည် ဆေးလိပ်လည်း မသောက်တတ်ပေ။ ဘီယာကိုလည်း မငုံတတ်။ ထို့ဖြစ်ရပ် တို့သည် ရောဘတ်တို့ အမြင်တွင် ဆန်းနေသည်။ ခေတ်မမီဟု ထင်ကြသည်။

ဖော်ထက်အောင်ကို အတင်းအဓမ္မ စီးကရက် တိုက်ကြသည်။ အကြိမ်ကြိမ်၊ အခါခါ ခေါင်းရမ်းခဲ့ပါသည်။ နောက်ဆုံးတွင် ရှောင်မရ သောအခါ ဖော်ထက်အောင် တစ်ယောက် အားနာပါးနာ စီးကရက် သောက်မိသည်။

အကျင့်ဆိုသည်မှာ လူကလုပ်ယူကြခြင်း ဖြစ်သည်။ အားနာသောအခါ အားပါသွားပေသည်။ အားပါ ချိန်များသွားသော အခါ အကျင့်ဖြစ် သွားသည်။ အကျင့် ဖြစ်သွားသောအခါ အသေးအမွှားဟု သဘောထားပြီး ဆေးလိပ်တို့ကို အလေးမထား။ ဘီယာတို့သည် အသေးအမွှား။ သူတို့ ပြောပြ ဖြားယောင်းမှုတို့က မြန်မာလူငယ် မောင်ဖော်ထက်အောင်တစ်ယောက် အဖော်ကောင်း ၍ သောက်စားတတ်လာပြီ ဖြစ်သည်။

အိမ်ကိုလွမ်း၍သောက်သည်။ အချိုနှင့်အညိုတို့ကို သတိရပြန်သော်လည်း စိတ်မထိန်းနိုင်သောကြောင့် သောက်မိပြန်သည်။ ဆေးလိပ်သည် သူ့အတွက် လွမ်းစရာကို ဖန်တီးသည်။ ဆွေးစရာကို ဖော်ဆောင်သည်။ တမ်းတစရာကို အားပေးနေသည်။ ထိုအခါ ပို၍ပို၍ ဆွေးချင်သည်။ လွမ်းချင်သည်။ တမ်းတချင်သည်။ သတိရချင်သည်။ ဘီယာလေးနှင့် အမြည်းကလေးသည် သူတို့ တိုက်၏ ခြေရင်းဆိုင်တွင် ရနိုင်သည်။ သူတို့ ကျောင်း၏ အနီး အနားတွင် ရှာတွေ့နိုင်သည်။

လွမ်းသည်ဆိုသည်မှာ သတိရခြင်းဖြစ်သည်။ တမ်းတခြင်းဖြစ်သည်။ လူတိုင်းသည် လွမ်းကြ၊ သတိရကြ၊ တမ်းတကြစမြဲ ဖြစ်ပါသည်။

လွမ်းခြင်းသည် နွမ်းခြင်းကို ပေါက်ပွားသည်။ ဆွေးခြင်းကို ရှင်သန်စေသည်။ တမ်းတခြင်းကို ဖိတ်ခေါ်ပေသည်။ ထိုသို့ လွမ်းကြခြင်း၊ ဆွေးကြခြင်း၊ သတိရတမ်းတရခြင်းသည် ဝေးတစ်နေရာရောက်ရှိနေကြသော လူတိုင်းအတွက် ဖြစ်တတ်ကြစမြဲပင် ဖြစ်သည်။

မိမိတစ်ယောက်တည်း လွမ်းနေကြသည်မဟုတ်ပါ။ တွေးနေကြသည် မဟုတ်ပါ။ သတိရနေကြသည် မဟုတ်ပါ။ လူသားတိုင်းဖြစ်တတ်ကြပါသည်။ ငယ်ရွယ်သူတို့အတွက် မိဘသွေးသား၊ ချစ်ခင်သူများကို မခွဲစဖူး အသည်းကူးပြီး လွမ်းကြရပေလိမ့်မည် ဆွေးကြရပေလိမ့်မည်ဖြစ်သည်။ အလွမ်းအဆွေးကို အရမ်းတွေးပြီး စိတ်အလိုကို မလိုက်သင့်ပါ။ အလွမ်းအဆွေးကို ပုံကြီးချဲ့ပြီး အရမ်းအဝေး တွေးပြီး မလွမ်းသင့်ပါ။

စိတ်ကို ထိန်းနိုင်အောင် ပေါ်ပေါက်လာသော အလွမ်းအဆွေးများကို အစားထိုး၍ ဖြေဖျောက်နည်း ကို ချက်ချင်းလက်ငင်း စဉ်းစားရမည်ဖြစ်သည်။ ထိုနည်းသည်ကား အခြားမဟုတ်ပေ။

လွမ်းနေပါသလား။ လွမ်းနေစိတ်ကို ဆက်၍ဆက်၍ မလွမ်းအောင် ချက်ချင်း ထိန်းနိုင်ရပါမည်။

ဆွေးနေပါသလား။ ဆွေးနေစိတ်ကို ဆက်၍ဆက်၍ မဆွေးအောင် တားရပါမည်။

တမ်းတမ်းတတ ဖြစ်နေပါသလား။ ပို၍ တမ်းတမ်းတတ မဖြစ်အောင် အချိန်မီ သိမ်းနိုင်ရပါမည်။

အဘယ်သို့ ထိန်းသိမ်းတားဆီးရမည်နည်း။

လွမ်းနေချိန်၊ ဆွေးနေချိန်၊ တမ်းတနေချိန်တွင် ကြိုးစန် လိုက်ပါ။ ခပ်ပြင်းပြင်းလမ်းလျှောက်လိုက်ပါ။ အာရုံစိုက်ပြီး စာကျက် လိုက်ပါ။ စာရေးလိုက်ပါ။ အသက်ပြင်းပြင်း ရှူပြီး မိဘကျေးဇူးကို သတိရပါ။ ရည်ရွယ်ချက်ကို တမ်းတပါ။ မိမိသည် ပညာသင်ရန်၊ အလုပ်လုပ်ရန် မိသားစုနှင့် ခွဲပြီး စွန့်စားလာရသူဖြစ်ကြောင်း၊ မိဘမျက်နှာ၊ ညီအစ်ကိုမောင်နှမမျက်နှာတို့ကို ပြန်၍ သတိရပြီး ကုန်ကျသည့်ငွေ၊ ကုန်လွန်သောအချိန်တို့ကို နှလုံးသွင်း၍ အချိန်မီ တားဆီးမည်ဆိုလျှင် စိတ်သက်သာရာရမည်မှာ အမှန်ပင်ဖြစ်သည်။

သတိရချိန်၊ တမ်းတချိန်၊ လွမ်းချိန်၊ ဆွေးချိန်တို့တွင် လွမ်းနိုင်မည့်အရာ၊ ဆွေးနိုင်မည့် အချက်အလက်များကို ထပ်၍ ဆင့်ပွားမဖြစ်သင့်ပါ။ ဆင့်ပွားဖြစ်စေ သောအရာများကို ပြုလုပ်မည် ဆိုပါက ပိုမို၍ လွမ်းစိတ်ဝေပြီး ဆွေးစိတ် ပိုပေလိမ့်မည်ဖြစ်သည်။

ဆေးလိပ်ကိုရှိုက်၊ ဘီယာကိုသောက်၊ အရက်ကို မရှောင် လျှင် ဒုက္ခရောက်ရမည်မှာ မလွဲမသွေဖြစ်သည်။ လွမ်းသောရုပ်ရှင်၊ ဆွေးသော ဗွီဒီယိုတို့ကို ကြည့်ရှုပြီး လွမ်းသီချင်းကို နားထောင်။

ဆွေးသီချင်းကို နားယောင်မိပါက အဆွေးဇာတ်လမ်းသည် အတွေး မှတ်တမ်းကို ဖော်ဆောင်ပေးပေလိမ့်မည်။ အဆွေးဒုက္ခ ကြုံရပေမည်။

အကျင့်ဆိုသည်မှာ ကိုယ်ပြုကျင့်သလိုပြုလုပ်၍ရပါသည်။ ချက်ချင်း ကောင်းအောင် ပြောင်းပြီး ကျင့်နိုင်ပါသည်။

ဆုတောင်းခြင်း၊ မေတ္တာပို့ခြင်း၊ ကျေးဇူးတရားများ အောက်မေ့ခြင်း၊ စာကျက်ခြင်း၊ စာဖတ်ခြင်း၊ လမ်းလျှောက်ခြင်း၊ အသက်ရှူလေ့ကျင့်ခန်းတို့ ပြုလုပ်ခြင်းဖြင့် စိတ်လေမှု၊ စိတ်ထွေမှု၊ လွမ်းဆွေးမှုတို့ကို တားဆီး နိုင်မည် ဖြစ်ပေသည်။

မောင်ဇော်ထက်အောင်သည် မွေးရပ်ကို သတိရ၊ မိဘကို လွမ်း၊ အချို၊ အညိုတို့ကို တမ်းတမိသောအခါတွင် အစားထိုး ဖြေဖျောက်ရန် ကောင်းသော နည်းလမ်းမသိရှာပေ။ မှားယွင်းသော နည်းလမ်းသည်ကား သတိရခြင်း ပြေပျောက်စေရန် သူငယ်ချင်းများ နှင့် သွားလာ ပျော်ပါးမိပေတော့သည်။ ရောက်ခါစတွင် ခဏခဏ ဖုန်းဆက်မိသည်။ အမေ့အသံကြားလျှင် ငိုချင်သည်။ အဖေ့အသံ ကြားလျှင် သတိရသည်။ အချို၏အသံကြားလျှင် စိတ် မထိန်းနိုင်ပေ။ အညို့အသံကြားလျှင် ပြန်ပြေးချင်စိတ် ပေါက်ခဲ့သည်။

ယခုတော့ဖြင့် တခါတရံ ဖုန်းဆက်ရန်ပင် မေ့နေတော့ သည်။ အကြောင်း အမျိုးမျိုး ပြနေမိပေတော့သည်။

မာဂရက်ကလေးနှင့် တွဲသွားတွဲလာ လုပ်မိသည်။ အဲလီဇဘတ် ကလေးနှင့်လည်း ပွဲသွားပွဲလာ ပြုမိသည်။ နောက်ဆုံးတွင် အညိုနှင့်တူသော ကုလားမလေးမာဂရက်နှင့် အချိုနှင့်တူသော တရုတ်မလေးအဲလီဇဘတ်တို့သည်ကား အညိုနှင့်မခြား၊ အချိုနှင့်မကွာ ဖြစ်သွားရပေတော့သည်။

အဖြစ်ဆုံးအချိန်မှာကား ကပွဲများ သွားသောအခါတွင် အချိုကိုမေ့၊ အညိုကို သတိမရ ဖြစ်နေရသည်။

ကျောင်းပိတ်ပေပြီ။ သူမြန်မာပြည်ကို ပြန်မလာနိုင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် ဖုန်းမဆက်သည့်မှာ များလှပေပြီ၊ စာမရေးခဲ့သည်မှာ ကြာခဲ့ပေပြီမဟုတ်ပါလား။ သူ့ေ အပြစ်များတို့သည်ကား တစ်ခုပြီးတစ်ခု ကျူးလွန်မိပြီ မဟုတ်ပါလား။

အချို့ကို ဘယ်လို ပြောရပါ့...။

အညို့ကို ဘယ်လို ရှင်းရပါ့...။

ပညာရရှိရေးအတွက် နိုင်ငံတကာသို့ သွားကြရပါမည်။ ပို၍ပို၍ သွားကြရပါဦးမည်။

အလုပ် လုပ်ကိုင်ရေးအတွက် နိုင်ငံတကာသို့ သွားကြရပါဦးမည်။ ပို၍ပို၍ သွားကြရပါဦးမည်။ မိဘများ နှင့် ခွဲကြရပါမည်။ ကွဲကြရပါမည်။ ညီအစ်ကို မောင်နှမများနှင့် ခွဲကြရပါမည်။ ခေတ္တကွဲကြရပါမည်။ မိမိချစ်ခင် သူများနှင့်လည်း ခွဲကြရပါမည်။ ခေတ္တကွဲကြရပါမည်။

ခွဲနေရမည်မှာ ဓမ္မတာဖြစ်ပါသည်။ ကွဲနေရမည်မှာ ဖြစ်ရိုးဖြစ်စဉ် ဖြစ်ပါသည်။ သို့သော်လည်း မေတ္တာကိုလွဲ၊ သစ္စာကိုပယ်၊ ချစ်တာကိုဝယ်တာမျိုး မဖြစ်သင့်ပါ။ အဖြစ်မခံ သင့်ပေ။

ခေတ္တခွဲနေခြင်းနှင့် ခေတ္တကွဲနေရခြင်းသည် ပြန်လည်ပေါင်းစုံနိုင် ကြပါသေးသည်။

ခေတ္တလွဲနေပြီဆိုလျှင်ကား ပြန်မတည့်နိုင်တော့ပါ။ ပြန်၍မတွဲနိုင်တော့ပါ။ ပြန်၍ မပေါင်းနိုင်တော့ပါ။

လူသားဟူသည်မှာ အတူနေစဉ်အခါက ချစ်ခင်မှု၊ မေတ္တာထားမှု၊ စေတနာထားမှုများ သတိမထားမိကြပေ။

တစ်ဦးနှင့်တစ်ဦး ခွဲခွာနေရသောအခါတွင် ကြာလာသောအခါ၌ သတိရကြ။ လွမ်းဆွေးကြ။ ဖြစ်တတ်ကြပါသည်။

သတိရလျှင်... လွမ်းဆွေးလျှင်... အလွယ်လမ်းကို မလိုက်သင့်ပါ။ အပျော်လမ်းကို မလျှောက်သင့်ပါ။ မတော်လမ်းကိုလည်း မသွားသင့်ပါ။

အသွားမှားလျှင် ရောဂါစုံရတတ် ပါသည်။ အလျှောက်မှားလျှင် မှောက်မှားသော လမ်းဆီ ရောက်သွား တတ်ကြပါသည်။

မိမိ၊ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေ သွေးသားများကို သတိရသောစိတ်ကို ရင်ဝယ်မှာ ထားပြီးလျှင် လွမ်းသော စိတ်ကို မြှုသိပ်ကြလျှက် မိမိ၏လာရင်း ရည်ရွယ်ချက်ကို မမေ့စကောင်းပါ။ ပညာသင်လာခဲ့

လျှင်လည်း ပညာကိုအထူးချွန်ဆုံး၊ အမြင့်ဆုံးအဆင့်ထိ သင်ကြားသင့် ပါသည်။

ပညာသင်လျှင် ကြင်ယာကို မခင်သင့်ပါ။ ကြင်ယာခင်လျှင် အပြစ်မှာ ဒုက္ခရောက်ပေလိမ့်မည်။ အမြင်မှာ ကြည်နိုင်မည်မဟုတ်တော့ ပါ။

အလုပ်ကို ကြိုးစား၍လုပ်ပါ။ အပျော်အပါး၊ အသောက်အစား အရှုပ်ကို အလေးမထားမိပါစေနှင့်။

အလုပ်မလုပ်ပဲ အရှုပ်ကို ဦးစားပေးလုပ်မိပါက ရောဂါများရပြီး ဒုက္ခကြုံရပါလိမ့်မည်။

မိမိ၏ တိုင်းပြည်ကို အခြားတိုင်းပြည်နှင့် မနှိုင်းယှဉ်ပါနှင့်။ မိမိ၏ တိုင်းပြည်သည် အခြားသူများ၏ တိုင်းပြည်မဟုတ်ပါ။ မိမိ တိုင်းပြည်ကို မိမိတန်ဖိုးထားရန် တာဝန်ရှိပါသည်။

ကမ္ဘာပေါ်တွင် မည်သည့်လူမျိုးမဆို ကိုယ့်တိုင်းပြည်ကို ကိုယ် တန်ဖိုးထားတတ်ကြပါသည်။

မိမိ မိဘကိုအခြားမိဘများနှင့် မနှိုင်းယှဉ်ပါနှင့်။ မိမိ မိဘသည် အခြားသူများ၏ မိဘမဟုတ်ပါ။ မိဘကို အထင်သေး၊ အမြင်သေး မပြုအပ်ပါ။ မပြုစကောင်းပါ။ မိဘ၏ကျေးဇူးသည် နှိုင်းယှဉ်၍ မရသော ကျေးဇူး တရားဖြစ်ပါသည်။

မိမိ သွေးသားများကို မမေ့မလျော့သင့်ပါ။

မျိုးချစ်စိတ်ဆိုသည်မှာ အမျိုးကို ချစ်သောစိတ်မှ မွေးဖွားလာရပါသည်။ အမျိုးကိုခင်သောစိတ်မှ ပေါက်ပွားလာရခြင်း ဖြစ်ပါသည်။ အမျိုးကိုသံယောဇဉ်ရှိသောစိတ်မှရှင်သန်လာရခြင်းဖြစ်ပါသည်။

အသွားကောင်းပါလျှက် အလာမခက်သင့်ပါ။

အချိုလေးတို့၊ အညိုလေးတို့ ညီအစ်မနှစ်ယောက်သည် မောင်ဇော်ထက်အောင်ပြန်အလာကိုနေ့စဉ်ရက်ဆက် မျှော်လင့်နေကြပါသည်။ မောင်ဇော်ထက်အောင်၏ မိဘနှစ်ပါးတို့သည် သားရွှေအိုးထမ်းလာသည်ကို ထာဝစဉ် မျှော်လင့်စောင့်စားနေကြပါသည်။

မောင်ဇော်ထက်အောင်တစ်ယောက် အချိုကိုပယ်၊ အညိုကိုကွယ်ပြီး တစ်ရပ်တစ်ကျေးတွင် သူအပြစ် ပြုခဲ့မိပေပြီ။ အဘယ်သို့ အချိုကို ပြောရက်မည်နည်း။ အညိုကို ပြောပြနိုင်မည်နည်း။

တစ်ရပ်တစ်ကျေးတွင် နေထိုင်မှု၊ လုပ်ကိုင်မှု၊ ပညာသင်ကြားရမှု ပြုလုပ်နေကြသူအားလုံးတို့အား မိသားစုတို့က တမ်းတမ်းတတ၊ နွမ်းနွမ်း လျှလျှဖြင့် နေ့စဉ်ရက်ဆက် သတင်းကောင်းများစောင့်မျှော်နေကြပါသည်။ သတင်းကောင်းများပြောနိုင်ကြပါစေ…။ သယ်ဆောင်နိုင်ကြပါစေ…ဟု မျှော်လင့် စောင့်စားလျှက်…။

❀ ❀ ❀




မေတ္တာပန်းများ လန်းစေချင်

# မေတ္တာပန်းများ လန်းစေချင်

အပြစ်ဟု မြင်လာလျှင် အပြစ်တင်ချင်ကြစမြဲပင်

အပြစ်တင်လာလျှင် ဘယ်မှာလျှင် အချစ်ပင်သည် ရှင်နိုင်ပါအံ့နည်း . . .

## မေတ္တာရိပ်ကိုခိုလှုံလိုသူ

မဉ္စမှာစန်းသည် အသက် သုံးဆယ်ခန့် ဖြစ်သည်။ မျက်နှာ ဝိုင်းဝိုင်းနှင့် ဖြူဖွေးသော အသားအရေတို့ကြောင့် တရုတ်ကပြားမှန်း သိသာစေသည်။

ဘီကွမ်းဘွဲ့ရ တစ်ဦးလည်း ဖြစ်သည်။ ရည်ရွယ်ချက်ကြီးသည်။ ဖွဲ့ကြီးသည်။ သူမ လိုချင်သော အရာမှာ ...

အထင်ကြီးသော၊ လေးစားသော အားကိုးထိုက်သော၊ စံပြု ထိုက်သော သူမထက် အသက်ကြီးသောသူကို အဖေလို၊ အစ်ကိုလို လေးစားရသော မေတ္တာမျိုးဖြစ်သည်။

ထိုပုဂ္ဂိုလ်မျိုးကို သူမတွေ့ပါ ပြီ။ လေ့လာပါပြီ။ ချဉ်းကပ်ပါပြီ။ ၃နှစ်ကြာသည်အထိ လေ့လာပြီး စိတ်တိုင်းကျလောက်သော အခါတွင် သူမဆန္ဒကို ဖွင့်ထုတ်ပြသရန် ရောက်ပြီဟု သူမ ထင်ခဲ့ သည်။

၃နှစ်ကျော်ကြာအချိန်ကာလသည် နည်းသည်ဟုမဆိုသာ၊ များ သည်ဟုလည်း မပြောနိုင်ပါ။

သူမလေ့လာမှု၊ သူမ စုံစမ်းမှုတို့သည်ကား ပြည့်စုံလောက်ပြီဟု သူမ ထင်ပေသည်။

ထို့ကြောင့်လည်း ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

သူမ လေးစား ကြည်ညိုသော ပုဂ္ဂိုလ်ကြီးသည် ဘဝနာခဲ့ပြီး

အောက်ခြေမှစ၍ ရုန်းကန်ခဲ့ရသူ၊ လှုပ်ရှားခဲ့ရသူ၊ ကြိုးစားခဲ့ရသူ ဖြစ်သည်ကိုတော့ဖြင့် အစပိုင်းတွင် မသိရှိခဲ့ပေ။

သူမသည်လည်း အသက်သုံးဆယ်ကျော် အတွေ့အကြုံရှိသော ပညာတတ် မိန်းကလေး ...။

ထိုပုဂ္ဂိုလ်ကြီးမှာလည်း အသက်လေးဆယ်ကျော် အတွေ့အကြုံရင့်ကျက်ပြီး ရည်မှန်းချက် ရည်ရွယ်ချက်အလွန် ခိုင်မာသူဖြစ်သည်။

တနေ့ ထိုပုဂ္ဂိုလ်ကြီးနှင့် ၃နှစ် ကျော်ကြာ ဆက်ဆံနေရာမှ သူမသည် ထိုပုဂ္ဂိုလ်ကြီးထံ အလုပ်လုပ်လိုကြောင်း ဖွင့်ဟပြောကြားလာပါသည်။

လူများစွာနှင့် ဆက်ဆံနေရသော ထိုပုဂ္ဂိုလ်ကြီးသည် သူမကို သတိထား မိဟန်ရှိပြီး မိမိထံ အလုပ်လုပ်လိုလျှင် အချက်သုံးချက် စဉ်းစားရန်လိုမည်ဟု ပြန်ကြားခဲ့သည်။

ပထမ တစ်ချက်မှာ သတ္တိရှိရှိ အလုပ်ထွက်ခဲ့ပါ။ မနက်ဖြန် နံနက် ၁နာရီ အရောက် မိမိရုံးခန်းကို လာရပါမည်။

ဒုတိယတစ်ချက်မှာ မိမိအတွေ့အကြုံများကို သင်ကြားပေးမည်။ ကြီးပွားမှု၊ ချမ်းသာမှု၊ တိုးတက်မှု များရရှိလိမ့်မည်။

တတိယ တစ်ချက်မှာ မိမိကိုနိုင်အောင် ပြိုင်ပါဟု ပြောကြားလိုက်သည်။

ထပ်၍ ရှင်းပြသည်မှာ မိမိကို နိုင်အောင် ပြိုင်နိုင်ရေးအတွက် အနစ်နာခံခြင်း၊ စေတနာထားခြင်း၊ အကျိုးပြုခြင်း၊ အချိန်လေးစား

ခြင်း တာဝန်ကျေခြင်း စသည်များ ဖြစ်သည်ဟု ရှင်းပြလိုက်သည်။

မဥမ္မာစန်းသည် နောက်တစ်နေ့ နံနက်ခုနစ်နာရီခွဲတွင် သူမ လုပ်နေသော စာရင်းကိုင်အရာရှိဘဝမှ ထွက်ခဲ့ပြီး ရောက်ရှိလာခဲ့သည်။

သူမ၏ဆန္ဒကို လက်တွေ့ပြလိုက် ခြင်းဖြစ်သည်။ သူမသည် ထားရာနေသည်။ စေရာ သွားသည်။ သစ္စာရှိသည်။ တာဝန်ကျေသည်။

ထိုပုဂ္ဂိုလ်ကြီးသည် သူလေ့ကျင့် လိုက်နာနေသော ကျမ်းစာအုပ်ကို လေ့ကျင့်ပုံ လေ့ကျင့်နည်း၊ လိုက်နာ ရန် နည်းများကို သူမအား သင်ပြလေ့ကျင့်စေခဲ့သည်။

မဥမ္မာစန်းသည် အစပိုင်းတွင် တက်ကြွစွာ လိုက်နာ လေ့လာနိုင်သလောက် နောက်ပိုင်းတွင် တဖြည်းဖြည်း ဟာလာသည်။ လျော့လာသည်။ ပေါ့လာသည်။

ဤကျမ်းစာအုပ်ကြီး၏ ထူးခြားမှုမှာ အပိုင်အနိုင် လေ့လာပြီး စဉ်ဆက်မပြတ် စွဲမြဲစွာ လိုက်နာမှ အကျိုးထူးများ တစ်ခုပြီးတစ်ခု ဆက်တိုက်ရမည် ဖြစ် သည်။

ထိုကဲ့သို့ မဟုတ်လျှင်ကား ဆန့်ကျင်ဘက် ဖြစ်ပေါ်ကာ တစ်ကိုယ်ကောင်း ဆန်ခြင်း၊ အပြစ်တင်ခြင်း၊ အပြစ်မြင်ခြင်း၊ မိမိကို ဦးစားပေးစေလိုခြင်း၊ မိမိကို နေရာပေးစေလိုခြင်း၊ ပတ်ဝန်းကျင်ကို အမြင်မကြည်ခြင်း အစရှိသည်တို့သည် ကြာလာလေလေ

အဆိပ်ပင် ရေလောင်းမိသည့်အလား ဖြစ်ပေါ်ပေါက်ပွားလာကာ အကောင်း စိတ်များသည်လည်းကောင်း၊အပြစိတ် များသည် လည်းကောင်း သူမနှင့် တဖြည်းဖြည်း ဝေး၍ ဝေး၍ ဖြစ်ပေါ်နေ ပေတော့သည်။

ဤသို့ဖြင့် အနစ်နာခံသော၊ သစ္စာရှိသော၊ တာဝန်ကျေသော မဉ္စမွာစန်း တစ်ယောက်နှင့် ထိုပုဂ္ဂိုလ်ကြီးတို့သည် အနေနီးလျှက်နှင့် အဖြေဝေးကွာကာ တစ်ဦးစေတနာ၊ တစ်ဦး မေတ္တာကို နားလည်မှု လွဲမှားလာကြ သည်။

ထိုပုဂ္ဂိုလ်ကြီးမှာအစွမ်းကုန် သည်းခံ စိတ်ရှည်ပြီးလက်တွဲလျက် ဖျောင်းဖျပြောဆို၍ ပြုပြင်လေ့ကျင့် လုပ်ကိုင်ပေးသော်လည်း မဉ္စမွာစန်း တစ်ယောက် လမ်းမှန် မရောက်ဘဲ လမ်းမှားလျှောက်ခဲ့ သည်မှာ အနစ် နစ်ဆယ်ကျော် ကြာခဲ့ပေပြီတကား ...

## သင်ကြားစေရာ လူစားရှာ

ကြီးပွားတိုးတက်မှု သင်တန်းများကို ၁၉၈၁ ခုနစ်မှစ၍ သင်ကြား ပေးခဲ့ရာ သင်တန်းများလည်း အတော်များခဲ့ပေသည်။ သင်တန်း ဆင်းသူများလည်း အများအပြား ရှိခဲ့ပေသည်။ အဘယ်ကြောင့် သင်တန်းသားများသည် ထွန်းထွန်း ပေါက်ပေါက်၊ ထူးထူးချွန်ချွန်

ဖြစ်ပေါ်မလာရပါသနည်းဟု အဖြေရှာ၍ ကြည့်နေခဲ့သည်မှာ အတန်ကြာခဲ့ပေပြီ။

၁၉၉၉ခုနှစ်၏ တစ်ခုသော သင်တန်းတွင် သင်တန်း သင်ကြားမှုများကို အိမ်မှာ လက်တွေ့ လေ့ကျင့်စေ သည်။သင်တန်းမှာနေ့စဉ်ရေးဖြေရသည်။ ဆွေးနွေးရသည်။ တစ်ဦးတည်း သောသူကလေးမှာ ဆွေးနွေးပုံ ဆွေးနွေးနည်း၊ ပြောဆိုပုံ ပြောဆို နည်းများမှာ တမူထူး၍ နေပေသည်။

မိမိ လိုချင်သော အရည်အချင်းများကို သူမအား သင်ပေးလျှင် ရနိုင်သည်ဟု တွေးဆမိပေသည်။

သူ့အမည်ကား **မသဉ္ဇာဝင်း**။

သူ့အသက်မှာ နှစ်ဆယ်ကျော်ရုံလေး ဖြစ်သည်။ ပညာအရည်အချင်းက တတိယနှစ်နှင့် ပညာတစ်ပိုင်းတစ်စ။ အသားအရေက ခပ်လတ်လတ် ဖြစ်သည်။ မျက်နှာပုံစံမှာ ဝိုင်းသည်။ ကိုယ်လုံးကိုယ်ထည်က အနည်းငယ် ဝနေသဖြင့် အရပ်ပုနေသလို ထင်ရသည်။

သူမနှင့် သူမ၏ မိခင်တို့သည် ကျွန်တော်၏ ဖိတ်ခေါ်ကြိုဆိုမှုကို ဝမ်းသာ အားရ လက်ခံကြသည်။ ဤသို့ဖြင့် အလုပ်သင်ပေးသည်။ ပညာဆက်၍ သင်စေသည်။

သူမ၏ ထူးခြားသော အရည်အချင်းမှာ မငြိုမငြင် ပြုစုသည်။ စောင့်ရှောက်သည်။ မေတ္တာစေတနာ ထားသည်။ သူမ၏ စေတနာ

အကျိုးသည်ကား ... သူမလည်း တိုးတက်သည်။ သူမ ဆရာသည်လည်း အကျိုးများစွာ ရှိသည်။

သူမကိုထပ်တလဲလဲပြောဆိုဆုံးမသင်ကြားရာတွင်ကြီးပွားတိုးတက်စေမှု အကြောင်းအရာများကို သင်ကြားပေးသည်။ လေ့ကျင့်နိုင်းသည်။ လက်တွေ့ လိုက်နာစေသည်။

ပထမလေးငါးလတွင် စိတ်အားထက်သန်စွာ လိုက်နာသည်။ ကြိုးစားသည်။ တိုးတက်သည်။

နိုင်ငံခြားတွင် ရောက်နေသော အစ်ကိုအစ်မများအတွက် သူမ အမြဲ စိတ်ပူနေရသည်။ မိဘနှစ်ပါး၏ ကျန်းမာရေးအတွက် အစဉ်စိုးရိမ်ရသည်။ အတူနေ အစ်ကိုအတွက် မကြာခဏ စိတ်အနှောင့်ယှက် ဖြစ်ရသည်။ စိတ်ဆင်းရဲရသည်။

သူမ၏ ပင်ကိုယ် ချို့ယွင်းချက်မှာ သူမချစ်သော၊ ခင်သော သံယောဇဉ် ရှိသူများအပေါ်တွင် အလွန်ချစ်ခင်သည်။ အလွန် စိုးရိမ်တတ်သည်။ သူမက အလိုလိုက် အကြိုက်ဆောင်သလို သူမ အပေါ်တွင်လည်း အလေးတယူ၊ ဂရုစိုက်စေချင်သည်။

သူမမိသားစုတွင် အငယ်ဆုံးမို့ အားလုံးက ဂရုတစိုက် အလိုလိုက်ပြီး ချစ်ခင်ခဲ့ကြမှု၊ ယုယခဲ့ကြမှုတို့ကို သူမ အမြဲရရှိမှုကြောင့် နွဲ့ဆိုး ဆိုးလေ့ရှိသည်။

လမှုနှစ်ကူးအချိန်ကြာညောင်းလာသောအခါတွင် တစ်ဖက်မှာ

လုပ်ရည် ကိုင်ရည် စေတနာမေတ္တာများ ထူးခြားကောင်းမွန်စွာ တိုးတက်လာသလို အခြားတစ်ဖက်မှာလည်း သူမနှင့် အယူအဆ မတူသူများတို့နှင့် အဆင်မပြေဖြစ်လာသည်။ ငြိငြင်လာသည်။

ဤသည်ကို စတင်သိရှိသော အချိန်မှစ၍ ပြုပြင်ဖျောင်းဖျ ပြောဆို ဆုံးမသော်လည်း သူမသည် နားမလည်ရှာပေ။ မလိုက်နာနိုင်ခဲ့ပေ။

အပြစ်ဟုမြင်လာလျှင် အပြစ်တင်ချင်ကြစမြဲပင်။

အပြစ်တင်လာလျှင် အဘယ်မှာလျှင် အချစ်ပင်သည် ရှင်နိုင်ပါအံ့နည်း။

အထူးခြားဆုံး ချို့ယွင်းချက်မှာ သူမပတ်ဝန်းကျင်၏ ပူစရာ၊ ပင်စရာ၊ စိတ်ညစ်စရာတို့သည် သူမကို လွှမ်းခြုံလာပေတော့သည်။

ထိုအခါ သူမ၏ ပကတိစေတနာ၊ မေတ္တာစိတ်တို့သည် ယိမ်းယိုင်လာသည်။ အလုပ်ခွင်တွင်လည်း တစ်ဦးနှင့်တစ်ဦး အဆင်မပြေမှုသို့ ရောက်လာသည်။ အယူအဆ မတူမှုများကို မွေးဖွားလာသည်။

အမြဲတမ်း ချောက်တွန်းရန် ကြံစည်သော အပျက်စိတ် (သို့) အဖျက်စိတ်သည်ကား သူမကို ဝင်ပူးပေတော့သည်။

အကောင်းဆုံး စေတနာထားသူ၊ အများဆုံး ပြုစုလုပ်ကိုင်သူ၊ ချစ်ခင်မှု အလိုလားဆုံး သူတစ်ယောက်သည်ကား ယခုတော့ဖြင့် အမှားကို သိလျက်နှင့် အမှန်ကို ပြင်နိုင်ခဲ့သော သူကလေး အဖြစ် ရှစ်နှစ်ကျော်ကြာ ကိုးနှစ်တာ သို့ ရောက်ခဲ့ပေသည်။

အကြောင်းရင်းမှာကား သူမကို သင်ကြားပေးထားသော အပြုစိတ်ဓမ္မ၊ တစ်နေ့တာအတွက် အစီစဉ်ဆွဲ၊ အကောင်းမြင်စိတ်ဖြင့် အချိန်ကို အကျိုးရှိအောင် သုံးစွဲရမည်ဟူသော လက်တွေ့ကျင့်စဉ်များကို ကျင့်ကြံ ကြိုးပမ်းရန် ပျက်ကွက်မှုတို့၏အဖြေ ဆိုးပင်ဖြစ်နေပေတော့သည်။

## လုပ်အားပေးရန် သူလာဟန်

သူမ အမည်ကား မန္တယ်နီ ...

သူမသည် ပြတ်ပြတ် သားသား ဖြင့် နှစ်များစွာ လုပ်အားပေးပြီးကြီး ပွားချမ်းသာချင်သူဟု ပြောလာသည်။

အပြောကလည်း ခပ်ပြတ်ပြတ် မဟုတ်မခံချင်သော စိတ်များကလည်း အပြည့်ရှိသည်။

အတူနေသူများက ဘဝင်မြင့်သည်။ မာနကြီးသည်ဟု ပြောဆိုသံကြားရသည်။

သူမသည် သတ္တိရှိရှိ ပြတ်ပြတ် သားသား၊ ရှန်းကန် လှုပ်ရှားပြီး မိဘ၊ မောင်ဘွားများကို ကယ်တင်လိုသူ၊ ဦးဆောင်လိုသူ တစ်ဦးဖြစ်သည်။

မအောင်မြင်သေးသော ဆယ်တန်းကိုလည်း လေးလတာ အပြင်းအထန်ကြိုးစားပြီး ဖြေဆို အောင်မြင် ခဲ့သည်။

ဤသည်ကား သွန်သင်ဆုံးမချက် များကို လိုက်နာကြိုးစား သည်ဟု ပြောဆိုရမည်ဖြစ်သည်။ ဆယ်တန်းအောင် ရုံမကဘဲ ဘွဲ့ရသည်အထိ သူမကြိုးစားသည်။ သူမ၏ပြတ်သားမှုနှင့် မရပ်မနား ကြိုးစားမှုတို့ကြောင့် အလုပ်သင်ဘဝမှ အလုပ်ခန့်အပ်ခြင်း ခံရသည်။

ထို့ပြင် အလုပ်တာဝန် အသီးသီးကိုလည်း ခွဲဝေ ထမ်းဆောင် စေသည်။ သူမ၏ပြတ်သားမှု၊ တိကျမှုတို့ကြောင့် ခုန်ပျံကျော်လွှားပြီး အုပ်ချုပ်ရေးမှူး ရာထူးကို ယုံကြည်စွာ အပ်နှင်းခြင်း ခံခဲ့ရသည်။

သူမကို အမြဲမပြတ် ကြီးမြင့်စိတ် အဖွဲ့ဝင်များနှင့်တူသော လုပ်ဖော်ကိုင်ဖက်များအပေါ် သည်းခံစိတ် မွေးရမည်။ ခွင့်လွှတ်စိတ် ဖြင့် တွေးရမည်။ လိုက်လျော ညီထွေဖြစ်အောင် ကြိုးပမ်းရမည်ဟု အစဉ်အမြဲ သတိပေး ဆုံးမသွန်သင် ပြသခဲ့သည်။

ပထမဦးဆုံး သူမကြုံတွေ့ရသော စိတ်ညစ်စရာများမှာ နစ်ရှည် လများ ဝေဒနာ ခံစားနေရသော အဘိုးဖြစ်သူ၏ ဝေဒနာဆိုး ကြီးပင် ဖြစ်သည်။

ထပ်မံ၍ စိတ်ဆင်းရဲရမှုသည် ဖခင်၏ နာတာရှည် ရောဂါဖြစ် သည်။ တစ်မိသားစုလုံးတွင် မိန်းမသားဖြစ်သော်လည်း တစ်အိမ်လုံး ၏တာဝန်သည် သူမတာဝန် ဖြစ်နေပေသည်။ ဤသို့ဖြင့် သူမသည် တစ်ဖက်က အလုပ် တာဝန်ကို အတတ်နိုင်ဆုံး ကျေပွန်အောင်

ကြိုးစားနေသော်လည်း အိမ်ပြန်ရောက်လျှင် အမောပြေ လန်းဆန်းခြင်းမရှိဘဲ သောကများခဲ့ရသည်။ စိတ်ဆင်းရဲခဲ့ရသည်။

သူမ၏ ဘဝကား ဤမျှနှင့် မပြီးသေးပေ …။

အဘိုးဖြစ်သူ ဆုံး၍ သူမကြေကွဲ ဝမ်းနည်းခဲ့ရသည်။

မကြာခင် အတောအတွင်း အဖေ ကွယ်လွန်ပြန်သောအခါ နလုံးသည်းပွတ်ကြွေမတတ် ငွေကုန်လူပန်း စိတ်မချမ်းမသာ ဖြစ်ရပြန်သည်။

ထို့ထက် ဆိုးသည်မှာကား လူပေါင်းမှားသော မောင်အကြီးဆုံးတစ်ယောက်သည် အဖမ်းခံရပြီး ထောင်ကျပြန်သည်။ မိမိ တစ်ကိုယ်တည်း တိုးတက်ရေးအပေါ်တွင် ကြိုးစားနေရသော သူမသည် အလုပ်ရှင်၏ သွန်သင်မှု ၊ နေ့စဉ် ကျင့်ကြံစေရမှုတို့ကို သူမပျက်ကွက်ခဲ့ပေသည်။ လေ့လာရမှု များလည်း လစ်ဟာခဲ့သည်။

သူမလည်း ဆိုးကျိုးများကို ကျူးလွန်မိကာ နစ်နာလေသည်။

နံနက်လင်းလျှင် စောစောအိပ်ယာ ထရမည်၊ စိတ်ကိုကြည်လင်လန်းဆန်းနေအောင် ကြိုးပမ်းရမည်။ ပတ်ဝန်းကျင်ကို အကောင်းမြင်ရမည်။ လုပ်ဖော်ကိုင်ဖက်များအပေါ်တွင် အထင်တကြီး တလေးတစား ဆက်ဆံရမည်။ လက်အောက် ငယ်သားများအပေါ်တွင် ညှာတာထောက်ထားစွာ ဆက်ဆံရမည်ဖြစ်သော်လည်း သူမသည် ပြုလုပ်ရန် ပျက်ကွက်ခဲ့ပေသည်။

မနွယ်နီခမျာမှာ လူတော်တစ်ယောက် ဖြစ်သော်လည်း လူကောင်းတစ်ယောက် မဖြစ်ချေတော့ပေ။

အလုပ်မကြိုးစားသူများကို ရန်သူသဖွယ် မြင်လာသည်။

သူမ၏ စည်းကမ်းမှုနှင့် မကိုက်လျှင် သူမအကြိုက်ကို မလိုက်လျှင် ခါးခါးသီးသီး ပြောဆို ဆက်ဆံကာ ရိုင်းစိုင်းလာသည်။

အလုပ်ရှင်ခမျာ သူမနှင့် ပတ်ဝန်းကျင် အဆင်မပြေသည်ကို အစွမ်းကုန် ပြုပြင်ပေးသည်။ ညှိနှိုင်းပေးသည်။

ပထမသော် သူမသည် နာခံရန်၊ ပြုပြင်ရန်ကိုပင် လက်မခံချင်သလိုပင် ဖြစ်ပေါ်လာသည်။

သူမ၏ ကောင်းသော အချက်များကို သိရှိ၍လည်းကောင်း၊ နဂိုကစေတနာ မေတ္တာကိုလေးစား၍ လည်းကောင်း သူမကို ငဲ့ညှာပြီး ထိန်းသိမ်းနေရသော်လည်း သူမအတွက် စိတ်မကောင်း ဖြစ်မိသည်မှာ ပြုပြင်ရန် အကျင့်ကို ချက်ချင်း ဂရုတစိုက်မပြုပြင်သေးပါလားဟု စောင့်မျှော်တွေး တောနေရသည်မှာ ရစ်နစ်ကျော်ကြာ ကိုးနစ်တာသို့ ရောက်နေသည့်အလား ဖြစ်ပွားခဲ့ရပြန်သည်။

## သင်တန်းနည်းပြ အလှူရ

သူမသည်ကား ... လက္ခဏာရှုး၊ ဗေဒင်ရှုးပေတည်း ...

လက္ခဏာ ၊ ဗေဒင် ဝါသနာပါလိုက် သည်မှာ တွေ့သမျှဖတ်၊ ကြုံသမျှ မေး ဟောသမျှ ဆရာလေးဟု အခေါ်ခံရလောက်အောင် သူမနှင့်ဗေဒင်ပညာ၊ လက္ခဏာပညာတို့သည်ယှဉ်တွဲလျက် လွန်ဆွဲ နေပေသည်။

သူမသည် လက္ခဏာပညာ သင်ရန်၊ သင်တန်းတက်ရန်၊ လုပ်အားပေးရန် ရောက်ရှိလာသည်။ သွက်လက် ချက်ချာသည်။ တာဝန်ဝတ္တရား သိသည်။ အလိုက်တသိ နေထိုင်တတ်သည်။ ထို့ကြောင့် သူမကို ရွေးချယ် လိုက်သည်။

သူမအမည်ကား ဇင်နှင်းအေးဖြစ်သည်။ အသားကဖြူ၊ ကိုယ်လုံး ကိုယ် ထည်သည်မပိန်မဝ၊ အရပ်အနည်း ငယ်ပုသည်။ အသက် သည်ကား သုံးဆယ်ခန့်ဖြစ်သည်။ ဘွဲ့ရပညာ တတ်တစ်ဦးဖြစ်သည်။

သူမ၏ထူးခြားချက်မှာ ပြောရဲ၊ ဆိုရဲ၊ လုပ်ရဲသည်။ သတ္တိရှိသည်။ အခြေခံသင်တန်း၊ အထက်တန်း သင် တန်း၊ နည်းပြသင်တန်းတို့တွင် ထိပ်ဆုံး မှ ထူးထူး ချွန်ချွန် အောင်မြင်ခဲ့သည်။

လူကြီးမိဘကို ရိုသေသည်။ ဆရာ သမားကို အားထား လေးစား သည်။ နိုင်းသမျှ ပေးသမျှ တာဝန်များတွင် စိတ်တိုင်းကျ လောက် အောင် လုပ်ဆောင်ပေးနိုင်သည်။

သူမသည် အိမ်တွင် အစ်မအကြီးဆုံး ဖြစ်သည်။ အပွင့်လင်းဆုံးလည်း ဖြစ်သည်။

အဖေ နှင့် အစ်ကို၊ မောင်များက အေးကြ ရိုးကြသောကြောင့် မကြာခဏ သူတစ်ပါး၏ မလိမ်တပတ်လုပ်မှုများကို သူမမှာ မကျေမနပ် ဖြစ်ရသည်။

ထို့ကြောင့် ငယ်ငယ်လေးကပင် စွာသည်။ စိတ်ကြီးသည်။ စိတ်ကောက် သည်ဟု မလိုသူများ၏ ပြောဆိုမှု ခံရကာ သူမအပေါ် အမြင်ဆိုးများဖြင့် မြင်လာသည်။

"ပညတ်သွားရာ ဓာတ်သက်ပါ" ဆိုသကဲ့သို့ သူမအပေါ် အကောင်း မမြင်သည်ကို သူမကလည်း တမင် အရွဲ့တိုက်သည့် အလား ထစ်ကနဲဆိုလျှင် စိတ်ဆိုးလိုက်ရမှ ကျေနပ်သည်။ စိတ်ကောက်လိုက်ရမှ နစ်သက်သည်။

ထိုအကျင့်သည်ကား ယခုလို လူအများနှင့် စုပေါင်းပြီးနေထိုင်ရသောအခါတွင် အစပိုင်းတွင် အဆင်ပြေသလောက် နောက်ပိုင်းတွင် နေ ထိုင်သူအချင်းချင်း မပြေမလည်ဖြစ် လာရသည်။

"ချိတ်ချိတ်ချင်း ချိပ်"ဆိုသကဲ့သို့ အကောင်းမမြင်သူနှင့် အမြင်မကောင်းသူ နှစ်ဦးနှစ်ဖက် ကြုံတွေ့ကြသောအ ခါ ပြဿနာ မကြာခဏ ဖြစ်ရသည်။

သူမ တာဝန်သည်ကား အလုပ်ရှင် ကိုယ်စား နိုင်းစေရာသို့ သွားရသည်။ ပေးသော တာဝန်ကို လုပ်ရသည်။ လူစုံ နယ်စုံ အတွေ့

အကြံ့စုံတို့ကို လုပ်ရသည်။ သူမ လုပ်သမျှ လုပ်ငန်းတိုင်းသည် ရာနှုန်းပြည့်အလား အောင်မြင်ပါသည်။

သို့ရာတွင် သူမ၏ စိတ်တိုင်းမကျမှု၊ စိတ်တိုမှုတို့သည် မကြာခဏ ခေါင်းရှုတ်ရသည်။ စိတ်ညစ်ရသည်။ ဖြေရှင်းရသည်။ သူမ၏ စိတ်မနိုင်မှု၊ စိတ်မခိုင် မှု၊ စိတ်တိုမှု၊ စိတ်ကောက်မှုတို့သည် အသေးအမွှားလေးများဟု အလေးမထား၍ မရလောက်အောင် မကြာခဏ ဖြစ်လာပါများသော် သူမနှင့် ပတ်ဝန်းကျင်တို့ ပြဿနာ တက်ရပေတော့သည်။

သူမ၏ မိဘဆရာသဖွယ် ဖြစ်သော ပုဂ္ဂိုလ်သည် သူမ၏ လုပ်ဆောင်ချက် ကောင်းမှုများကို လည်းကောင်း၊ ကြိုးပမ်းချက် အောင်မြင်မှုများကိုလည်းကောင်း၊ စေတနာထား မေတ္တာထားမှုများ ကိုလည်းကောင်း ကျေနပ်အားရသလောက် သူမကို သင်ကြား ပေးထားသော အစွမ်းကုန် သည်းခံခြင်းကို သူမသည် မလေ့ကျင့်ပေ မလိုက်နာပေ။

မိမိစိတ်ကို တင်းကျပ်စွာ ချုပ်ထိန်းခြင်း သင်ခန်းစာကို လိုက်နာမှု ပျက်ကွက်လျက် စိတ်ကို လွှတ်ထားသည်။ ထိုထိုသော အကြောင်း များတို့သည်ကား အရည်အချင်းကောင်း ရှိလျက် "ပြည်ပန်းညှိုးချို ပါ လျက် ဆားကဖျက်" သည့်ပမာ ဖြစ်နေရာသည်မှာ ခြောက်နှစ်ကျော် ကြာ ခုနှစ် နှစ်တာသို့ ရှိခဲ့ပေပြီ။

**အေးမြမေတ္တာ မျှဝေကာ**

သူမ အမည်ကား ... *စိမ်းမြချို* ဖြစ်သည်။

ဘဝတစ်လျှောက်လုံးတွင် ဆယ်တန်းကို နှစ်ချင်းပေါက် အောင်ပြီး ဘွဲ့ရသည်အထိ အေးအေးလူလူ၊ သီးသီးသန့်သန့် နေထိုင်လေ့ရှိသောကြောင့် မိသားစုများက သူမကို အခြားသူများ နှင့်မတူဘဲ မေတ္တာပိုခဲ့ကြသည်။ အစစ အရာရာ အလို လိုက်ကြသည်။

လူမမယ်ဘဝမှ အရွယ်ရောက် သည်အထိ သူမသည် လူတော မတိုးဝံ့ပေ။ လူအများကို ကြောက်သည်။

သူငယ်တန်းမှ တက္ကသိုလ်ရောက်သည်အထိ အစ်မ၊ အစ်ကိုများက နေရာတကာ လိုက်ပို့ရသည်။

ထို့ကြောင့်လားမသိ ...။ သူမသည် ဝမ်းနည်းလွယ်သည်။ မျက်ရည်ကျလွယ်သည်။ သူမခံစားချက်ကို ဟန်ဆောင်ပြီး ဖုံးမထားတတ်ပေ။

သူမ ရောက်ရှိလာပုံမှာ အစ်မဖြစ်သူသည် အိမ်တွင် စိတ်တိုတတ်၊ စိတ်ကောက်တတ်သည်။ ပွင့်ပွင့်လင်းလင်း ပြောတတ်သည်။ ထို့ကြောင့် နေရာတကာ အစ်မနှင့် ပတ်ဝန်းကျင် အဆင်မပြေသည်ကို တွေ့ရသည်။

ယခုလည်း အစ်မ အလုပ်လုပ်ရန် သွားသော ရန်ကုန်မြို့သို့ စိတ်မချသောကြောင့် လိုက်လာသည်။

သူမ၏ စိတ်ထဲတွင် အုံ့ညြနေ သည်။ အလုပ်တွင် သုံးလေးလသာ မြဲလိမ့်မည်ဟု ထင်သော အစ်မသည် အလုပ်ခွင်တွင် ပျော်နေသည်၊ စိတ်ဝင်စားနေသည်ကို တွေ့ရသည်။ ကာလအားဖြင့် ခြောက်လကျော်ကြာ တစ်နှစ်တာ ခန့်ရှိခဲ့ပေပြီ။

သူမကိုယ်တိုင်လည်း ဘွဲ့ရပြီးနောက် အလုပ်မရှိ အကိုင်မရှိ အသက်ကပင် နှစ်ဆယ့်ငါးနှစ်ကျော်ခဲ့ပေပြီ။ ထို့ကြောင့်လည်း သူမ၏ ပင်ကိုယ်က လွတ်လွတ် လပ်လပ် ပွင့်ပွင့် လင်းလင်း သီးသီးသန့်သန့် အေးအေး ဆေးဆေး နေလိုစိတ်ရှိပြီး ကိုယ့်စွမ်းအားနှင့် ကိုယ် အလုပ်လုပ်လိုသည်။

အစ်မနှင့်လည်း အဖော်ရအောင် ဟူသော ဆန္ဒဖြင့် အစ်မလုပ်သော အလုပ်ကို လေ့လာကြည့်သည်။ သင်တန်းတက်ကြည့်သည်။

ထိုသင်တန်းတွင် သူမ လိုချင် သောအရာ တွေ့လိုက်ရသည်။

ထိုအရာသည်ကား... တိတိကျ ကျ အရာရာကို လုပ်ကိုင်ပြီး ရည်ရွယ်ချက်ကို ကြီးကြီးမားမားထားကာ အချိန်ကို တန်ဖိုးထားလျက် ပြင်းထန်သော ကြီးပွားတိုးတက်လိုစိတ် မွေးမြူပြီး ကြိုးစားလျှင် အောင်မြင်နိုင် သည်ဟူသောအသိကို သူမ ရခဲ့သည်။ တွေ့ခဲ့သည်။ သူမကိုယ်တိုင် စမ်းသပ်ခဲ့သည်။

ထိုအခါ ဝမ်းသာအားရ သူမ လုပ်လိုသော အလုပ်တွေ့ပြီဟု ဆုံးဖြတ်ခဲ့သည်။

လိုအပ်နေသော ကွန်ပြူတာ ပညာများကို မအိပ်မနေ သင်ကြား ခဲ့သည်။ အလုပ်ခွင်တွင် အသုံးအဝင်ဆုံး အရေးအကြီးဆုံး လူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာရသည်။

အဘယ်ကြောင့်ဆိုသော် စာပေဆိုင်ရာတို့သည် သူမ အလုပ်ရှင်၏ လုပ်ငန်းကြီး တစ်ရပ် မဟုတ်ပါလား ...။

အစ်မနှင့် လုပ်ဖော်ကိုင်ဖက်များတို့ကို အစ်မရင်းသဖွယ် ခင်မင်တွယ်တာ ပျော်ရွှင်စရာ သူမလုပ်နိုင်ခဲ့သည်။

ရည်ရွယ်ချက်ကို အတိအကျ ထားနိုင်ခဲ့သည်။ အချိန်ကိုလည်း လေး စားခဲ့သည်။ တစ်ခါတစ်ရံတွင် သူမ သည် ယခုအရွယ်ထိ မခွဲစဖူးသော မိဘ၊ ညီအစ်ကို မောင်နှမများကို လွမ်း မိသည်။ ဆွေးမိသည်။ တွေးမိသည်။ ထိုအခါတွင် သူမသည် စိတ်ကို မထိန်းဘဲ မျက်ရည် တရွှဲရွှဲဖြင့် ငိုမိသည်။ မျက်ရည်ကျမိသည်။

အမှုမဲ့ အမှတ်မဲ့ စိတ်မထိန်း လိုက်မိသော ထိုအလေ့ အကျင့်ဆိုး သည်ကား သူမကိုရောဂါ ပတ်ဝန်းကျင်ကိုပါ အနှောင့်အယှက်ဖြစ်စေခဲ့ သည်။ တစ်ခါတစ်ရံတွင် ဘုမသိ ဘမသိ သူမ မျက်နှာပျက်နေသည်။ စိတ်ထိခိုက်နေသည်များသည် ပတ်ဝန်းကျင်အတွက် အနှောင့် အယှက် ဖြစ်လာသည်။

အားငယ်လာသောအခါ၊ စိတ်ပင်ပန်းလာသောအခါ၊ မိသားစုကို လွမ်းဆွေးလာသော အခါတိုင်း မထိန်းနိုင်သော သူမ၏ စိတ်တို့

သည်ကား အလုပ်ပျက် အကိုင်ပျက် ပတ်ဝန်းကျင်အနေခက်အောင် ဖြစ်လာသည်အထိ ကြီးမားလာသည်။

ကျန်းမာရေး မကောင်းသောအခါတွင် ပို၍ ဆိုဝါး သိသာစွာ စိတ်အားငယ်မှု၊ စိတ်မထိန်းနိုင်မှုတို့သည် ဆက်ဆံရေးကို ပျက်စေသည်။ ပတ်ဝန်းကျင်ကို အနေခက်စေသည်။

အလုပ် လုပ်ရာတွင် သူမတူအောင် ကြိုးစားသည်။

ကူညီရိုင်းပင်းမှုတို့တွင် အမြဲတမ်း ကူညီချင်သည်။ အလုပ်နှင့် ပတ်သက်၍တွေးခေါ်လုပ်ကိုင်ရာတွင် အကြံကောင်းဉာဏ်ကောင်း အမြဲထွက်သည်။

မိမိစိတ်ကို တင်းကျပ်စွာ ချုပ်တည်းခြင်းဟူသော သင်ခန်းစာကို ငယ်ရွယ်စဉ်မှစပြီး မထိန်းနိုင်ခဲ့သော မလုပ်ကိုင်နိုင်ခဲ့သော ချို့ယွင်းချက်တို့သည်ကား "ဆွမ်းဆန်ထဲ ကြွက်ချေးရောသည့်ပမာ" အကောင်းတစ်ရာ လုပ်နိုင်လျက် အဆိုးတစ်ခုကို မပြုပြင်နိုင်သော အခါ သူမအတွက် အလုပ်ရှင်သည် စိတ်အနှောင့်အယှက် ကြီးစွာ ဖြစ်ရသည်။

ချော့၍ တစ်ခါ ခြောက်၍တစ်လှည့် မေတ္တာဖြင့် အမြဲပြုပြင်ပြီး အချိန်ရှိတိုင်း အကျိုးရှိအောင် သုံးစွဲရန်များ သင်ကြား လေ့ကျင့်ပေးလျက်ရှိသော်လည်း သူမသည်ကား မလိုက်နာသေးသည်မှာ ငါးနှစ်ကျော်၊ ခြောက် နှစ်တာသို့ ရောက်ခဲ့ရပေပြီ ...။

**မျိုးဆက်ဖြိုး**

သူ၏အမည်မှာကား မျိုးဆက်ဖြိုး (ခ) မောင်ဖြိုး...။

မောင်ဖြိုးကို အဘိုး၏ မျိုးရိုး မျိုးဆက် ထိန်းသိမ်းနိုင်ပါစေဟု ရည်ရွယ်ပြီး မျိုးဆက်ဖြိုးဟု တင်စား၍ ခေါ်မိသည်။

ရင်တွင်း၌လည်း ဖြစ်မြောက်ပါစေဟု ဆုတောင်းမိသည်။

သူ တစ်နှစ်သားလောက်မှစပြီး မိဘနှစ်ပါးသည် အဆင်မပြေကြပေ။ သူ သုံးနှစ်သားတွင် မိဘနှစ်ပါး ကွဲသွားကြသည်။

အဘိုးအဘွားတို့သည် တစ်ဦးတည်းသော မြေးယောက်ျားလေးဖြစ်သောကြောင့် မိမိတို့ထံ ခေါ်ယူ စောင့်ရှောက်ထားခဲ့သည်။

ရုပ်ရှင်ရိုက်ကူးနေသော နေရာသို့ သွားကြည့်ပြီး ကလေးဇာတ်ဆောင် ဝင်လုပ်သည်။ ချစ်စနိုးဖြင့် ငွေ ၅၀ သူ့ကိုပေးသည်။ ဝမ်းသာအားရ ထိုငွေ ၅၀ကို ယူလာပြီး အဘိုးဖြစ်သူကို ဂုဏ်ယူ ဝင့်ကြွားစွာ ပေးသည်။

ငါးနှစ်သားတွင် အဘိုးနှင့်အတူ ထိုင်းနိုင်ငံသို့ ရောက်သည်။ ဉာဏ် အလွန်ကောင်းသည်။ ပြလျှင် တတ် လွယ်သည်။ အဘိုး၊ အဘွား၊ အဒေါ်၊ ဦးလေးများနှင့် နေရသည် ဖြစ်၍ အားလုံးကြိုက်အောင် အလိုက်ဆောင်၍ နေထိုင်တတ်သည်။

မောင်ဖြိုးကို မိသားစု အားလုံးတို့သည် တစ်ဦးတည်းသော မြေးယောက်ျားလေးဖြစ်၍ မျှော်လင့်ကြသည်။ အားကိုးခဲ့ကြသည်။

ယုံကြည်ခဲ့ကြသည်။ မြှောက်စားခဲ့ကြသည်။

အဘိုးအဘွားတို့သည် နိုင်ငံခြားတွင် အနေများလာသည်။ ထိုအခါတွင် သူတို့၏ မေတ္တာနှင့် ထိတွေ့ဆက်ဆံမှုတို့ ကင်းကွာခဲ့ရသည်။

အဒေါ်နှင့် ဦးလေးတို့မှာလည်း နိုင်ငံခြားသို့ သွားကြပြန်သည်။ ထိုအခါတွင် အဒေါ် ဦးလေးတို့၏ မေတ္တာနှင့် သွန်သင်မှုများ ယုတ်လျော့သွားကြသည်။

ထိုအချိန်သည်ကား သူ့အသက် မှာ ဆယ့်လေးငါးနှစ်အရွယ်။ သူ၏ ကျောင်းပညာမှာရှစ်တန်း ။အချိန် ကောင်းတွင် အဘိုးအဘွား၊ အဒေါ် ဦးလေးများ၏ မေတ္တာရေအေး တိုက်ကျွေးမှု မရခဲ့ရှာပေ။ သွန်သင်ဆုံးမမှုများလည်း လျော့နည်းခဲ့ပေသည်။

သူ၏ ပတ်ဝန်းကျင်တွင် အိမ်ဖော် အမျိုးမျိုးနှင့် ကျင်လည်ခဲ့ရသည်။

ထိုအိမ်ဖော်တို့၏အကျင့်စရိုက်အဆိုးအကောင်းတို့သည်သူ့ကို ဖုံးလွှမ်းလာတော့သည်။

အစကောင်းခဲ့သော သူကလေး မှာ ယခုတော့ဖြင့် အခြေအနေ မကောင်းများဖြစ်ပေါ်စပြုလာပေပြီ။

သူသည် ကိုးတန်း၊ ဆယ်တန်းတွင် ပညာရေးထက် အပေါင်း အသင်းကို ဦးစားပေးလာသည်။

အချစ်ရေးကို အလေးထားလာသည်။ ပတ်ဝန်းကျင်၏ စရိုက်

ဆိုးများသည် သူ့အတွက် အကြိုက်တစ်မျိုး သဏ္ဌာန် ဖန်တီးလာသည်။

သူ့ကို အားအထားဆုံး ဖြစ်သော အဘိုးဖြစ်သူမှာ နိုင်ငံခြားမှ နေပြီး သူ၏သတင်းကိုကြားရသောအခါ အလွန်စိတ်ထိခိုက်ရသည်။ အလွန် ဝမ်းနည်းရသည်။

သူ့အပေါ်တွင် ငယ်ငယ်လေးတည်းက တယုတယ ချစ်ခဲ့ရသော အဘွားဖြစ်သူမှာ စိတ်ထိခိုက်ရလွန်း အားကြီးပြီး ရောဂါစွဲကပ်သည် အထိ ခံစားခဲ့ရသည်။

သူ့အဖေတုန်းက ခံစားခဲ့ရသော စိတ်ထိခိုက်မှုတို့သည် သူ့ကြောင့် ပို၍စိတ်ထိခိုက်မှု ခံစားရပြီး ပူဆွေးဒုက္ခ ရောက်ရသည်။

နိုင်ငံရပ်ခြားတွင် နေထိုင်ကြသော အဒေါ်နှင့် ဦးလေးများတို့ သည် သူ၏ ချို့ယွင်းသော သတင်းကိုကြားရကြုံရသောအခါ မျက်စိ၊ နားကိုပင် မယုံနိုင်စရာ ဝမ်းနည်းကြေကွဲမှုများ ဖြစ်ရသည်။

သူကလေးဘက်က ကြည့်ပြန်လျှင်လည်း အဘိုးအဘွားနှင့် ဝေးကွာ စွာ နေထိုင်ရသည်။ ဦးလေး အဒေါ် များနှင့် တသီးတခြား ဖြစ်နေသည်။ သူလိုချင်သော မေတ္တာနှင့် သွန်သင်ဆုံးမမှုများ ကင်းကွာရမှုကို သူကလေးသည် လူငယ်ပီပီ စိတ်ကိုထိန်းပြီး သူ့အဘိုး ဆုံးမသလို ရည်ရွယ်ချက်လမ်းပေါ်ကို မလျှောက်လှမ်းနိုင် တော့ပေ။

လူလိမ္မာကလေး မျိုးဆက်ဖြိုးသည် ယခုတော့ဖြင့် လူဆိုးလေး ဖြစ်နေရပေပြီ။

အားလုံးချစ်ကြသော မျိုးဆက်ဖြိုး ကလေးသည် အားလုံး၏ ကြောက်ရွံ့စရာ၊ စိတ်ညစ်စရာ၊ ဦးနှောက်ခြောက်စရာ ဖြစ်လာရတော့ သည်။

စိတ်ကို အချိန်မီ ထိန်းသိမ်းရန် ပြောဆို ဖျောင်းဖျသော်လည်း မပြုပြင် နိုင်ခဲ့ပေ။ စိတ်အလို လိုက်ခဲ့မှုများ ကြောင့် တန်ဖိုးအကြီးဆုံး ဘော်ဒါကိုထား၍ဆယ်တန်းကိုဖြေခိုင်းသော်လည်းစာကိုစိတ်မဝင် စားမှုများကြောင့် ဆယ်တန်းစာမေးပွဲ ကျရှုံးခဲ့ရသည်။

အဘိုး၏ ခြေရာ နင်းနိုင်ရမည်ဟု မျှော်မှန်းခဲ့သော အဘိုးခမျာ ယူကြုံးမရဖြစ်ပြီး အလွန်စိတ်ထိခိုက်ခဲ့ရသည်။

ဖူးဖူးမှုတ်ထားပြီး ချစ်ခင်လှသော အဘွားခမျာမှာ ဆီးချို၊ သွေးတိုး၊ နှလုံး ရောဂါများ တိုး၍ ခံစားရသည်။

အချစ်ဆုံး အဒေါ်ခမျာမှာ ငါတို့ အနီးအနား မရှိလို့ဟု တွေးတော ပြီး စိတ်မကောင်းဖြစ်ရှာသည်။

ဂျပန်နိုင်ငံတွင် ရောက်ရှိနေသော အမျှော်လင့် ဆုံး ဦးလေး ခမျာမှာ သူ၏ အုပ်ထိန်းမှု ကင်းကွာခဲ့၍သာ ယခုလို ဖြစ်ရသည်ဟု စိတ်မကောင်းကြီးစွာဖြင့် ညည်းတွားမိရှာသည်။

ဩော် ... လူတစ်ဦး တစ်ယောက် အမှတ်တမဲ့ ကျူးလွန်မိသော

အပြစ်များသည်ကား အခြားသူများအတွက် များစွာ ထိခိုက်ရလေခြင်းဟု အပြစ်ကျူးလွန်မိသူတိုင်း မကျူးလွန်မီက သတိထားမိမည်ဆိုလျှင် အဘယ်မျှကောင်းပါလေအံ့နည်း။

ငွေကုန် စိတ်ပန်းပြီး ဆယ်တန်း တစ်နှစ်ကျသော်လည်း မတော်တဆဟု သဘောထားကာ အဘိုးအဘွား၊ မိဘ၊ သွေးသားအများက အချစ် အခင်မပျက် အပြစ်မတင်ရက်ခဲ့ပါ။

နောက်နှစ်တွင် ဆက်၍ နာမည် အကြီးဆုံး ဘော်ဒါကို ငွေကြေးအကုန် ကျ များစွာဖြင့် ဆက်ထားပြီး ထူးထူး ချွန် ချွန် အောင်မြင်ရန် ကြိုးစားကြပြန် သည်။

မောင်မျိုးဆက်ဖြိုးမှာ စိတ်ရောကိုယ်ပါပြုပြင်ပြီးကြိုးစားလိုစိတ်မရှိသေးပေ။

လူဆိုသော သတ္တဝါ တို့သည် ကောင်းသောအကျင့် ပြုကျင့်ရန်ခဲယဉ်းလှသည်။ ပြုပြင်ရန်လည်း နည်း ပါးကြသည်။

အဘယ်ကြောင့်နည်းဟုဆိုသော် မကောင်းအကျင့်ကို မကောင်းမှန်း သိပြီး ပြင်းပြင်း ထန်ထန် ပြုပြင်စိတ် မရှိခြင်းကြောင့်ဖြစ်သည်။မသိခြင်းကြောင့်လည်း ဖြစ်နေကြသည်။

"ဒီနှစ် ငါ့မြေးတော့ အောင်အောင် ကြိုးစားမှာပဲ" ဟု သူ့ကိုအလွန်ချစ်သော အဘိုးသည် တွေးတောမိသည်။ သူ့ကိုအလွန်ယုယသော အဘွားသည် ယုံကြည်သည်။ အဒေါ် ဦးလေးတို့က စိတ်ချနေသည်။

သို့သော်လည်း ဒုတိယအကြိမ် ဆယ်တန်းစာမေးပွဲ ကျရှုံးခဲ့ပြန်သည်။

အဘိုးအဘွားအဒေါ်ဦးလေးတို့၏မျှော်လင့်ချက်ရွှေတောင်ကြီးသည် ပြိုလဲရချေပြီတကား ...

အဒေါ်သည်နိုင်ငံခြားမှပြန်လာပြီးတူဖြစ်သူကိုကြီးကြပ်သည်။ ဦးလေးသည် ဂျပန်မှပြန်ရောက်ပြီး အားပေးရှာသည်။ တတိယအကြိမ်တွင်ဆယ်တန်းစာမေးပွဲအောင်သည်ဟုဆိုရုံသာအောင်မြင်ပါသည်။

ဆယ်တန်းစာမေးပွဲ အောင်သည်ဟု ဆိုရမည် ဖြစ်သော်လည်း ဘဝစာ မေးပွဲတွင်ကား အောင်မှတ်များနှင့်သူ ဝေးကွာလျက် ရှိပေသည်။

အသုံးအဖြုန်းကြီးလာသည်။ အပြောအဆိုကြမ်းတမ်းမိုက်ရိုင်းလာသည်။ အနေအထိုင် ဟော့ဟော့ ရမ်းရမ်း ဖြစ်လာသည်။ ပတ်ဝန်းကျင် အပေါင်းအသင်းမင်ပြီး ပေါင်းသင်းမှု မှားယွင်းလာသည်။

အထိခိုက်ဆုံး ပုဂ္ဂိုလ်မှာ သူ့ကို အ သည်းနှလုံးပမာ ချစ်ရှာသော အဘွား ဖြစ်သူသည် သားသမီးများနှင့် တကွဲ တပြား ဖြစ်နေသောကြောင့် ကျန်းမာရေး ထိခိုက်နေရာမှ သူ့အားကိုးသော မြေးလေး၏ မလိမ်မမာ ဖြစ်ရမှုတို့ကြောင့် စိတ်ထိခိုက်စွာဖြင့် ကွယ်လွန်သွားရှာပေတော့သည်။

ဩော် ... သားသမီးအချစ် မြေးအနှစ် မဟုတ်ပါလား ...။

သူ၏ သူမတူသော ထူးချွန်ချက် မှာ ပြလျှင် တတ်လွယ်သည်။ ဝေဖန် ဆန်းစစ်တတ်သည်။ ခွဲခြမ်း စိပ်ဖြာတတ်သော ပင်ကိုယ်စိတ်ကောင်းကလေးတို့သည် ယခုအခါတွင်ကား မကောင်းမှုများကို မပြင်သည့်အပြင် တွက်ကပ်စိတ်များ မွေး၍ ပြုပြင်ရန်ကို မပြုပြင်ဘဲ ဆင်ခြေပေး၍အချိန်ဆွဲနေသော အပြစ် ကျူးလွန်နေခြင်းဖြစ်သည်။

နိုင်းလိုက်သော လုပ်ငန်းတိုင်း တွင် သူတစ်ပါး နိုင်းရသည်ထက် ပိုမိုပြီး အောင်မြင်စွာလုပ်နိုင်သည်။ သို့သော် လုပ်ငန်း လုပ်ကိုင်အောင်မြင်မှုထက် အပြောအဆို မတတ်မှုတို့က အပြစ်ဖြစ်ရပြန်ချေသည်။

သူ့ကို သင်ကြားပေးထားသော ယဉ်ကျေးသိမ်မွေ့ခြင်းကို သူမလိုက်နာပေ။

ပျောင်းပျော့စိတ်ထားရမည်ကို မခံယူပေ။

ပြုံးရွှင်စိတ် ထားရမည့်အစား ငြူစူ စိတ်ကို မွေးမိပေသည်။

အဘိုးကို ကျေးဇူးဆပ်လိုသည်ဟု မကြာခဏ သူပြောသည်။

အဘိုးခြေရာ နင်းနိုင်ရမည်ဟုမကြာခဏ သူ ကြွေးကြော်သည်။

သူ မသိသော အဘိုးတွင်ရှိသော ထူးခြားချက်သည်ကား အစရှာပြီး ဘဝနာခဲ့ခြင်းဖြစ်သည်။

အစရှာပြီး ဘဝနာခဲ့ခြင်းကို သူနား မလည်ပေ။

ရည်ရွယ်ချက်ကို အမြဲမပြတ် လေ့ကျင့်လိုက်နာပြီး လုပ်ကိုင်ခဲ့သည် ကို သူ မလုပ်ခဲ့ပေ။

ပတ်ဝန်းကျင်ကို ကိုယ်လိုရာသို့ ရောက်အောင် မထိန်းသိမ်းနိုင်ခဲ့ပေ။

သူ၏အဘိုးသည် ရန်ကုန်သို့ ရောက်စဉ်အခါကပင် အပင် သုံးမျိုး အလုပ်သုံးမျိုး လုပ်ခဲ့သည်ကို သူ မမှတ်မိရှာပေ။

ထိုအပင် သုံးမျိုးတို့သည်ကား ... နေ့စဉ် သီးသောအပင်အဖြစ် ... လမ်းဘေး ပလက်ဖောင်းတွင် ဈေးရောင်း ခဲ့သည်။

မောင်မျိုးဆက်ဖြိုး အနေဖြင့် နေ့ စဉ်သီးသော အပင်မှာ အဖိုး၏ အလုပ် အကိုင်ကို ဝိုင်းဝန်းလုပ်ကိုင်ရန် ဖြစ် မည်။

လနှင့်သီးသော အပင်မှာ အဖိုးသည် တစ်အိမ်တက်တစ်အိမ် ဆင်း သတင်းစာ ပို့ခဲ့သည်။ တစ်လပြည့်သောအခါမှ ဝင်ငွေရခဲ့သည်။

မောင်မျိုးဆက်ဖြိုး၏ လနှင့်သီးသော အပင်ကိုစိုက်သင့်သည်မှာ အဖိုးပညာကို နေ့စဉ်လေ့လာ၊ အဘိုး၏ သင် ကြားမှုကို နေ့စဉ် ခံယူကာ အနီးကပ် နေထိုင်ပြီးလျှင် တစ်လတစ်ခါ လစာ ပေးနေရသော ဒရိုင်ဘာနေရာတွင် ကားကိုမောင်း၍ လိုရာကို စိတ်ချမ်းသာစွာ ပို့ဆောင်ရမည့် တာဝန် ဖြစ်နေပေသည်။

သူ၏အဘိုးသည် နေ့စဉ်သီးသောအပင်၊ လစဉ်သီးသောအပင် အလုပ်များကို လုပ်ကိုင်လျှက် တစ်နေ့လုံး ပင်ပန်းကြီးစွာ လုပ်ကိုင်ရမှုကို အမှုမထားပဲ ညပိုင်းတွင် ကျူရှင်တက်ကာ ညဥ့်နက်အောင်

စာကျက် ခဲ့ပြီး ဆယ်တန်းကို ဖြေဆို အောင် မြင်ခဲ့သော နှစ်နှင့် ချီ၍ ကြိုးစားခဲ့ရသော ဆယ်တန်းစာမေးပွဲကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့ သည်။

မောင်မျိုးဆက်ဖြိုး၏ နှစ်နှင့်ချီ၍ သီးသော အပင်မှာ နေ့စဉ် မှန်မှန် အချိန်ကို ခိုး၍ စာကျက်ရမည်ဖြစ်ပြီး ဘွဲ့အမျိုးမျိုး ယူရမည် ဖြစ်သည်။

အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော အကျွမ်းကျင်ဆုံး ဖြစ်အောင် ကြိုးစားရမည် ဖြစ်သည်။ ကွန်ပြူတာကိုလည်း ပိုင်ပိုင် နိုင်နိုင် ကျွမ်းကျင်နိုင်ရမည် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သူ၏အဘိုးသည် သူ လေးငါးနှစ်သား တွင် နိုင်ငံခြားအတွေ့အကြုံရရန် ခေါ်ဆောင်သွားခဲ့ဖူးသည်။

သူဆယ်တန်း စဖြေသောနှစ်တွင် နိုင်ငံခြားတွင် ထား၍ ပညာသင်ရန် စဉ်စားခဲ့ပြီး ဖြစ်သည်။

အဘိုးသည် အလွန်ဖွံ့ကြီးသည်ကို သူ သိသည်။ အဘိုးသည် အလွန် စိတ်ရှည်သည်ကို သူနားလည်သည်။အဘိုးသည် သူ့ကို အလွန်ချစ်သည်ကိုလည်း သူခံစားမိမည်ဖြစ်သည်။

သို့သော်လည်း အဘယ်ကြောင့်များ မြေးလေးတစ်ယောက် အဘိုးလမ်းကို မလျှောက်ပါသလဲဟု တွေးတောနေမိသည်။

သြော် ... မြေးကလေး အသက် လည်း နှစ်ဆယ်ကျော်ပြီ ...။

ပညာလည်း တတိယနှစ်ဖြေဆိုပြီးပြီ ...။

အကောင်းအဆိုးတွေလည်း ဆုံကြုံပြီ၊ စိတ်ကို ချက်ချင်းထိန်းပြီး စောစောအိပ်ထ ပြုကျင့်ကာ အပင်သုံးပင် စိုက်စေချင်သည်မှာ အဘိုး၏ မဟာဆန္ဒ ဖြစ်စေတော့သတည်း။

လူတစ်ဦးနှင့် တစ်ဦး ပေါင်းသင်းတော့မည်ဆိုလျှင် အရေးကြီးဆုံး အချက်မှာ တစ်ဦးအပေါ်တစ်ဦး ဌဲ့ညှာ ရမည်။ ညှာတာရမည်။

အေးအတူပူအမျှ သဟာဇာတစိတ် ရှိရမည်။

တူညီသော ရည်ရွယ်ချက်၊ ရည် မှန်းချက်ကို သူရော ကိုယ်ပါ လိုက်နာ ရမည်။

နေ့စဉ် လိုက်နာရမည့် စည်းကမ်း၊ ပြုကျင့်ရမည့်တာဝန်၊ ဆောင်ရွက်ရမည့် ဝတ္တရားများကို နားလည်ခြင်း၊ လိုက်နာခြင်း၊ လေးစားရှိသေခြင်းပြုမှ သာလျှင် သာယာသော အစုအဖွဲ့၊ မိသားစု၊ အိမ်ထောင်၊ လုပ်ငန်း ဖြစ်ပေတော့မည်။

လူတိုင်း လူတိုင်းတို့တွင် တစ်ဦး စီ၏ ကောင်းကွက်များ ရှိသလို ဟာကွက်များလည်း ရှိတတ်သည်။

အဘယ်ကြောင့်ဆိုသော် သူမွေးဖွားရာ ပတ်ဝန်းကျင်၏ အကျင့်နှင့် ဓလေ့စရိုက်အရ ဖြစ်ပေါ်လာရခြင်းသည်ပင်။

မိမိအကျင့်ကို မိမိက အမြန် ပြုပြင်ပြီး ကောင်းစေလိုသော ရည်ရွယ်ချက်သို့ ရောက်အောင် မိမိလုပ်ရမည် ဖြစ် သည်။

အားလုံးသိရှိရန် အချက်မှာ –

တစ်ဦးတည်းဖြင့် ကြီးကြီး ကျယ်ကျယ် ဘာမှ လုပ်ကိုင်၍မရပေ။

စုပေါင်းညီညွတ်သော အင်အားဖြင့်သာလျှင် ကြီးကျယ်သော ရည်မှန်းချက်၊ ရည်ရွယ်ချက်များ လုပ်ကိုင်၍ရသည်ဟူသော အချက်ကို သူတို့ မေ့လျော့နေကြခြင်း ဖြစ်သည်။

သူတို့ အမြန် ပြုပြင်ကြပြီး ချီတက်နိုင်ကြမည်ဟု ယုံကြည်လျက်……။




သူငယ်ချင်းအချစ်ဆိုသည်မှာ-
ဖြူစင်သည်၊ အေးချမ်းသည်၊ ရိုးသားသည်။
သန့်ရှင်းသည်၊ ပျော်ရွှင်စေသည်။
သူငယ်ချင်းကောင်းတို့မည်သည်မှာ
ငြူစူစရာမရှိ၊ မနာလိုစရာမပေါ်၊ မလိုမုန်းထားမှု မရှိ ကြပေ။
ထိုသူငယ်ချင်းမျိုးများသာလျှင်-
မြေးမြစ်အထိ ခင်မဆုံး၊ မင်မဆုံး တပြုံးပြုံးထိတွေ့
ဆက်ဆံပျော်ရွှင်နေကြသည် ဆိုရသော်...။



# သူငယ်ချင်းအချစ်

## မြေးမြစ်တိုင်အောင်

သူငယ်ချင်းအချစ်ဆိုသည်မှာ-
ဖြူစင်သည်၊ အေးချမ်းသည်၊ ရိုးသားသည်။
သန့်ရှင်းသည်၊ ပျော်ရွှင်စေသည်။
သူငယ်ချင်းကောင်းတို့မည်သည်မှာ
ငြူစူစရာမရှိ၊ မနာလိုစရာမပေါ်၊ မလိုမုန်းထားမှု မရှိ ကြပေ။
ထိုသူငယ်ချင်းမျိုးများသာလျှင်-
မြေးမြစ်အထိ ခင်မဆုံး၊ မင်မဆုံး တပြုံးပြုံးထိတွေ့
ဆက်ဆံပျော်ရွှင်နေကြသည် ဆိုရသော်...။

# သူငယ်ချင်းအချစ်
# မြေးမြစ်တိုင်အောင်

သဘာဝတရားကြီးသည်
သက်ရှိသက်မဲ့
အရာခပ်သိမ်းတို့အပေါ်တွင်
သူ့နေရာနှင့်သူ
ဥပဒေသများကိုထားရှိပေသည်။
လျော်ကြေးပေးခြင်း
ဥပဒေဆိုသည်မှာ
လုပ်သင့်လုပ်ထိုက်သည်ကို
မလုပ်ဘဲနေသူတို့အား
ဒဏ်ခတ်လေ့ရှိသည်။

## ‘ မေတ္တာရိပ်ဘော်ဒါဆောင်’

“အေးငြိမ်းသူ”

မြစ်ဝကျွန်းပေါ်ရှိ မြို့လေး တစ်မြို့မှဖြစ်သည်။ ပိန်ပိန်ပါးပါး၊ သေးသေး သွယ်သွယ်လေးဖြစ်သည်။ မိဘများမှာ တစ်ဦးတည်းသော သမီးဖြစ်၍ ပညာတတ်စေချင်သည်။ ထို့ကြောင့် မြို့ပေါ်တွင်ရှိသော ဘော်ဒါတွင်ထားပြီး ကျောင်းတက်စေခဲ့သည်။

ဆယ်တန်းတွင် ဘာသာစုံ အမှတ်ကောင်းကောင်းဖြင့် အောင်ခဲ့သည်။ မိဘများက ပိုက်ဆံတတ်နိုင်၍ ဝတ်စားဆင်ယင်မှုမှာ ခေတ်မီလွန်းသည်။ အသုံးအဆောင်ပစ္စည်းများမှာလည်း အဖိုးတန်လွန်းသည်။ သူမသည် တစ်ယောက်ခန်း မအားသောကြောင့် အရင်ရောက်နေသော မသူဇာနှင့် တွဲ၍နေရသည်။

မသူဇာလေးမှာ မိဘက ဆင်းရဲရှာသောကြောင့် ပညာကို ချို့တဲ့စွာ သင်ကြားခဲ့ရသည်။ မြင့်မားသော ရည်ရွယ်ချက်ကြောင့် မသူဇာသည် ငွေကြေးမတတ်နိုင်ရှာသော်လည်း မဖြစ်ဖြစ်အောင် ဘော်ဒါတွင် အလုပ်လုပ်၍ နေနိုင်အောင် ကြိုးစားနေသူလေး ဖြစ်သည်၊

သူမရသော လစာလေးနှင့် ဘော်ဒါဆောင်ကြေးပေးပြီး နေရရှာသည်။ သူမနှင့် အသက်အရွယ် မတိမ်းမယိမ်း တစ်ခန်းတည်း အတူနေရသော မအေးငြိမ်းသူတို့မှာ အစစ အရာရာ အသွင်မတူကြပေ။ လူချင်းလည်း မတူကြပေ။

သူဇာလေးသည် မနက် လေးနာရီခွဲ ငါးနာရီ အိပ်ရာမှ ထရသည်။ ဘော်ဒါဆောင်ရှိ ကျောင်းသူများ စားသောက်ရန် မီးဖိုချောင်တွင် ဝိုင်းလုပ်ပေးရသည်။ မနက်စာကို ခုနစ်နာရီတွင် ကျွေးမွေးနိုင်အောင် ပြုလုပ်ရသည်။

မနက်ရှစ်နာရီ ကျောင်းသွားရာတွင် အပြေးအလွှား ကျောင်းမီအောင်လည်း သွားရသည်။ ကျောင်းမှ ပြန်ရောက်လျှင်လည်း လွယ်အိတ်ကို အသာချပြီး မမောနိုင်မပန်းနိုင် ညနေစာ ဝိုင်း၍ ချက်ပေးရသည်။ ဘော်ဒါ သန့် ရှင်းရေး လုပ်ပေးရသည်။ ညပိုင်း၌ ဘော်ဒါတွင် လူ ဝင်၊ လူထွက် စာရင်းဇယားများ ပြုစုရေးသား လုပ်ကိုင်ပေးရသည်။

သူဇာလေးသည် မနက်လေးနာရီခွဲမှ ညကိုးနာရီအထိ အချိန်တိုင်း အချိန်တိုင်း မမှားရ၊ မယွင်းရလေအောင် ကြိုးစားရသည်။ လုပ်ကိုင်ရသည်။

တစ်ဦးတည်းသော သူဌေးသမီးလေး အေးငြိမ်းသူအတွက် သူဇာသည် ညီမလေးတစ်ယောက်လို မနက်ဆိုလျှင် နိုးရသည်မှာ အမောသား...။

မနက်စာ စားသောက်ရန် ဝယ်ခြမ်းပေးရသည်မှာ နေ့တိုင်းပင် ဖြစ်သည်။ ကျောင်းသွားရန်အတွက် ဖီးလိမ်းပြင်ဆင်၊ အစစအရာရာ သူမပါရင် မပြီးပေ။

ကျောင်းသို့အတူသွားရာတွင်လည်း စာအုပ်နှင့်လွယ်အိတ်များကို သူဇာက ဝိုင်း၍သယ်ပေးရသည်။

ကျောင်းရောက်ပြန်တော့လည်း တစ်ချိန်နားတိုင်း နားတိုင်း အေးငြိမ်းသူက ခေါ်ထားသောကြောင့် အပြေးအလွှား လာပြီး နိုင်းသမျှ လုပ်ပေးရရှာသည်။

သဘာဝတရားကြီးသည် သက်ရှိသက်မဲ့ အရာခပ်သိမ်းတို့အပေါ်တွင် သူ့နေရာနှင့်သူ ဥပဒေသများကို ထားရှိပေသည်။

လျော်ကြေးပေးခြင်း ဥပဒေဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်ကို မလုပ်ဘဲနေသူတို့အား ဒဏ်ခတ်လေ့ရှိသည်။

သူဌေးသမီးလေးအေးငြိမ်းသူမှာ လှုပ်ရှားမှု၊ သွားလာမှု မရှိပေ။ နိုးကြွမှု၊ တက်ကြွမှု ကင်းဝေးသည်။ ကိုယ်တိုင် ကိုယ်ကျ ဘာမှမလုပ်ပေ။

ထို့ကြောင့် သဘာဝတရားကြီးက လှုပ်ရှားမှု မရှိသောကြောင့် ကျန်းမာရေး မကောင်းစေရန် ဒဏ်ခတ်လေသည်။

ကိုယ်ခန္ဓာမှာ ခံနိုင်ရည်မရှိသောကြောင့် မကြာခဏ အအေးမိခြင်း၊ အအေးပတ်ခြင်း၊ နှာစေးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်မအီမသာ ဖြစ်ခြင်း အစရှိသည်တို့သည် အိပ်ရေး ပျက်တိုင်း၊ မိုးမိတိုင်း၊ အစားအချိန်မမှန်တိုင်း သဘာဝတရားကြီးက ဒဏ်ခတ်လေသည်။

သူနှင့် အတူနေသော သူဇာမှာ မနက်စောစောမှ မိုးချုပ်နေဝင် အထိ ပြေးလွှားလှုပ်ရှားနေရသောကြောင့် ကိုယ်လက်ခန္ဓာသည် ခိုင်မာနေသည်။ သန်စွမ်းနေသည်။ ချွေးတစိုစိုနှင့် ကျန်းမာရေး ကောင်းပြီးလျှင် အိပ်ပျော်သည်။ စားဝင်သည်။ ကျန်းမာသည်။ လန်းဖြာသည်။

ထိုကဲ့သို့ပင် -

အေးငြိမ်းသူမှာ ကိုယ့်အဝတ်ကို ကိုယ်တိုင် မီးပူမတိုက်ပေ။ ကိုယ့် ပစ္စည်းကို ကိုယ်မသိမ်းဆည်းပေ။ ကိုယ့်အခန်းကို ကိုယ် သန့်ရှင်းရေးမလုပ်ပေ။ မိမိ အဝတ်အစားကိုပင် မလျှော်ဖွတ်ပေ။

ထို့ကြောင့် သူမ၏ ကိုယ်လက် ခန္ဓာမှာ ကျန်းမာမှု၊ လန်းဖြာမှု၊ သန်စွမ်း မှု၊ ခံနိုင်ရည်ရှိမှုများ အားနည်းရှာပေ သည်။ မကြာခဏ အကိုက်အခဲ ပျောက်ဆေး သောက်ရ။ အနိပ်အနင်း ခံရ။ အရွယ်နှင့် မလိုက်အောင် ကျန်း မာရေး ချူချာသည်။

အစားအသောက်မှာလည်း ကိုယ်လက်လှုပ်ရှားမှု မရှိဘဲ အချိန် မှန်မှန် မစားသောက်သောကြောင့် အစာကြေချက်မှု အားနည်းပြီး စားချင်စိတ်၊ သောက်ချင်စိတ် ချို့ယွင်းလာသည်။ မုန့်ပဲသွားရေစာ များကလည်း အချိန်မရွေး ဘူးကြီးဘူးငယ် အသွယ်သွယ်ဖြင့် စားသောက်နေလေ့ ရှိသည်။ ထမင်းကို အချိန်မှန်အောင် မစားနိုင် တော့ပေ။

တစ်နေကုန် ပြေးလွှားလှုပ်ရှားနေသော သူဇာလေးမှာ အစာကြေချက် နိုင်ရုံမက သွားရေစာအမျိုးမျိုး မစားနိုင်သောကြောင့် စားချိန်သောက်ချိန် မှန်မှန်စားပြီး ချေးချွတ်မများနိုင်ဘဲ မြိန်မြိန်ယှက်ယှက် စားသောက်နိုင်ခဲ့သည်။ ဆီးမှန်၊ ဝမ်းမှန်၊ သွေးမှန်ပြီး အသားအရေတို့မှာ စိုပြေနေသည်။

ပညာတတ်ဖြစ်ရမည်ဟူသော တစ်ခုတည်း ရည်ရွယ်ချက်ကို အပင် ပန်းခံပြီး ကြိုးပမ်းရယူနိုင်မှုကြောင့် သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ရှိသည်။

ယုံကြည်မှုအပြည့်ရှိသူတိုင်းပျော်ရွှင်ကြသည်။ စိတ်ချမ်းသာကြသည်။

အတူနေ သူငယ်ချင်းနှစ်ယောက်မှာ ဖြူဖြူပါးပါး၊ သေးသေးသွယ်သွယ် ကနွဲ့ကလျ အေးငြိမ်းသူနှင့် ပြည့်ပြည့်ဝဝ၊ သန်သန်မာမာ အသားညိုသော သူဇာတို့မှာ အသွင်သဏ္ဍာန်ရော အမြင်ဟန်ပါ ကွာခြားနေသည်ကို သတိထားသူတိုင်းက တွေ့ရှိနိုင်မည်ဖြစ်သည်။

အေးငြိမ်းသူလေးမှာ ဘော်ဒါရောက်သောနေ့တွင် ပြဿနာနှင့် စ၍ တိုးရလေတော့သည်။ အဘယ်ပြဿနာပါနည်း။

ဘုမသိဘမသိ မမေးမမြန်းဘဲ ဘော်ဒါအပြင်ဘက်သို့ မုန့်ဝယ်ရန် ထွက်လာမိခဲ့သည်။

လူရမ်းကားတစ်စုသည် သူမကို နယ်မြေစိမ်းသူမှန်းသိ၍ စနောက်လေသည်။

"ဟော့! ကောင်မလေး...ဘယ်က ပြန်လာတာလဲ...၊ မုန့်ဝယ်လာတာလား၊ တို့ကိုလည်း ကျွေးပါဦး"

"အရမ်းမိတယ်ကွာ..."

"အပျံစားလေးပဲ"

အေးငြိမ်းသူမှာ ကြောက်လန့်ပြီး ဖောချွေးများ ပြန်လာကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေပေသည်။

ထိုမြင်ကွင်းကို ဈေးမှပြန်လာသော သူဇာသည် မြင်လျှင်မြင်ချင်း အပြေးအလွှား ပြေးလာပြီး စနောက် သူများကို ဖျောင်းဖျပြောဆိုသည်။ သို့ပေမယ့် လူရမ်းကားများမှာ ရောင့်တက်လာလေသည်။

သူဇာသည် -

"ရှင်တို့ နမချင်းစာနာပြီး ကိုယ့်လမ်းကိုယ် သွားကြပါ... ကျွန်မတို့က မိကောင်းဖခင်သားသမီးတွေပါ... ရှင်တို့ထပ်ပြီး မနှောင့်ယှက်ပါနဲ့... ကျွန်မ တောင်းပန်ပါတယ်ရှင်"

ပြောနေရင်းမှ လူရမ်းကားတစ်စုသည် ပို၍ အကဲတက်လာသည်။

သူဇာမှာ စိတ်မရှည်နိုင်တော့ပါ။

"ရှင်တို့ တောင်းပန်နေတောင် မရဘူးလား... ကျွန်မတို့ကို

ဘာမှတ်နေလဲ... သေသေကြေကြေ အရှက်နဲ့ အသက် လဲပစ်လိုက်မယ်..."

"လာလေ... ထိရဲ ထိကြည့် ... စမ်းရဲ စမ်းကြည့်လိုက်လေ"

"အားနွဲ့တဲ့ မိန်းကလေးတွေ ဆိုပြီး လာမစနဲ့၊ ဘာမှတ်နေလဲ"

ဆိုပြီး ခုံဖိနပ်ကို ကိုင်မြှောက်လျက် အနားကပ်လာသူကို ချတော့မည့် ပုံစံဖြင့် အားမာန်များတင်းပြီး ပြန်လည် ခုခံတိုက်ခိုက်ရန် ပြင်ဆင်ထားလေတော့သည်။

ထိုစဉ်ရပ်ကွက်မှ ကင်းလှည့်နေသော လူကြီးများ ရောက်လာပြီး တားဆီးလိုက်နိုင်လိုက်သောကြောင့် သူဇာတို့နှစ်ယောက် ဘေးကင်းစွာဖြင့် အဆောင်သို့ ပြန်လာခဲ့ပေသည်။

အဆောင်သို့ ရောက်သောအခါ တွင် အေးငြိမ်းသူတစ်ယောက် လန့် ဖြန့်ပြီး ကြောက်ရွံ့နေရှာသည်။ သူဇာသည် အေးငြိမ်းသူကို စိတ်ငြိမ်စေရန် ရေအေးအေးလေး တစ်ခွက်တိုက်ပြီး ချော့မော့ပြောနေရှာသည်။

"ညီမရယ်...မကြောက်နဲ့တော့... ဒီကောင်တွေ နောက် မလာရဲတော့ပါဘူး... လူကြီးတွေက သတိပေးဆုံးမပြီး ပြောလွှတ်လိုက်ပြီ...၊ ရော့...ရေအေး အေးလေး သောက်လိုက်ဦး"

"ကျေးဇူးတင်ပါတယ်..."

"တို့နာမည်က အေးငြိမ်းသူပါ၊ နင့် နာမည် ပြောပါဦး"

"အစ်မ နာမည့်က မသူဇာပါ"

"သြော် ...ဒါဆို တို့နဲ့ တစ်ခန်းတည်း တွဲနေရမယ့်သူပဲ ... ဝမ်းသာလိုက်တာကွာ ... မသူဇာနဲ့ဆိုရင် တို့ ပျော်တယ် "

အကောင်းဆုံးအခန်းကို လိုချင်သော သူဌေးသမီးလေးမှာ ဘော်ဒါရုံးခန်းတွင် ကပ်နေရသော သူဇာနှင့် ခေတ္တခဏ တွဲနေရသည်။

အခန်းကျယ်အားသောအခါ အေးငြိမ်းသူတစ်ယောက် မနေရဲသောကြောင့် သူဇာကိုပါ သူမ အခန်းထဲတွင် နေစေခဲ့သည်။

အေးငြိမ်းသူတစ်ယောက် မိဘက ချမ်းသာ၍ စည်းမရှိ၊ ကမ်းမရှိ ငွေကြေးကို သုံးစွဲသည်။ သူဇာကိုလည်း ပိုက်ဆံများ ရက်ရက်ရောရော ပေးသည်။

"မငြိမ်းရေ ...စိတ်မဆိုးနဲ့နော် ... ကျွန်မ အလကားပေးတဲ့ ပိုက်ဆံ တစ်ပြားမှ မလိုချင်ဘူး"

"သူဇာကလဲ ခင်လို့ ပေးတဲ့ဥစ္စာ ... ဘာလို့ မလိုချင်ရမှာလဲ"

"မငြိမ်း ...ပေးချင်တယ်ဆိုရင် ဒီလို လုပ်မယ်လေ ... မငြိမ်း အဝတ်အစားတွေ သူဇာလျှော်ပေးမယ် ... မီးပူတိုက်ပေးမယ် ... အဲဒါဆိုရင် ပိုမကောင်းဘူးလား"

"သူဇာကလည်း ... သူငယ်ချင်း အချင်းချင်းအဲဒီလိုကြီးတော့ မခိုင်းချင်ပါဘူး"

"အားမနာပါနဲ့ ...မငြိမ်းရယ်၊ ကျွန်မကလည်း လုပ်အားမပါဘဲနဲ့

သူများ အကူအညီကို မလိုချင်ပါဘူး... အချင်းချင်း မျက်နှာပူစရာ မဟုတ်ပါဘူး... မငြိမ်းသိအောင် ပြောရရင် ကျွန်မက ကိုယ့်စရိတ် ကိုယ်ရှာပြီး အဆောင်မှာ နေနိုင်အောင် ကျောင်းတက်နိုင် အောင် ကြိုးစားနေတာပါ... သူများတွေ ဆီမှာလည်း အခုလိုပဲ အလုပ် လုပ်ပေးနေရတာပါပဲ... ကိုယ့်သူငယ်ချင်းအတွက် ကိုယ်လုပ်ပေးရ တာဆိုတော့ ပိုပြီး ပျော်ရွှင်ရတယ်... စိတ်ချမ်းသာရတယ်လေ"

ထိုနေ့မှစပြီး သူဇာတစ်ယောက် အေးငြိမ်းသူ၏ ဝေယျာဝစ္စ အားလုံးကို လုပ်ကိုင် ဆောင်ရွက်ပေးရှာလေသည်။

အေးငြိမ်းသူထံမှလည်း လုပ်အားနှင့် ညီမျှသော ငွေကြေးကိုသာ လက်ခံသည်။

လူတစ်ဦးနှင့် တစ်ဦး ပေါင်းသင်း ဆက်ဆံရာတွင် တန်ဖိုးထား မှုသည် အလွန်အရေးကြီးပေသည်။

တန်ဖိုးထားမှ လေးစားကြမည်။ လေးစားကြပြီဆိုလျှင် အထင်ကြီးမှုနှင့် အတူယုံကြည်မှု၊ ခင်မင်မှုများပါ ပေါက်ဖွားလာလေ တော့သည်။

အေးငြိမ်းသူသည် ခနေအင်အားရှိသည်။ ခနေအင်အားဖြင့် ဘာမဆိုရမည်ဟု ထင်မြင် ယူဆနေသူဖြစ်သည်။

သူဇာတစ်ယောက်မှာ သူမ ထင်မြင်ထားသလို မဟုတ်ဘဲ မိမိ ရသင့်ရထိုက်သည်ကို လုပ်အားဖြင့်သာ ရယူလိုကြောင်း ပြောဆို သင်ကြား ပေးနေသယောင် ခံစားရသည်။

လူတစ်ဦးနှင့် တစ်ဦးတို့သည် တန်ဖိုးထားပြီဆိုလျှင် လေးစားကြသည်။ အထင်ကြီးကြသည်။ ယုံကြည်ကြသည်။ ခင်မင်လာကြသည်။ ထိုခင် မင်မှုသည် ကြာရှည်ခိုင်မြဲလာပေ သည်။

ငွေရှင်၊ကြေးရှင်၊မြေရှင် ဖြစ်သော အေးငြိမ်းသူမှာ လုပ်အားရှင် သူဇာကို ကြာလေကြာလေ လေးစားလာသည်။ အထင်ကြီးလာသည်။ ယုံကြည်လာသည်။ အားကိုးလာသည်။ ထို့ကြောင့် သူတို့နှစ်ဦး ခင်မင်မှုသည် တန်ဖိုးရှိလာသည်။

သူဇာက အစစအရာရာ ငွေကြေး ပြည့်စုံပါလျက် ကျန်းမာရေးအားနည်းပြီး စိတ်ဓာတ်မခိုင်မာသော အေးငြိမ်းသူ အပေါ်တွင် အားနည်းချက်၊ ချို့ယွင်းချက်ကို အခွင့်ရေးမယူဘဲ ကျေးဇူးရှိသူတစ်ယောက်အနေဖြင့် တလေးတစား ဆက်ဆံသည်။

အေးငြိမ်းသူမှာ ထိုသို့ ဆက်ဆံသည်ကို ကြာလာသောအခါ အားနာနေသည်။ သူမ ငွေပေး၍ ခိုင်းရသည်၊ သူမ ပေးကမ်း၍ အကူအညီ ရယူသည်ဟု သူဇာအပေါ်တွင် အမြင် သဘောမထားနိုင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် အစစ အရာရာတွင် သူဇာ၏ ဘဝအသိသည် ချွေတာခြင်း၊ စည်းကမ်းစနစ်ရှိခြင်း၊ အနစ်နာခံခြင်း တို့သည် သူမအတွက် စံနမူနာများပင် ဖြစ်နေသည်။

ထို့ကြောင့် သူမတို့ သူငယ်ချင်း နှစ်ဦးမှာ တစ်ဦးမေတ္တာ တစ်ဦး သဘောပေါက်သည်။ တစ်ဦးစေတနာ တစ်ဦး နားလည်ကြသည်။

အတူနေသူများစွာတို့သည် တစ်ဦးစေတနာ တစ်ဦးနားလည်ပြီး တစ်ဦးမေတ္တာ တစ်ဦး သဘောပေါက် ကြလျှင် အလွန်ပျော်ရွှင်စရာ၊ စိတ်ချမ်း သာစရာများဖြစ်လာပေလိမ့်မည်။

လူတို့သည် သဘာဝအလျောက် တစ်ဦးတည်း နေထိုင်၍ မရပေ။

နှစ်ဦး သို့မဟုတ် သုံးလေးဦး ပေါင်း စည်း၍ နေထိုင်ကြရသည်။ နှစ်ဦး၊ သုံး ဦးပေါင်းစည်း၍ နေထိုင်ရာတွင် စိတ် တူသဘောတူ၊ အပေးအယူ ညီမျှစွာ နေထိုင်လုပ်ကိုင်နိုင်ကြလျှင် အလွန် ကောင်းမွန်သော ရလဒ်များစွာကို သဘာဝတရားကြီးမှ ပေးကမ်းလိမ့်မည် အမှန်ဖြစ်သည်။

*ကျောင်းပိတ်ပေပြီ*

သူဇာတစ်ယောက် ကျောင်းပိတ်ရက်အတွက် စရိတ်စကများ ဖူလုံစေရန် နေ့ရောညပါ အလုပ်ကို ကျုံးရုန်း လုပ်နေပေတော့သည်။

အေးငြိမ်းသူမှာကား သူငယ်ချင်းများနှင့် လည်ပတ်ရန်၊ ပျော်ပါး ရန်အတွက် စဉ်းစားနေသည်နှင့် အချိန်ကုန်နေပေသည်။

မနက်ဖြန် အေးငြိမ်းသူတစ် ယောက် နယ်သို့ ပြန်ရန် ထုပ်ပိုးပြင် ဆင်ပြီး ဖြစ်နေသည်။ မမျှော်လင့်ဘဲ အထုပ်အပိုးများ မနိုင်မနင်းဖြင့် လေ့ ကားမှ အဆင်းတွင် ရုတ်တရက် ချော် ကျရာ ခြေထောက်နာပြီး

လမ်းမလျှောက်နိုင်တော့ပေ။ ထို့ကြောင့် သူမနေထိုင်ရာမြစ်ဝကျွန်း ပေါ်မြို့လေးသို့ မသူဇာတစ်ယောက် အဖော်အဖြစ် လိုက်လံ ပို့ပေး ရလေသည်။

အေးငြိမ်းသူ၏မိဘများမှာ သမီးဖြစ်သူအတွက်ရင်မအေးနိုင်ဘဲ ဖြစ်နေစဉ် အဖော်အဖြစ် သူဇာပါ လိုက်လာသောကြောင့် ကျေးဇူး တင်ကြသည်။ ဝမ်းသာအားရ ကြိုဆိုကြသည်။

သူဇာတစ်ယောက် ကျောင်းပိတ်ရက် တစ်လကြာသည်အထိ အေးငြိမ်းသူနှင့် မိဘများ၏ မေတ္တာရပ်ခံ အကူအညီ တောင်းမှု ကြောင့် ပြန်မလာနိုင်ခဲ့ပေ။

တစ်နေ့တွင် အေးငြိမ်းသူ၏ မိဘနှစ်ပါးနှင့် မန်နေဂျာဖြစ်သော အစ်ကို ဝမ်းကွဲတို့သည် အေးငြိမ်းသူအတွက် တိုင်ပင်ဆွေးနွေးကြ သည်။

အတွေ့အကြုံများသော ဖခင်နှင့် ဘဝနာသော မိခင်တို့သည် တစ်ဦး တည်းသောသမီးကို အလိုလိုက်ထား ရသော်လည်း သမီး ရေ့ရေးအတွက် စိတ်မအေးကြပေ။

"ဖေဖေ...သမီးတော့ သူဇာကို သမီးနဲ့အတူ ခေါ်ထားချင် တယ်...သူဇာခမျာ သူ့ကျောင်းစရိတ်နဲ့ ဘော်ဒါ စရိတ်ရအောင် အချိန်ပြည့် အလုပ်လုပ်နေရတယ်"

"သမီးက ပိုက်ဆံတွေ ဘာတွေ ပေးတာတောင် လက်မခံဘူး... လက်ဆောင်ပေးတာလဲမယူဘူး... သူဇာက မာနကြီးတယ်... ဖေဖေ

တို့မေမေတို့ သူဇာကို အဆင်ပြေအောင် တစ်ခုခု လုပ်ပေးပါနော်"

"သမီးရေ...အဖေတို့လည်း စဉ်း စားထားပါတယ်... သူဇာကို အဖေတို့ ရောက်ကတည်းက အကဲခတ်နေတာ... မနက်အစောကြီး ထပြီး တစ်အိမ်လုံး အလုပ်တွေလုပ်တယ်... ချက်ပြုတ်တယ်... ကူညီတယ်... ဒီထက် ထူးတာက အကျင့်စာရိတ္တ ကောင်းတယ်"

"အကျင့်နဲ့ စာရိတ္တဟာ တွဲခေါ်ထားပေမယ့် တကယ်တော့ မတူဘူး သမီး"

"အကျင့်...ဆိုတာက အလေ့အကျင့်ပဲ"

"စာရိတ္တ...ဆိုတာက စရိုက်ကောင်းတာ...စိတ်ကောင်းတာကို ဆိုလိုတာ ဖြစ်တယ်"

"တနည်းအားဖြင့် အကျင့်စရိုက် လို့လည်း ခေါ်ကြတယ်"

"အကျင့်ကောင်းမှ စိတ်ဓာတ်လည်း ကောင်းမယ်... စိတ်ဓာတ် ကောင်းရင်လည်း အကျင့်ကောင်းတယ်... မသူဇာမှာ ရှားရှား ပါးပါး မခိုမကပ်၊ မလိမ်မညာ၊ မခိုးမဝှက်တဲ့ စိတ်ဓာတ်ရှိတယ်... စာရိတ္တ ကောင်းရှိတာ တွေ့ရတယ်"

"အဖေတို့ အိမ်မှာ လာလုပ်တဲ့ အလုပ်သမားတွေဟာ မမြင်ဖူး တာတွေ မြင်ရတယ်... မကြုံဖူးတာတွေ ကြုံရတယ်... မစားဖူးတာ တွေစားရတယ်၊ ပိုက်ဆံတွေ ဆိုတာက လစ်ရင် လစ်သလို ယူလို့ ရနိုင်တာတွေ ရှိတယ်"

"ဥပမာ ဆိုကြပါစို့ကွယ်၊ ဈေး ရောင်းရတယ်၊ ဈေးအမ်းရတယ်၊

တစ်ခါတစ်ခါကျတော့ လူမရှိတော့ဝင်လုပ်ကြရတယ်... အဲဒီမှာတင် လူမရှိဘူး... လူမသိဘူးဆိုပြီး အမေ့ခံပြီး ယူထားတာရှိတယ်... လူမသိအောင် ဝှက်ထားတာ ရှိတယ်... တနည်းအားဖြင့် ခိုးထားတာတွေ ရှိတတ်ကြတယ်"

"လူတစ်ဦး တစ်ယောက်ကို ငွေ ကြေး စိတ်ချရ မရ သိချင်ရင် စမ်းသပ်နည်းတွေ အမျိုးမျိုး ရှိတဲ့အထဲမှာ လွှတ်ထားလိုက်... ပေးထားလိုက်... အမေ့ခံထားလိုက်... မသိချင်ယောင်ဆောင်ထားလိုက်... အဲဒီမှာ လူအမျိုးမျိုး တွေ့ရမယ်"

"မရိုးသားတဲ့ စိတ်ရှိတဲ့သူက မရိုးသားတဲ့ စိတ်ပေါ်တာပဲ... ရိုးသားတဲ့စိတ်ရှိတဲ့သူက ချက်ချင်းပြော... ချက်ချင်းရှင်း... ချက်ချင်းလုပ်တယ်"

"တချို့သနားစရာ ကောင်းတာက... မရိုးသားတဲ့ စိတ်တော့ မရှိဘူး... ဒါပေမယ့် သူဟာ ငွေကြေးနဲ့ စာရင်းဇယားကို ချက်ချင်း မရှင်းဘူး... အချိန်မီ မရှင်းဘူးဆိုတဲ့အခါ သူ့ရဲ့မသိနားမလည်မှုကြောင့် မရိုးသားရာ ရောက်သွားရှာတယ်"

"မသူဇာ ဖေဖေတို့ အိမ်ရောက်ပြီး တစ်ပတ်ဆယ်ရက်မှာပဲ သူ့စိတ်ဓာတ် လာပေါ်တယ်... သူ့စေတနာကို တွေ့ရတယ်... သူ့လုပ်ရပ်ကို နားလည်လိုက်တယ်"

"သမီးကို အဖေတို့ လွှတ်ထားတာ အကြောင်းရှိတယ်၊ အဲဒီအ

ကြောင်းက သမီးကို ပြောနေတာ... ဆုံးမနေတာထက် လက်တွေ့ဘဝအတွေ့အကြုံ ရစေချင်တယ်"

"သမီးက ဘယ်ဟာကို မဆို ကိုယ်တိုင်မလုပ်တတ်ဘူး... မလုပ်ချင်ဘူး... လုပ်ရမှန်းမသိဘူး"

"အဲဒီတော့ အချိန်တန်ဖိုးလဲ နားမလည်ဘူး... ကိုယ့်လုပ်အားကိုလဲ တန်ဖိုးမထားဘူး"

"အေး အခုတော့ သမီးသူငယ်ချင်း သူဇာနဲ့ ပေါင်းလိုက်တဲ့အခါမှာ ငါ့သမီးအတွက် သူငယ်ချင်းကောင်း တစ်ယောက်ရရှိလာပြီဖြစ်တယ်"

"ငါ့သမီး မှတ်ထားရမှာက... သူငယ် ချင်းဆိုတာက တစ်သက်တာအတွက် ထာဝရ မိတ်ဆွေတွေပဲ သမီး"

"သူငယ်ချင်းဘဝက ဖြူစင်တယ်... သူငယ်ချင်းဘဝက ရိုးသားတယ်... သူငယ်ချင်းဘဝက အေးချမ်းတယ်...သူငယ်ချင်းဘဝက ပျော်ရွှင် စရာတွေ အပြည့် ရှိတယ်"

"ဘာလို့လဲဆိုရင် အရောင်တွေ မပါဘဲ သက်တူရွယ်တူဘဝတူ လောဘ ဒေါသ မောဟမပါဘဲ ပွင့်ပွင့် လင်းလင်း ရင်းရင်းနှီးနှီး ချစ်ခင်ကြသူတွေ ဖြစ်လို့ပဲ"

"တစ်သက်တာမှာ တစ်ခါရရှိတဲ့ သူငယ်ချင်းဆိုသော အချိန်ကလေးကို တန်ဖိုးရှိအောင် သုံးတတ်တဲ့ သူတွေဟာ အဲဒီ သူငယ်ချင်းမှသည် မိတ်ဆွေကောင်းဖြစ်ကြလေသည်။ အခု... သမီးတွေ့ထားတဲ့

သူဇာလေးဟာ သမီးအနေနဲ့ သူငယ်ချင်းကောင်း တစ်ယောက်လို့ သဘောထားနော် ... သူ့ကို အထင်မသေးနဲ့ ... မနှိမ်နဲ့ ... တလေး တစားဆက်ဆံမှ ကောင်းမယ်"

"မသူဇာရေ... လာပါဦး"

"ဟုတ်ကဲ့ရှင် ... လာပါပြီ"

"မသူဇာလဲ ဒီရောက်တာ တစ်လလောက်ရှိပြီ... ဦးတို့က မသူဇာကို အား နာလှပြီ... သမီးရဲ့ခြေထောက်လဲ တော်တော်လေး သက်သာလာပြီဆိုတော့ မသူဇာ ဘာဆက်လုပ်ချင်သလဲ ... ဆိုတာ ဦးတို့ကို ပွင့်ပွင့် လင်းလင်း ပြောပြနော် ... အားနာစရာ မလိုဘူး"

"ဟုတ်ကဲ့ပါ ... ဦးနဲ့ ဒေါ်ဒေါ်... သမီးအဆင်ပြေပါတယ်... ဦးတို့ ဒေါ်ဒေါ်တို့ ခွင့်ပြုရင် သမီးပြန်ချင်ပါတယ်...ပြန်ချင်တဲ့ အကြောင်းက သမီးမှာ ကျောင်းစရိတ်ရဖို့ အလုပ်လုပ်ရမှာကြောင့် ဖြစ်ပါ တယ်... အကယ်၍ ဦးတို့ပြန်ခွင့်ပြုမယ်ဆိုရင် သမီး ပြန်ချင်ပါတယ်"

"မသူဇာ ကျောင်းစရိတ်က ဘယ်လောက်ရှာရမလဲလို့ ဦးတို့ သိခွင့်ရှိရင် သိပါရစေ"

"သမီး ကျောင်းစရိတ်နဲ့ ဘော်ဒါစရိတ် ရှာရပါမယ်... ပိုရင်လဲ မောင်လေးတွေနဲ့ မိဘကို ထောက်ရပါမယ် ... တစ်လ တစ်လကို သုံးလေးရာမက ရှာမှ လောက်ငှပါမယ် ... အဲဒီလို ရဖို့အတွက် အဝတ်ဖွတ်တယ်... မီးပူတိုက်တယ်။

"ငါ့တူမကို ဦးတို့က အကူအညီတစ်ခု တောင်းချင်တယ်၊ အဲဒီ အကူအညီကတော့ ညည်းသူငယ်ချင်း အေးငြိမ်းသူကို ကျန်းမာရေး ကောင်းအောင် လေ့ကျင့်ပေးရမယ်... အစစ အရာရာ သွားအတူ စားအတူ နေအတူ လုပ်ပေးရမယ်... အဲဒီလို လုပ်ပေးရင်း ညည်းနဲ့ သမီးနဲ့ ကျောင်းအတူတူ တက်ရမယ်... ကျောင်းစာ မှာရော အပေါင်းအသင်းမှာပါ ညည်းသူငယ်ချင်း အေးငြိမ်းသူ အဆင့်တန်း မြင့်မြင့် အောင်မြင်အောင် ကူညီရမယ်... အဲဒီလို ကူညီတဲ့အတွက် ညည်းကို တစ်လ ပညာသင်ထောက်ပံ့ကြေး ငါးရာ ချီး မြှင့်မယ်... ညည်းလုပ်နိုင်ပါ့မလား"

မသူဇာကျွေးလေးခမျာ ဝမ်းသာလွန်း၍ မျက်ရည်များ လည်ကာ ထိုင်နေသော ဆက်တီပေါ်မှ အောက်သို့ ဒူးတုပ်ပြီး တရိုတသေဖြင့် လက်အုပ်ချီ ကန်တော့ရှာသည်။

"ကျေးဇူးကြီးလှပါတယ် ... ဦးနဲ့ ဒေါ်ဒေါ်ရယ်...ကျွန်မဘဝမှာ ကျောင်းဆက်တက်ဖို့ အခက်အခဲတွေ အများကြီး ကြုံနေရပါ တယ်... မိဘကိုလည်း မထောက်နိုင်... မောင်တွေအတွက်လည်း ကျောင်းစရိတ် စုနေရပါတယ်... အခက်အခဲတွေ အမျိုးမျိုး ကြုံနေ ရတဲ့ကျွန်မဘဝမှာ ဦးတို့က အခုလို ကူညီထောက်ပံ့တာကို ကျေးဇူး မမေ့ပါဘူး... သူငယ်ချင်းအေးငြိမ်းသူကိုလည်း ကျွန်မလို သန်သန် မာမာ လန်းဆန်း တက်ကြွနေအောင် နက်ဖြန်ခါ မနက်ကစပြီး

စောစောထ လမ်းလျှောက် လေ့ကျင့်ခန်းကအစ အချိန်နဲ့အမျှ သူ လိုက်နိုင်အောင် အပင်ပန်းခံပြီး ကျွန်မ ကြိုးစားသွားပါ့မယ်"

"အေးကွယ်...သာဓု...သာဓု... သာဓု မသူဇာရဲ့ကူညီမှုနဲ့ ဦးတို့ သမီးလေး အေးငြိမ်းသူလေးလဲ ဦးတို့လိုချင်တဲ့ ပုံစံဖြစ်ဖို့ ဆုတောင်း ပါတယ်... ငါ့သမီးကလည်း မသူဇာ စကားနားထောင်ပြီး သေသေ ချာချာ လုပ်နော်"

"ဟုတ်ကဲ့ပါ ဖေဖေနဲ့ မေမေ... မသူဇာက အရမ်း အကြမ်းခံနိုင် တယ် ... ဖေဖေရဲ့"

"မသူဇာကြီးနော်...အရမ်းကြီးခွပြီး ငြိမ်းကို စည်းကမ်းတွေ မတင်းကြပ်နဲ့နော်"

"အေးပါ...ငြိမ်းရယ်... တို့တိုင်ပင်ပြီး လုပ်ကြတာပေါ့ ဟုတ်ဖူး လား"

သူငယ်ချင်းနှစ်ယောက်တို့၏ တစ်ယောက်ခါး တစ်ယောက် ဖက်လျက် ပျော်ရွှင်စွာ ထွက်ခွာသွားသည်ကို မိဘနှစ်ပါးနှင့် အစ်ကို ဖြစ်သူတို့သည် ဝမ်းသာကျေနပ် အားရနေကြ ရှာသည်။

မသူဇာနှင့် သူငယ်ချင်းဖြစ်သူ အေးငြိမ်းသူတို့မှာ နောက်ဆုံးနှစ် ဘွဲ့ရသည်အထိ အတူနေ၊ အတူစား၊ အတူသွား တခင်တမင် တလေးတစား သူငယ်ချင်းကောင်းများ ပီသစွာ နေထိုင်ခဲ့ကြသည်။

အေးငြိမ်းသူမှာ ယခင်လို ကနွဲ့ကလျ ပျော့တိ ပျော့ဖတ် မဟုတ်တော့ဘဲ ကျန်းမာလာသည်၊ သန်စွမ်းလာသည်၊ ကိုယ့်အား ကိုယ်ကိုးလာသည်။ အချိန်လေးစားပြီး စည်းကမ်းရှိလာသည်။

မသူဇာခမျာ မနက် ငါးနာရီ အိပ်ယာမှထပြီး အေးငြိမ်းသူကို ချော့ချော့ မော့မော့ လမ်းလျှောက်အောင် ပြောဆိုရသည်။

နေ့စဉ်မှန်မှန် လမ်းလျှောက်နိုင်ရန်နှင့် စောစော ထနိုင်သော အကျင့်ကို စိတ်ရှည်ရှည်ဖြင့် ပြုလုပ် ဆောင်ရွက်နိုင်ခဲ့သည်။

ဤစောစော ထ၍ လမ်းလျှောက်နိုင်သော အကျင့်သည် တစ်သက်တာအတွက် တန်ဖိုးမဖြတ်နိုင်သော အလေ့အကျင့်ကောင်းတစ်ခု ဖြစ်ပေါ်စေသည်။

စောစောထ၍ လမ်းလျှောက်ပြီးပြန်လာပြီဆိုလျှင်လည်း အချိန်အလိုက် နားနေ၊ မျက်နှာသစ်၊ ရေချိုး၊ ကိုယ်လက် သန့်စင်စေပြီး ဘုရားဝတ် ပြုခြင်း၊ ဆုတောင်းခြင်း အကျင့်ကို ဖြစ်ပေါ်စေပြန်သည်။ ထိုအကျင့်ကောင်း သည်ကား ဘာသာတရား ကိုင်းရှိုင်းစေသည်။ အစဉ်အလာကောင်းကို လိုက် နာစေသည်။ ဆုတောင်း မေတ္တာပို့သမှုကို ရှင်သန်စေသည်။

ဘဝတွင် သဘာဝတရားကြီးက ဆုတောင်းခြင်း မေတ္တာပို့သ

ခြင်းတို့သည် လိုချင်ဆန္ဒပြည့်ဝမှုကို ဖြစ်ပေါ်စေပြန်သည်။

အချိန် တော်တော်ယူ၍ သည်းခံစိတ်ရှည်ပြီး ထိုအလေ့အကျင့်ကောင်းများကို ပြုကျင့်ခဲ့ရပြီ ဖြစ်သည်။

မူလကတည်းက ဘဝပေးအသိရှိသော မသူဇာတစ်ယောက်မှာ စောစော မထ၍ မရခဲ့ခြင်း မဟုတ်ပါလား။

အားလပ်ချိန်တွင် ဝင်ငွေရအောင် လုပ်ကိုင်ရသောကြောင့် သူမအတွက် သဘာဝအသိက သင်ကြားပေးစရာ မလိုဘဲ အချိန်နှင့် အမျှ အလုပ်လုပ်ခဲ့ရသည် မဟုတ်ပါလား။

သူမသည် ပင်ပင်ပန်းပန်း မဟုတ်သော်လည်း အေးငြိမ်းသူခများ ဖျားနာ ယူရသည်အထိ ပင်ပန်းရှာသည်။ ကိုယ်လက်များ နာကျင်ကိုက်ခဲသည်အထိ ပင်ပန်းရှာသည်။ သို့သော်လည်း တစ်ဦးနှင့် တစ်ဦး နားလည် သဘောပေါက်ကြပြီဖြစ်၍ ပူးပေါင်းဖြေရှင်းမှုက နောက်ဆုံးတွင် အောင်မြင်မှု ရရှိခဲ့သည်။

"သူဇာရေ...ဖေဖေတို့က အရာရှိ တစ်ဦးနဲ့ ငြိမ်းကို အိမ်ထောင်ချပေးဖို့ ပြောဆိုနေကြတယ်... အဲဒါ သူဇာက မငြိမ်းနဲ့ အိမ်ထောင်ချပေးမယ့်သူနဲ့ တွေ့ပြီး အကဲခတ်ပေးပါဦး"

ဤသို့ဖြင့် မသူဇာတစ်ယောက် အေးငြိမ်းသူ၏ ဖူးစာရေးနတ်လုပ်ပေး ရပြန်သည်။ လေ့လာသည်။ အကဲခတ် သည်။ စူးစမ်းသည်။ မသူဇာသည် သဘောကျပြီး ခေါင်းညိတ်လိုက်ရာ အေးငြိမ်းသူ

တစ်ယောက် ကိုစောဝေနောင်နှင့် အိမ်ထောင်ပြုပြီးလျှင် ဩစတြေးလျ နိုင်ငံသို့ ရောက်ရှိသွားသည်။

ရောက်ပြီး တစ်ပတ်နှစ်ပတ်ခန့်အကြာ အေးငြိမ်းသူထံမှ လွမ်းကြောင်း သတိရကြောင်း တစ်ယောက်တည်း မနေတတ် မထိုင်တတ်ကြောင်း ဖုန်းဖြင့် မကြာခဏ ပြောပြရှာသည်။

မသူဇာမှာ ချော့မော့ပြီး အားပေးရသည်မှာ အမောတကောပင် ဖြစ် သည်။

ရက်ကိုလစား၊ နှစ်များကြာသော် အေးငြိမ်းသူတစ်ယောက် သားသမီး တစ်ယောက်မက နှစ်ယောက် ထွန်းကားကာ ဩစတြေးလျနိုင်ငံတွင် လေးငါးနှစ်မကကြာညောင်းခဲ့ပေပြီ။

မသူဇာမှာ ဘွဲ့ရပြီး စောင့်၍ အလုပ်လုပ်ရန် ကြိုးစားနေရာမှ အေးငြိမ်းသူ၏ မေတ္တာရပ်ခံချက်အရ အေးငြိမ်းသူ၏ မိဘများ လုပ်ငန်းတိုးချဲ့လုပ်ရာတွင် တာဝန်ယူ၍လုပ်ကိုင်ပေးနေရရှာသည်။

အသက်ကြီးလာပြီဖြစ်သော အေးငြိမ်းသူ၏ မိဘနှစ်ပါးမှာ မသူဇာ၏ လုပ်ရပ်များနှင့် ကြိုးပမ်းမှုများကို ပိုမို အထင်ကြီး လေးစားလာကြသည်။

ပညာကို ဆက်လက်သင်ကြား သည်ကိုလည်း အားပေးခဲ့ ကြသည်။ ထောက်ပံ့ခဲ့ကြသည်။

ကြိုးစားသော ရိုးသားသော မသူဇာသည် စကောလားရှစ်ရ၍

ဩစတြေးလျနိုင်ငံတွင် နှစ်နှစ်ကြာ ပညာသင်ရန် အခွင့်ရေး ရခဲ့သည်။

ဩစတြေးလျနိုင်ငံ မယ်လ်ဘုန်းမြို့တွင် ရှိသော အေးငြိမ်းသူနှင့် ဩစ တြေးလျနိုင်ငံ ဆစ်ဒနီတွင် သင်တန်း တက်နေသော သူဇာတို့ နှစ်ယောက် မှာ မကြာခဏ တွေ့ဆုံပြီး အလွမ်းသယ် နေကြသည်။

တစ်နှစ်ခန့်အကြာတွင် သူဇာ၏ လုပ်ရည်ကိုင်ရည်ကို သဘော ကျသော ဆစ်ဒနီနိုင်ငံရောက် မြန်မာအမျိုးသား တစ်ဦးက ချစ်ခွင့်ပန် ၍ လက်ထပ်ရန် ပြောဆိုလာပေသည်။

သူငယ်ချင်းဖြစ်သူ အေးငြိမ်းသူကလည်း သင့်တော်ကြောင်း အားပေးစကား ပြောကြားသည်။

"ကိုသူရဇော်အနေနဲ့ ကျွန်မအပေါ်မှာ စိတ်ဝင်စားပြီး လက်ထပ် ခွင့်တောင်းတာ ကျေးဇူးတင်ပါတယ်...ကျွန်မ အလေးအနက် ထားပြီး စဉ်းစားပေးပါ့မယ်"

"ကျွန်မနဲ့ ကိုသူရဇော်မှာ ခြားနားချက် တစ်ချက်ရှိပါတယ်... အဲဒါကတော့ ကျွန်မက ဒီနိုင်ငံမှာ ကြာရှည်မနေနိုင်ပါဘူး... ဘာဖြစ်လို့လဲဆိုတော့ ကျွန်မမိဘနှစ်ပါးနဲ့ မောင်ညီမတွေကို မွေးရပ် မြန်မာပြည်မှာ ပြန်ပြီး နေထိုင် လုပ်ကိုင် စားသောက်ဖို့ စီစဉ်ပေးရန် ဖြစ်လို့ပါပဲ... စိတ်မရှိပါနဲ့နော်"

ဤသို့ဖြင့် မသူဇာတစ်ယောက် သင်တန်းပြီးဆုံး၍ မြန်မာပြည်

သို့ ပြန်လာပြီး သူငယ်ချင်းဖြစ်သူ အေးငြိမ်းသူ၏ အထူးမှာကြား လိုက်မှုကြောင့် အေးငြိမ်းသူ၏ မိဘများ လုပ်ငန်းကို ဝိုင်းဝန်း လုပ်ကိုင်ရန် သဘောတူညီခဲ့သည်။

"မောင်ထွန်းမောင်ရေ... မသူဇာလည်း အတွေ့အကြုံတွေ ရပြီးသား ဖြစ်တယ်... ပညာလဲ စုံပြီဖြစ်တယ်... အဲဒီတော့ မင်းတို့ နှစ်ယောက် ပူးပေါင်း တိုင်ပင်ပြီး လုပ်ငန်းကို လုပ်ကိုင်ကြတော့ ကွယ်...ရန်ကုန်နဲ့ မန္တလေးမှာ လုပ်ငန်းခွဲတွေ ထားပြီးတော့ နိုင်ငံခြား နဲ့ ဆက်သွယ်ပြီး သွင်းကုန်ရော ပို့ကုန်ရော လုပ်ကြရအောင်"

ကိုထွန်းမောင် တစ်ယောက် သူ့ ညီမဝမ်းကွဲ အေးငြိမ်းသူ၏ သူငယ်ချင်း မသူဇာကို စိတ်ဝင်စားနေမိခဲ့ သည်။

ခေတ်ပညာတတ် မသူဇာတစ်ယောက်မှာလည်း မိန်းမတို့ သဘာဝ ကိုထွန်းမောင်တစ်ယောက် သူမအပေါ် စိတ်ဝင်စားနေ သည်ကို သိရှိနေ ခဲ့သည်။

"မသူဇာရေ... ခင်ဗျားအရွယ်နဲ့ ကျွန်တော့်အရွယ်က လူငယ် လူရွယ်တွေလို ရည်းစားစကားပြောနေရမယ့် အရွယ်တွေတော့ မဟုတ်ဘူး"

"ဒါပေမယ့် ရည်းစားစကားဆိုတာက အသက်ကြီးတာ ငယ်တာ နဲ့တော့ မဆိုင်ဘူး ထင်ပါတယ်"

"ရည်းစားစကားဆိုတာ အချစ်စကား စတင်ပြောကြားခြင်းရဲ့ နိဒါန်းစကားကို ရည်းစားစကားလို့ ပြောကြတာပဲ ထင်တယ်"

လူပျိုကြီး ကိုထွန်းမောင်သည် မျက်နှာမှာ နီရဲနေပြီး စကားသံများမှာ တုန်တုန် ယင်ယင် ဖြစ်နေရှာသည်။

အပျိုကြီး မသူဇာတစ်ယောက်ကလည်း မာန်တင်းပြီး ဟန်လုပ်နေရသော်လည်း ရည်းစားစကား ပြောခံရ၍ ရှက်နေသည်မှာ အမှန်ပင် ဖြစ်သည်။

သို့သော် ကိုထွန်းမောင် စကားကြားပြီးနောက် တည်တည်ငြိမ်ငြိမ် လေးလေးနက်နက်ဖြင့် စဉ်းစားပါရစေဟု အကြောင်းပြန်နိုင်ခဲ့သည်။

တစ်လလည်းမက နှစ်လလည်းမက ခြောက်လပင်ကြာခဲ့ပေပြီ။

မသူဇာ စဉ်းစားမှုမှာ မပြီးဆုံးသေး ပေ။

အဖြေရနိုးနိုးဖြင့် စောင့်နေရရှာသော ကိုထွန်းမောင်ကြီးတစ်ယောက် မစောင့်နိုင်ဟန် ဖော်ပြနေသည်ကိုတွေ့လိုက်ရသည်။

အလုပ်ချိန်တွင် လူလစ်သော အချိန်၌ လူပျိုကြီး ကိုထွန်းမောင်သည် ရှုံ့တွန့်တွန့် အမူအရာဖြင့် အပျိုကြီး မသူဇာနား ကပ်လာသည်။

အပျိုကြီး မသူဇာတစ်ယောက် ကလည်း နားကပ်လာသော လူပျိုကြီး ကိုထွန်းမောင်ကို ကြောက်ရွံ့သော မျက်နှာ၊ ရှက်ရွံ့သော စိတ်တို့ဖြင့် မဝံ့မရဲကြီး ကြည့်နေသည်။

"သူ…သူ…သူဇာရယ်၊ အဖြေမပေး…သေးဘူးလားကွယ်"

"ကို…ကို…ကိုထွန်းမောင်ကြီးအိန္ဒြေဆည်ပါဦး…ပတ်ဝန်းကျင်

မှာ လူတွေနဲ့...ကျွန်မ အဖြေပေးရခက်နေတယ်... ဟိုတုန်းကလိုပဲ သူငယ်ချင်းတွေလိုပဲ ခင်ကြရင် မကောင်းဘူးလား"

"ဗျာ!...သူငယ်ချင်းတွေလို"

"သူငယ်ချင်းတွေထက် ပိုတဲ့အချစ်ကို တောင်းဆိုတာ ဘယ်နယ့်ကြောင့် သူငယ်ချင်းတွေလို ချစ်ခိုင်းနေတာလဲ"

"သူငယ်ချင်းဆိုတာက စိတ်ဆိုးသည်ဖြစ်စေ... စိတ်မဆိုး သည်ဖြစ်စေ ခဏပဲ စိတ်ဆိုးလို့ရတယ်... မုန်းကြတယ်လို့မရှိဘူး"

"ဘာဖြစ်လို့လဲဆိုတော့...သူတို့ရဲ့အချစ်ကဖြူစင်တယ်၊ရိုးသား တယ်... မှန်ကန်တယ်"


"လင်မယားချစ်ဆိုတာက အတူနေ အတူစား အတူသွားလာ တဲ့အခါကြိုက်တာရှိရင်ကျေနပ်ကြတယ်...မကြိုက်တာရှိရင်မကျေ နပ်ကြတော့ဘူး...ခွဲလို့မရဘဲတွဲလို့နေရတော့အယူအဆမတူရာက မုန်းတီးလာရင် နာကြည်းလာရင် အဲဒီအချစ်က ဖြူစင်သန့်ရှင်းမှု၊ ရိုးသားမှု၊ ဖြောင့်မတ်မှု နယ်နမိတ် စည်းမျဉ်းတွေကို ဖျက်ဆီးပစ် လိုက်ကြတယ်...အဲဒါက ဘာကြောင့်လဲ ဆိုရင် တစ်ဦးကို တစ်ဦး ပိုင်ဆိုင်လိုမှုကြောင့် ဖြစ်ကြတယ်"

"သူငယ်ချင်းကောင်းတို့မည်သည်မှာပိုင်ဆိုင်လိုမှုမရှိကြဘူး... ခင်မင်လိုမှုကိုသာ ဦးစားပေးလေ့ရှိကြတယ်"

"ခင်မင်လိုမှုနဲ့ ထာဝရပိုင်ဆိုင်လို မှုဟာ အင်မတန် ဝေးကွာတဲ့ အစွန်း နှစ်ဘက်လို ဖြစ်နေတယ်... ဒါကြောင့် ကိုထွန်းမောင်ကြီးနဲ့

စတွေ့တုန်းက အေးငြိမ်းသူရဲ့အစ်ကိုဝမ်းကွဲ တစ်ယောက်လို တရင်းတနှီး ဆက်ဆံခဲ့တာပါ... အခုလဲပဲ သူငယ်ချင်းလို့ပဲ ဆက်ပြီး ခေါ်ကြစို့နော်..."

သူငယ်ချင်းအချစ် မြေးမြစ် တိုင်အောင် ဆိုရမည်ကဲ့သို့ ဦးထွန်းမောင်၊ ဒေါ်သူဇာနှင့် ဒေါ်အေးငြိမ်းသူတို့သည် မြေးမြစ်များတိုင်အောင် ခင်လျက် မင်လျက် ချစ်လျက်...။


ခါးတမာ
ချိုပါမည်လား

# ခါးတမာ ချိုပါမည်လား

လူအများအမြင်တွင် ညံ့ပါသည်၊ချို့ယွင်းပါသည်။

အားနည်းပါ သည်ဟု အပေါ်ယံ မြင်တတ်ကြသော်လည်း ခါးတမာ ချိုမြိန်သည့်အလား၊ တမာခါးသည် အလှတစ်ပါးလို သူ့နေရာနှင့်သူ မြအလား အပိုးတန်ကြောင်း . . .

မဝင်းသီရိမွန်သည် အစစ အရာရာ အလွန်တော်သည်၊ ထူးချွန်သည်။ အလိုက်သိသည်။ သူကလေး၏တော်တက်မှုကြောင့် အများက လေးစားကြသည်။ ဂုဏ်ယူကြသည်။ တန်ဖိုးထားကြသည်။

မဝင်းသီရိမွန်သည် ကျောင်းစာဆိုလျှင် ၁ည်းတစ်ကျောင်းလုံးတွင် ထူးချွန်သည်။ အားကစားဆို လျှင်လည်း တစ်မြို့လုံးတွင် ထိပ်မှဖြစ်သည်။ နူတ်မှုပညာ၊ လက်မှုပညာ တို့တွင်လည်း နေရာတကာ ထူးချွန်သည်။ ထို့ကြောင့်လည်း မိဘများနှင့် ဆရာသမားများက ထူးချွန် လှသောသူကို ကျောင်း၏ ဂုဏ်ဆောင် မြို့ရွာ၏ ဂုဏ်ရောင်ဖော်ဆောင်နေသူ ဟု သတ်မှတ်ခေါ်ဝေါ်ကြသည်။

အလိုက်သိပုံမှာ မိဘများနှင့် ပတ်သက်ပြီး အစစ အရာရာ အလိုလိုက် အကြိုက်ဆောင်၍ လုပ်ကိုင်ပေး သည်။

ဆရာ၊ ဆရာမများနှင့် ပတ်သက် လျှင်လည်း အမြဲတမ်း ဝတ်ကြီးဝတ် ငယ် ပြုစုလျှက် လုပ်ပေးတတ်သည်။

သူငယ်ချင်း အပေါင်းအသင်းများ နှင့်ပတ်သက်လျှင်လည်း အမြဲတစေ လိုအပ်ချက်များကို ကူညီမှ ပံ့ပိုးပေးလေ့ ရှိသည်။

ထို့ကြောင့် မိဘဆရာသမား သူငယ်ချင်းများတို့နှင့် ပတ်သက်လျှင် မဝင်းသီရိမွန်မှာ စံနမူနာပြ အတုယူ စရာ ဖြစ်ရှာသည်။

**မထွေးယုမျိုး**

ကျောင်းစာလည်း ဟုတ္တိပတ္တိမသင်ခဲ့ရ။ ထူးထူးချွန်ချွန်မှာလည်း မယ်မယ်ရရ ဘယ်နေရာမှာမှ မရှိပေ။ သူတပါး ကူညီဖို့ရာ မပြောနှင့်။ သူ့ အလုပ်နှင့်သူပင် မနိုင်မနင်းဖြစ်ပြီး အလုပ်ရှုပ်နေသူ ဖြစ်သည်။

ဒုက္ခိတမိခင်ကြီးနှင့် လက်လုပ်လက်စား ဖခင်ကြီးတို့သည် သူတို့ဘဝ သူတို့ ထိန်းကျောင်းနေရရှာသည်။ အဖေအမေကို မကူညီနိုင်သလို မိဘ များကလည်း သူ့ကို မပံ့ပိုးနိုင်ရှာပေ။ မကူညီနိုင်ရှာပေ။

သူတို့ဘဝသည်ကား လက်လှုပ်မှ ပါးစပ်လှုပ်ရသည့် ဘဝမဟုတ်ပါလား။

မထွေးယုမျိုးမှာ သူများပေးသော အဝတ်အစားများကိုသာ ဝတ်ရရှာသည်။

ထိုသို့ ဝတ်ခွင့်ရသည်ကိုပင် သူမကံကောင်းလှသည် ဟုခံယူနေမိသည်။

သူများကျွေးမှ စားရရှာသည့် ဘဝဖြင့် မိုးလင်းမှ မိုးချုပ် ကျရာ အလုပ်များ လုပ်ကိုင်ရသလို ကြုံသော နေရာမှာ ကျွေးသူရှိမှကြုံရာစားရရှာ သည်။

သူစားရသော အစားအသောက်တို့သည် သူတို့အိမ်ထက် အမြဲသာလွန်နေသောကြောင့် နတ်သုဒ္ဓါအလား သူ့စိတ်တွင် ခံစားရသည်။

သူဌေးကြီး ဦးစည်ဟိန်းထံသို့ အထွေထွေ မန်နေဂျာ ဦးစံမြင့်က နောက်ဆုံးရွေးချယ်ထားသော အမျိုးသမီးများ စာရင်းကို တင်ပြလေသည်။ ပထမဦးဆုံး ရွေးချယ်ထားသော မန်နေဂျာရာထူးတွင် မိန်းကလေး (၁၀) ယောက် အမှတ်စဉ်အလိုက် ပါရှိသည်။

ဒုတိယ ရွေးချယ်ထားသော သန့်ရှင်းရေးဝန်ထမ်း (၇)ယောက်ကို အမှတ်စဉ်အတိုင်း ရွေးချယ်တင်ပြ ထားသည်။

တတိယရွေးချယ်ထားသော ရုံးဝန်ထမ်း ၁၅ယောက်တို့ကိုလည်း အမှတ်စဉ်အတိုင်း ရွေးချယ်ထား သည်။

"ကဲ - သမီးနဲ့ သားတို့ရေ ... အတွေ့အကြုံရအောင် အထွေထွေ မန်နေဂျာ ကြီးနဲ့အတူ အခုရွေးချယ်ထားတဲ့ လူတွေကို ထပ်မံပြီး စီစစ်ရွေးချယ် ကြကွယ်၊ ပထမ၊ ဒုတိယ၊ တတိယ သုံးယောက်ကို အရင်ရွေးချယ်လိုက်ကြ။"

"ဟုတ်ကဲ့ပါ သူဌေး"

"ဟုတ်ကဲ့ပါ ဖေဖေ"

ယောကျ်ားလေးထဲတွင် မောင်ဇေယျာမျိုး၊ မောင်ဟိန်းလက်ဝင်း၊ မောင်ရတနာစည်သူ သုံးယောက် တို့သည် ရုံးလုပ်ငန်းအတွက် ပထမ ဒုတိယ၊ တတိယ အရွေးခံရသည်။

တတိယ ရရှိသော မောင်ရတနာစည်သူသည် ရိုးရိုး အေးအေး မှန်မှန် ပြောတတ်ဆိုတတ် လုပ် တတ်ကိုင်တတ်သူဖြစ်သည်။

ဒုတိယရရှိသူ မောင်ဟိန်းလတ်ဝင်းမှာ သွက်လက်ချက်ချာစွာ ပြောဆိုလုပ်ကိုင်နိုင်သော လူတော် တစ်ယောက်ဖြစ်သည်။

ပထမ ရရှိသော မောင်ဇေယျာ မျိုးသည်ကား အဆင်းချော၊ အချင်းပါပြည့်စုံသူတစ်ဦးဖြစ်ပြီး အလုပ်ရှင် တိုင်းက သဘောကျမည့် သူဖြစ်သည်။

မန်နေဂျာစာရင်းတွင် ပထမ နေရာ၌ အမှတ်မတိမ်း မယိမ်းဖြင့် သုံးယောက် လျာထားခံရသည်။

ပထမဦးဆုံးသူမှာ မဝင်းသီရိ မွန်၊ ဒုတိယရွေးချယ်ခံရသူမှာ မဖြူပြာမိုး၊ တတိယလျာထားခံရသူမှာ မအိသဉ္ဇာကျော်တို့ ဖြစ်ကြသည်။

ထိုသုံးယောက်တို့သည် တစ်ဦးနှင့် တစ်ဦး မတိမ်းမယိမ်းဖြစ် နေသည်။ လိုချင်သူမှာ တစ်ယောက်တည်းသာ ဖြစ်သည်။

" ကဲ... အခုဈေးကို သုံးယောက် စလုံးသွားရမယ်... အခုပေးလိုက်တဲ့စာရင်းနဲ့ပစ္စည်းနစ်နာရီအတွင်းဝယ်ခဲ့ရမယ်။ ကဲ - အခုချိန်ကစပြီး သွားကြပေတော့"

"ကိုကိုညီမကတော့ မဝင်းသီရိမွန် ရွေးခံရလိမ့်မယ်ထင်တယ်"

"အေးပေါ့ကွယ်၊ စောင့်ကြည့်ကြတာပေါ့"

သူဌေးသားနှင့် မန်နေဂျာတို့သည် သူဌေးသမီး၏ ပြောဆိုသံကို ယခုကဲ့သို့ မှတ်ချက်ချကြခြင်း ဖြစ်သည်။

" ကဲ - နောက်ထပ် ရုံးဝန်ထမ်းသုံးယောက်ကို လက်နှိပ်စက်ရိုက်ခိုင်းပါ။ ကွန်ပြူတာ စစ်ဆေးပါ။ အီးမေလ် အင်တာနက်တွေ ကျွမ်းသလားစစ်ပါ။ အင်္ဂလိပ်အရေးအပြော အခြေအနေစစ်ဆေးပါ။

ပြီးတော့ သန့်ရှင်းရေးနဲ့ အကူဝန်ထမ်းကိုတော့ အရင်ဦးဆုံး သန့်ရှင်းရေးလုပ်ခိုင်းကြည့်ပါ။

ဒုတိယအချက်အပြုတ် အလျော် အဖွတ်တွေ လက်တွေ့လုပ်ခိုင်းကြည့် ပါ။

တပတ်ခန့်အကြာတွင် အောင်စာရင်းထုတ်ရန် အချိန်ကျရောက်သောအခါ၌ အမှတ်စာရင်းအလိုက် သူဌေးကြီးထံသို့တင်ပြကြသည်။

သူဌေးကြီးက သူတို့တွေနှင့် မတူဘဲ အောက်ဆုံးအဆင့် ဖြစ်သော အိမ်သန့်ရှင်းရေးနှင့် ချက်ပြုတ်ရာတွင် ကူညီမည့်သူကို ပထမဆုံး ရွေးချယ်ရန် စဉ်းစားခဲ့သည်။

ထိုသို့ ရွေးချယ်စဉ်းစားရာတွင် လည်း သန့်ရှင်းရေး စမ်းသပ်တာဝန် ပေးခဲ့သည်ကို သူကိုယ်တိုင် မသိမသာ အကဲခတ်ကြည့်ခဲ့သည်။

အဆင်အပြင်မပါဘဲ ရှက်ကြမ်း ရေကျိုရုပ်ရှိသည့် မထွေးယုမျိုးကို သူဌေးကြီးက ရွေးချယ်ထားသည်။

မန်နေဂျာကြီးက ရုပ်ရည် အသင့်အတင့်ရှိပြီး သွက်လက်ချက်

ချာစွာ လုပ်ကိုင်သူ မနီနီနွေးကို ရွေးချယ်ခဲ့သည်။

သူဌေးကြီး၏ သားနှင့် သမီးတို့မှာ ဖြူဖြူလှလှ သွက်လက်ပေါ့ပါး သော မသဇင်ကို ရွေးချယ်ကြ သည်။

သူဌေးကြီးက ရိုးရိုး အေးအေးသမား မထွေးယုမျိုးကို ရွေးချယ် ကြောင်း ကြားသိရသောအခါ သူဌေးကြီး၏ သားနှင့် သမီးတို့က သူဌေးကြီး၏ ရွေးချယ်မှုကို ဆန့်ကျင်မရသော်လည်း သူတို့၏ စိတ်ထဲတွင် ရုပ်ရည်မရှိပဲ ခပ်နွမ်းနွမ်း ဝတ်ဆင်ထားသူကို ရွေးလို ဟန်မရှိကြပေ။

"ကဲ ... ကဲ ... ဒီလိုလုပ်ရအောင်၊ ဒီသုံးယောက်ကို တပတ်စီ အစမ်း ခန့်ကြည့်လိုက် ... အဲဒီတစ်ပတ်ပေါ် မှာ မူတည်ပြီး ထပ်ဆုံး ဖြတ်ကြတာ ပေါ့"

နောက်တနေ့ မနက်တွင် မန်နေဂျာ ရာထူးအတွက် ဈေးသို့ သွားပြီး ဈေးဝယ် ခိုင်းလိုက်သူ သုံးဦးတို့၏ အဖြေကို တွေ့ရှိရပေ သည်။

မဝင်းသီရိမွန်မှာ ပထမရရှိသည်။ ပေးထားသော (၂)နာရီ အချိန်ကို ၁နာရီ ကျော်ကျော်နှင့် ပြန်ရောက်ခဲ့သည်။

ဝယ်လာသော ပစ္စည်းများမှာလည်း သူဌေးကြီး ကြိုက်မည်ထင် သောပစ္စည်း များကို ဝယ်ယူခဲ့သည်။

ပေးလိုက်သော ငွေထက် ပို၍ သုံးလာသည်ကိုလည်း တွေ့ရသည်။

မဖြူပြာမိုးမှာ သတ်မှတ်ချိန်ကျော်မှ ရောက်လာသည်၊ သူ့စိတ်ကူးထဲတွင်ရှိသော ပစ္စည်းများကို ဝယ်လာသည်။ ပေးလိုက်သော ငွေ၏ သုံးပုံ တစ်ပုံသာ ဝယ်ခဲ့သည်။

မအိသဥ္စာကျော်မှာ သတ်မှတ် ချိန်ကိုတိတိကျကျ ရောက်သည်၊ လုပ်ငန်းအတွက် လိုအပ်သော ပစ္စည်း များကို ရွေးချယ်ဝယ်ခဲ့သည်၊ ပေး လိုက်သော ငွေကို စာရင်းနှင့် အတိအကျ သုံးစွဲခဲ့သည်။

အထွေထွေမန်နေဂျာနှင့် သား သမီး များက မဝင်းသီရိမွန်ကို ရွေးချယ် ကြသော်လည်း သူဌေးကြီးက တတိယသတ်မှတ်ထားသူ မအိသဥ္စာ ကျော်ကို ရွေးချယ်လိုက်သည်။

ဒီလိုလုပ်ရအောင် သူတို့သုံး ယောက်ကိုလည်း အစမ်းသုံးလ ကြာပြီးမှ အတည်ခန့်ကြတာပေါ့။

ရုံးလုပ်ငန်းနှင့် ပတ်သက်ပြီး တတိယနေရာတွင်ရှိသော မောင်ရတနာစည်သူကို ရွေးချယ်လိုက်ကြ သည်။

အဘယ်ကြောင့်ဆိုသော် မောင်ရတနာစည်သူသည် တည်တည် ငြိမ်ငြိမ် အေးအေး ဆေးဆေး လေးလေး နက်နက်လုပ်ကိုင်သည်ကို အားလုံးက သဘောကျသော ကြောင့် ဖြစ်သည်။

တစ်ပတ်ခန့်ကြာသောအခါတွင် သူဌေး၏ သမီးကြီးသည် သူ့အဖေ ရွေးသော အေးအေးရိုးရိုး မှန်မှန်ကန်ကန် အောက်ခြေသိမ်းမှုစပြီး အပင်ပန်းခံ အနစ်နာခံ၍ လုပ်ကိုင်တတ်သော မထွေးယုမျိုးကို သဘောကျလာပြီးလျှင် သူ့ဖခင် ရွေးချယ်မှု မှန်ကန်ကြောင်း ပြောဆိုလာသည်။

"သားနှင့်သမီးတို့ လာကြ၊ လာ ကြ၊ ဖေဖေ ခဏခဏဆုံးမပြောနေ သလို တို့အိမ်ရဲ့အရေးကြီးဆုံး နေရာ က မီးဖိုချောင်ပဲဖြစ်တယ်။

ဒီမီးဖိုချောင်လုံမှ ဒီမီးဖိုချောင် မကုန်မှ ဒီမီးဖိုချောင် အာဟာရစုံမှ အဖေတို့ မိသားစုအတွက် ကျန်းမာ ချမ်းသာ လန်းဖြာလာမှာ ဖြစ်တယ်။

အခု အဖေတို့ ရွေးလိုက်တဲ့ ကလေးမလေးဟာ အဖေတို့လိုချင်တဲ့ အချက်နဲ့ ကိုက်ညီတယ်ဆိုတာ သမီးကလက်တွေ့ ဝန်ခံပြီမဟုတ်လား။

"လူဆိုတာ ... ဘဝနာဖို့လိုတယ် ... ဘဝမမေ့ဖို့လဲလိုတယ်" ခိုင်းတာကို အကောင်အထည်ပေါ် အောင် လုပ်တတ်ဖို့လဲလိုတယ်။ အခု အဖေ ရွေးလိုက်တဲ့ ကလေးမ ဟာ အပေါ်ယံ ကြည့်ရင် ဘာတစ်ခုမှ အထင်ကြီး စရာမရှိဘူး။ ဒါပေမယ့် တကယ် အလုပ်လုပ်တဲ့အခါမှာ အလုပ်နဲ့ တူအောင် လုပ်နိုင်တာ တွေ့ရမယ်။ ဒါကြောင့် ဘယ်လိုမှ အမြင်မကောင်းပေမယ့် ပြုပြင်မွမ်းမံရင် ရနိုင်တဲ့ အသွင်ကောင်းရှိဖို့ လိုတယ်။

အဖေတို့ အလုပ်ထဲမှာ မန်နေ ဂျာ ရာထူးဟာ အရေးကြီးဆုံး ရာထူး ဖြစ်တယ်။ ခိုင်းတဲ့ အတိုင်း မပိုမလိုဘဲ အတိအကျ လုပ်နိုင်တဲ့ မအိသဥ္ဇာကျော်ကို ရွေးလိုက်ရတာ မှန်တဲ့ အကြောင်း အစမ်းခန့် သုံးလမှာ သမီးတို့သားတို့ လည်း တွေ့ကြပြီး ဖြစ် လိမ့်မယ်။

အလုပ်တစ်ခုခိုင်းတဲ့ နေရာမှာ အရေးကြီးဆုံး အချက်က ခိုင်းတာကို တိတိကျကျ အကောင်အထည် ပေါ်အောင် လုပ်တတ်ဖို့ လိုတယ်။"

"သူဌေးကြီး ကျွန်တော် သဘော ပေါက်သွားပြီ"

"ဟုတ်ကဲ့၊ ဖေဖေ၊ သားတို့ သမီးတို့လည်း နားလည်သွားပါပြီ၊

"ရုံးဝန်ထမ်းဆိုတာက ရုံးလုပ်ငန်းကို အကောင်အထည် ဖော်ပေးဖို့အတွက် လုပ်ကိုင် ပေးရသူတွေ ဖြစ်တယ်။

ရုံးလုပ်ငန်း လုပ်တဲ့သူဟာ ဖင်မြဲရမယ်။ အလုပ်ပေါ်မှာ စိတ်စွဲရမယ်။ တာဝန်ပေါ်မှာ မခိုမကပ် လုပ်နိုင်ရ မယ်။

အဲဒီတော့ သားတို့မောင်ရတနာစည်သူကို ရွေးချယ်တာ မှန်တယ်။

လူ့အများအမြင်တွင် ညံ့ပါသည်၊ ချို့ယွင်းပါသည်။ အားနည်းပါသည်ဟု အပေါ်ယံမြင်တတ်ကြသော်လည်း ခါးတမာ ချိုမြိန်သည့် အလား၊ တမာ ခါးသည် အလှတစ်ပါးလို သူ့နေရာနှင့် သူ မြဲအလား အဖိုးတန်ကြောင်း ...



# ချစ်ခဲ့ပါတယ် ပန်းခင်းဝယ်



# ရိုက်ခဲ့ပါလော
# ပန်းခိုင်းဝယ်

# စိုက်ခဲ့ပါတယ်

# ပန်းခင်းဝယ်

ပန်းထာဝလေးများကို ပျိုးစဉ်အခါက ထာဝစဉ်

ရှင်သန်ပွင့်လန်းစေရန်အတွက် ရွေးရတ်ဝေ။ ချွေရတ်ဝေ။

ရွေးရန်လည်းမျက်ရှုပ်၊ ချွေရန်လည်း ခေါင်းစား။ တစိမ့်စိမ့်

ကြည့်ပြီး ဝေ့ကျွားသွား၍ ကရုဏာထားရန်အတွက်သာ . . .

သူတို့တတွေကို ဆယ်နှစ်တာပြုစုပေးခဲ့သည်။ ပျိုးထောင်ပေးခဲ့သည်။ လေ့ကျင့်ပေးခဲ့သည်။ မွမ်းမံ ပေးခဲ့သည်။

သူတို့ဟု ဆိုသူတို့သည်ကား မိဘမဲ့ ကလေးကျောင်းမှ ကျောင်းသူ ကျောင်းသားကလေးများ ဖြစ်သည်။

သုံးလေးနှစ်အရွယ်မှသည် ဆယ့်လေး ငါးနှစ်အရွယ်အထိ အရွယ်စုံကြသည်။ နယ်အကုန်မှ လာကြသည်။

ငါးတန်းမှသည် ဆယ်တန်းဆီသို့ သင်ကြားနေသော လူငယ် လူရွယ် ယောကျ်ားလေးများ၊ မိန်းကလေးများ။

အမျိုးသမီးဆောင်ကို "ပွင့်စံပယ် ဖြူ" ဟု အမည်ပေးထားသည် အဓိပ္ပါယ်သည်ကား စံပယ်ပန်းကလေးများနှင့် အလားသဏ္ဍာန်တူသော ဖြူဖွေးသန့်စင်သော နလုံးလှ ပိုင်ရှင်ကလေးများဖြစ်စေလိုသောကြောင့် ထိုအမည် လှလှနှင့် ဘော်ဒါကျောင်းအုပ်မှာ မိမိအစင်ဆုံး၊ အချစ်ဆုံး၊ အားအကိုးရဆုံး သူငယ်ချင်းဖြစ်သူ လင်းလက်ရွှေရည်မိုး ဖြစ်သည်။

ယောကျ်ားလေးများ အဆောင်ကို စွန့်ဝံ့သူဟု အမည်နာမ ရွေးချယ်ခဲ့ရသည်။ အဓိပ္ပာယ်မှာ စွန့်လွှတ် စွန့်စား ဇာနည်ဖွား များ ဖြစ်စေလိုသည်။ စွန့်လွှတ်ဖို့ရာ စွန့်စားဖို့ရာ၏ အခြေခံအကြောင်း တရားသည်ကား စွန့်ဝံ့လိုစိတ် ရှိရမည် ဖြစ်သည်။

စွန့်ဝံ့လိုစိတ်ရှိသူသည် အခက်အခဲကို ကျော်လွှားနိုင်ရမည်။ အခက်အခဲကိုဖြေရှင်းနိုင်ရမည်။ အပေါင်းအသင်းရောင်းရင်းများကို မြတ်နိုးတတ်ရမည်။ အနစ်နာခံရာတွင် စံနမူနာပြု ဖြစ်ရမည်။

မိမိသည်အမျိုးသမီးဆောင်နှင့်အမျိုးသားဆောင် နှစ်ခုစလုံးကို တာဝန် ယူ၍ အုပ်ချုပ်နေရသူ ဖြစ်သည်။

မိမိလက်အောက်တွင် အဆောင်မှူးအဖြစ် မောင်မျိုးဆက် စည်ဟိန်းကို တာဝန်ပေးထားသည်။

**ရိုက်ခဲ့ပါတယ် ပန်းခင်းဝယ်**

မိမိ အသက်ဆယ့်လေးငါးနှစ်တုန်းက တစ်ကျောင်းတည်းနေ တစ်တန်း တည်း တက်ခဲ့ရသော အလှဧကရီ မြဒေဝီလေးနှင့် တွေ့ဆုံခဲ့ရဖူးသည်။ မိမိ၏ ဖြူစင်သော အသည်းနှလုံးထောင့် တစ်နေရာတွင် အချစ်အစို့ အညှောင့်အဖူး ကလေးများ ပြူတစ် ပြူတစ်ဖြစ်လာဟန်ရှိသည်။

သူ့မျက်နှာကလေးမြင်လိုက်ရလျှင် ပျော်နေသည်။

သူ့အသံလေးကြားလိုက်ရလျှင်ရွှင်သွားသည်။

မတော်တဆကြုံတွေ့ရလျှင် ရှေ့ရှောင်လိုက်ဖို့ပြီးအသက်ရှူမရဖြစ် သွားသည်။

ကျွန်တော်က "ပေ"၊ သူကတော့ "တူ" ဟု မဆိုရက်ပါ။

အငိုခက်ရသည့် ကိုယ့်ဘဝမှာ သူ့မိဘကို မပေးနိုင်၍ အကြွေး အဖြိုင်ဖြိုင်တို့ဖြင့် ကျွန်တော့်ဘဝ ပျက်ခဲ့ရသည်။

အဲဒီပျက်ခဲ့ရတဲ့ ဘဝကို စိတ်နာပြီး စွန့်စားပြီး ကြိုးစားလိုက်တဲ့ အခါ သူကလေးဟာ ကျွန်တော့်လက်အောက် ရောက်ခဲ့ရပြန် ပါတယ်။

ကျွန်တော်ဟာ ချစ်သူအပေါ်မှာ အပြစ်မယူဘဲ ခွင့်လွှတ်ခဲ့သည့် အပြင် မတရားလုပ်ထားတဲ့ သူတို့ရဲ့ လုပ်ရပ် အရှုပ်ဇာတ်တွေကို ကျေအေးဖျောက်လိုက်ပါသည်။

အဲဒီမှာတင် ကျွန်တော် သဘောပေါက်မိတာ တစ်ခုရှိပါသည်။

သူကို ချစ်ခဲ့မိတဲ့အချစ်ဟာ ဖြူစင်သန့်ရှင်းပြီးတော့ မရှုံးရက် မချေရက် တော့ဘဲ လန်းဆန်းနေတာကိုပဲ ကြည့်လိုစိတ် ဖြစ်လာရ တော့သည်။

သူလေးဘဝကို ထာဝရလန်းဆန်းနေဖို့ ဆန္ဒပြုခဲ့မိပါသည်။

ငယ်ရွယ်စဉ်က အချစ်ဦးအပေါ်မှာ အပြစ်မကူးဘဲ ခွင့်လွှတ် လိုက်ရတဲ့ စေတနာစိတ်ဓာတ်ဟာ အတော်ကလေး မွေးယူ လိုက်ရ တဲ့ စိတ်ဓာတ် ဖြစ်ပါတယ်။

နောက်တစ်ကြိမ် အသက်ကလေးရလို့ အကွက်ကလေး ကြံ့တာနဲ့ အရင်လို လူငယ်အချစ်မဟုတ်ဘဲ တည်ငြိမ်လေးနက်တဲ့ အချစ်နဲ့ သူကစပြီး ကျွန်တော်ကို ချစ်လာမှန်း သိလိုက်ရပြန်သည်။

ဒီတစ်ကြိမ်ကျပြန်တော့လည်း သူမရဲ့ ကျွန်တော့်အပေါ်မှာ ချစ်တဲ့အချစ်ဟာ ကြည်ညိုလို့ လေးစားလို့ အထင်ကြီးလို့ ချစ်ခင်တဲ့ စိတ်မှန်း ကျွန်တော် သိခဲ့ရပြန်သည်။

သူမဆိုတာက နန်းခမ်းမွန်အေးဆိုတဲ့ သူငယ်မလေး ဖြစ်တယ်။

ကျွန်တော် လူငယ်ဖွံ့ဖြိုးရေးကျောင်းတုန်းက သူ့မောင်လေး တွေကို ကူညီခဲ့ဖူးတယ်။ အဲဒါနဲ့ သူက ကျွန်တော့်ကို ကျေးဇူးတင် တယ်။ ကျွန်တော် ကူညီတယ်ဆိုတာက တာဝန်ဝတ္တရားအရ လုပ်ကိုင်ခဲ့ရတာ ဖြစ်တယ်။

နောက်တစ်ခါ ဘော်ဒါအုပ် ဘဝရောက်တဲ့အချိန်မှာ သူက ကျွန်တော်နေတဲ့ ဘော်ဒါမှာ ကျောင်းလာနေပြန်တယ်။ ကျွန်တော် ကသာ သူ့ကိုမသိတာ။ သူကလေးကတော့ ကျွန်တော့်အပေါ်မှာ တိတ်တခိုးနဲ့ ချစ်နေမှန်း နောက်ကျတော့ သိရတယ်။

သူမကလေးဆိုတဲ့ မနန်းခမ်းမွန်အေးက မဝံ့မရဲနဲ့ ပြောဆိုလာခဲ့တယ်။ အဲဒါက ဘာလဲဆိုရင် ဆရာကို ဝတ်ကြီး

ဝတ်ငယ်ပြုစုပါစေတဲ့။ ဒီစကားကိုကြားလိုက်ရတဲ့အခါမှာ ကျွန်တော် အတော်ကလေး စိတ်မကောင်းဖြစ် သွားမိတယ်။

ဘာလို့လဲဆိုတော့ သူကလေးရဲ့ကျေးဇူးတရားကို တန်ဖိုးထားပုံ ထားနည်းဟာ ကျေးဇူးတင်စရာ ကောင်းလှတယ်။ ဘဝလက်တွဲဖို့ မေတ္တာတရားကို လမ်းခင်းလျှောက်တဲ့အခါမှာ ပန်းခင်းလမ်းလောက် မလွယ်ဘူး။ ကျွန်တော်က သူမကို ပန်းလေးလို သဘောထားပြီးပြုစုခဲ့တာ၊ ပျိုးထောင်ခဲ့တာ၊ ရှင်သန် စေခဲ့တာဟာ ခူးဆွတ်ဖို့ မဟုတ်ခဲ့ပါဘူး။

လန်းဖို့ ရှင်ဖို့ ပျော်ဖို့ စိတ်ချမ်းသာဖို့အတွက် ပြုစုခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် မပြောရက် ပြောရက်နဲ့ နန်းကလေးရယ် ထာဝစဉ်ရှင်လန်းစွာ ပွင့်သွားမယ့် ပန်းလေးတစ်ပွင့်လို ဖြစ်ပါ စေကွယ်လို့ သူကလေး သဘောပေါက် အောင် ပြောလိုက်မိပါတယ်။

အချိန်ကလည်း ဆယ်နှစ်လောက် ကွာနေတော့ ခံစားရသူကျွန်တော် ကိုယ်တိုင်က အနာဟောင်းကို ပြန်ပြောင်း၍ သတိရပြီး ကြီးမားစွာ ခံစားရသလို နန်းလေးခမျာလည်း ပန်းကလေးပမာ နွမ်းသွားရှာလောက်အောင် ခံစားရမှာပဲလို့ တွေးတော မိပါတယ်။

ဒါပေမယ့် စည်းကမ်းဆိုတဲ့ ဥပဒေဘောင်တွေနဲ့ ချုပ်ကိုင်ထားတဲ့ ကျွန်တော့်ရဲ့ မေတ္တာနဲ့ သစ္စာတွေကို ဘယ်လိုမှ အလို မလိုက်နိုင်ခဲ့ပါဘူး။

အသက်ကြီးလာပေမယ့် မပျက်စီးသေးတဲ့ အချစ်ကတော့ ကျန်နေခဲ့တာ အမှန်ပဲ ဖြစ်ပါတယ်။

စနက်မီးအတွေးက မရှုးရက်မချွေရက် အတွေးတွေပဲ လွှမ်းမိုးနေဆဲဖြစ်တယ်။ နောက်ဆုံးကျတော့ ပျောက်ဆုံးရမယ့် ချစ်ခြင်းမေတ္တာဆိုတာကို အသစ်ဖြစ်တာ မခံယူတော့ဘဲ ပန်းပျိုးသူ တစ်ယောက်လိုပဲ ခံစားချက်ကို ရင်ဝယ် ပိုက်ပြီး လူငယ်လူရွယ် လူမမယ်တွေကို ပန်းကလေးများသဖွယ် ပြုစုပျိုးထောင် တော့မည်ဟု ဆုံးဖြတ်လိုက်မိပါတော့တယ်။

- ပန်းပျိုးသူကို
  လွှမ်းမိုးသူ မရှိပေမယ့်
  မေတ္တာကြည်လင်
  ထာဝစဥ်ဖြင့်
  လန်းနေဆဲ
  ပျော်နေဆဲ
  ရွှင်နေဆဲ
- ပန်းဆိုသည်မှာ
  ပင်ထက်မှာကား
  ပွင့်နေကြသည်
  လန်းနေကြသည်
  ဆွတ်ခူးပြီးသော
  လူ့လက်ပေါ်၌
  ညှိုးကြရသည်
  နွမ်းကြရသည်
  ကြွေကြရှာသည်
- ဉာဏ်ကြွေခြင်း
  နွမ်းခြင်း
  ခြင်းနှစ်ခြင်းကို
  ရင်ဝယ်မြိုသိပ်
  ရလိုစိတ်ဖြင့်
  မခူးလိုပါ
  မကျူးလိုပါ
  အကျွန်ုပ်ခေတနာ…။

❀ ❀ ❀


အေးမြပါစေ

# အေးမြပါစေ

# ထွေးအလှရေ

လှပသော အထွေးဆိုသည့် မိန်းကလေး တစ်ယောက်

ရုတ်တရက် ခင်ပွန်း ဆုံးသွားရှာသည်။

ဓသမာသူတို့ကြောင့် ရှိသမျှ စီးပွား ရှုံးချပြန်သည်။

သမီးနှင့် သားလေးကို လက်တွဲလျက်

ဒုက္ခပင်လယ်ဝေနေရှာသော "ထွေး" ဆိုသည့် မိန်းမလှလေး

"ထွေး" ဘဝ အေးမြပါစေဟုသော မေတ္တာဖြင့် . . .

မထွေး၏ဘဝသည်မပူမပင်မကြောင့်မကြရပဲပျော်ပျော်ရွှင်ရွှင် အေးအေးဆေးဆေး နေထိုင်ခဲ့ရသည်။

မထွေးဘဝ အေးချမ်းလှသည်ဟု အချို့က ချီးမွမ်းကြသည်။ မေတ္တာကို နားမလည် ချစ်တာကို စိတ်မဝင်စားသော မထွေး တစ်ယောက် သူ့ထက် အသက်ကြီးသူတစ်ဦးနှင့် မိဘများက အိမ်ထောင်ပြု ပေးလိုက်ကြသည်။မထွေးတစ်ယောက် အိမ်ထောင် ရှင်မဘဝ ရောက်သွားရှာသည်။

တစ်ဦးနှင့်တစ်ဦး မေတ္တာစကား တို့ဖြင့် လှစ်ဟမကြားရဘဲနှင့် မိဘစကား နားထောင်ကာ အိမ်ထောင်ပြုခဲ့ရသော မထွေးအပေါ် တွင် ခင်ပွန်းဖြစ်သူမှာ ချစ်လိုက်သည်မှာ တုန်နေသည်။ အလိုလိုက် သည်မှာလည်း တုန်နေအောင် ဖြစ်သည်။

မြန်မာအမျိုးသမီးတစ်ယောက် ဖြစ်သည့်အားလျော်စွာ ဇနီးဖြစ်သူသည် ခင်ပွန်းကို အိမ်ဦးနတ်ပမာ လေးစားချစ်ခင် ရမည်ဟု သူ့မိခင်က သွန်သင်ဆုံးမသည်။ မထွေးသည် ဇနီးကောင်း တစ်ယောက်ဖြစ်ရမည် ဟူသော စိတ်နလုံး ဒုံးဒုံးချလျက် ခင်ပွန်း အပေါ်မှာ လိုလေသေးမရှိ တာဝန် ကျေပွန်စွာ ပြုစုခဲ့သည်။

မိဘများကလည်း လိုလေသေး မရှိ အလိုလိုက်ခဲ့ကြသည်။ ခင်ပွန်း ဖြစ်သူကလည်း အကြိုက်ဆောင်၍ ပြုစု ယုယ ချစ်ခင်သော

အခါ မထွေးသည် မေတ္တာတရားကို နားလည်စ ပြုလာသည်။ အကြင်နာတရားကို လက်ခံစပြုလာသည်။

မေတ္တာတရားနှင့် အကြင်နာ တရားတို့သည် ချစ်ခင်ယုယမှုကို ရှင်သန်စေခဲ့သောကြောင့် သမီးကလေးတစ်ယောက်ရလိုလာသည်။ သူရလိုသော သမီးလေးကို သူလိုချင်သည့် ပုံစံဖြင့် မေတ္တာပို့ဆုတောင်းခဲ့သည်။ ဆုတောင်းပြည့်သည်ဟု ဆိုရမည်ဖြစ်သည်။

သမီးမိန်းကလေး တစ်ယောက်ကို ချောမောအောင်မြင်စွာ မွေးဖွား နိုင်ခဲ့သည်။ အိမ်ထောင် စတင်ပြုစဉ်ကပင် နိုင်ငံတကာနှင့် ဖက်စပ်လုပ် နေသော ခင်ပွန်းနှင့်အတူ နိုင်ငံစုံ အကြိမ်ကြိမ် ရောက်ခဲ့သည်။ အကောင်းဆုံးဆိုသော ရှော့ပင်းစင်တာများသို့ မထွေးရောက်ခဲ့ဖူးသည်။ ကုန်တိုက်ကြီးများသို့ မထွေးခဏခဏ သွားခဲ့သည်။ ရောက်လေရာ နိုင်ငံတိုင်း၏ကြီးကျယ်သောနေရာများ ရှော့ပင်းစင်တာများတို့တွင် မထွေးလိုချင်တာမှန်သမျှ ခင်ပွန်းဖြစ်သူက ဝယ်ပေးလျက် မေတ္တာပြုရှာသည်။

သမီးလေးမွေးလိုစိတ်မှာ မိဘနှစ်ပါးအတွက် ဂုဏ်ယူလို၍ဖြစ်သည်။ သမီးဦး မိန်းကလေးဆိုသည်မှာ မိဘများအတွက် အားကိုးရမည့် သားသမီး ဖြစ်သည်ဟု သူမ ခံယူထားသောကြောင့် သမီးမိန်းကလေး ရရှိလိုခြင်းဖြစ်သည်။

ဖခင်ကိုယ်စားပြုသော သားယောကျ်ားလေးရလိုပြန်သည်။ သူ ရလိုသော သားယောကျ်ားကလေး သည် ခန့်ခန့်ငြားငြား လှလှပပ ယောကျ်ားပီသသော သားကလေး ဖြစ်စေလိုသည်။ သူသိသမျှ၊ သူတတ်သမျှ၊ သူရရှိလိုသော သားလေးအတွက် ဆုတောင်းမေတ္တာ ပို့သခဲ့သည်။

ဆုတောင်းသည့်အတိုင်း ချောမော လှပ ခန့်ညားသော သားယောကျ်ားလေး မွေးဖွားနိုင်ခဲ့ပေသည်။

မထွေးတစ်ယောက် သူ့ကိုယ်သူ အံ့သြနေမိသည်မှာ သမီးနှင့် သားတို့သည် သူဆုတောင်းသည့်အတိုင်း ရရှိခဲ့ခြင်းဖြစ်သည်။ မထွေးတွင် စွမ်းဆောင်နိုင်သော စိတ်တန်ခိုး၊ စိတ်စွမ်းအားများ ရှိကြောင်း သူ့ကိုယ်သူ မသိခြင်းဖြစ်သည်။

သမီးနှင့်သားကို ငယ်ရွယ်စဉ်ကပင် နိုင်ငံခြားကို ပို့၍ ကျောင်းထားခဲ့သည်။ မထွေးသည်လည်း သမီး သားတို့နှင့် အတူ နိုင်ငံခြားတွင် အနေများခဲ့သည်။ နိုင်ငံခြားတွင် အနေများပြီးသွား လာမှုများလာသောအခါ ဝတ်စားဆင်ယင် သုံးစွဲရာတွင် မထွေးတစ် ယောက် ဘိုဆန်သည်ဟု အချို့က ပြောဆိုသည်။ မြန်မာမိန်းမသား ဖြစ်သော မထွေးတစ်ယောက် ခင်ပွန်းနှင့် သမီး သားတို့ အပေါ် မြန်မာမိခင်တစ်ဦး ပီသရန် အမြဲကြိုးစားပြီး ပြုစုယုယ စောင့်ရှောက်

ခဲ့သည်။

ဩော်… မထွေးဘဝ သာယာလှသည်။ အဆင်ပြေလှသည်။ အားကျစရာများပင် ကောင်းလှသည်။

ချောမော အဆင်ပြေနေသော မထွေးအပေါ်တွင် ကံကြမ္မာက ဖန်လာ ပေတော့သည်။ မထွေး ခင်ပွန်း အသဲအသန်ဖြစ်နေကြောင်း ကြားသိလိုက်ရသည်။ ကြားလျှင်ကြားခြင်း အမြန် ပြန်လာရန် ကြိုးစားသည်။

သမီးနှင့် သား တာဝန်များကြောင့် ပြန်လာလို သောစိတ်ကို ထိန်းသိမ်း၍ စိုးရိမ်ပူပန် စိတ်များလွှမ်းခြုံကာ ခင်ပွန်းထံမှ သတင်းကောင်းကိုစောင့်မျှော်နေရာမှ သတင်းဆိုးကိုကြားသိလိုက်ရသည်။ မထွေးတစ်ယောက် အပြေးအလွှား ပြန်ရောက်လာပြီး အလာကောင်းသော်လည်း အခါနှောင်းခဲ့ရသည်။ ဆေးရုံတွင် ခင်ပွန်း၏ ရုပ်အလောင်းကိုသာ ရင်နာဖွယ်ရာ တွေ့ရှိရသည်။

တစ်သက်လုံး ပူပင်သောက ဆို သည်မှာ ကြားဖူးသော်လည်း မကြုံဖူး ပေ။ ကြေကွဲဝမ်းနည်းမှုဆိုသည်မှာ ကြားဖူးသော်လည်း မခံစားဖူးပေ။ ယခုသော်ကား ရွှေတောင်ကြီးပြိုလဲသည့် ပမာ သူ့အပေါ် ချစ်ရှာသော ခင်ပွန်း၊ အလိုလိုက် အကြိုက်ဆောင်သော ခင်ပွန်းမှာ သူ့မနှင့်ကလေးများကို စွန့်ခွာ၍ တမလွန်ဘဝကို

ကူးပြောင်း သွားသောအခါတွင် မထွေးသည် အသဲနလုံး ကြေပြုန်း ရသည့်အလား ယူကြုံးမရ ဖြစ်ရမှုတို့သည် မေ့မျော သတိလစ်လျှက် သောက ဝေဒနာ ခံစားရရှာသည်။

မျက်နှာငယ်နေရှာသည့် သမီးနှင့် သားလေးကို သူမငဲ့ညှာရ တော့မည်။ သူမ ထိန်းသိမ်းရတော့မည်။ သူမ အားတင်းရတော့မည်။ ထို့ကြောင့် မထွေးသည် နလုံးသားတွင် ကြေကွဲ ဝမ်းနည်း နေသော်လည်း အပူရှပ်ကို ဟန်လုပ်၍ လုပ်ကိုင်စရာရှိသည်များကို လုပ်ကိုင်ရပေတော့သည်။

ပထမဆုံး လုပ်ရမည့် အလုပ်မှာ ခင်ပွန်းသည်နှင့် နိုင်ငံခြားသား တို့ ဖက်စပ်လုပ်ကိုင်နေသော လုပ်ငန်းကို သူလေ့လာရ ပေတော့ သည်။ အိမ်ထောင်ပြုစက ခင်ပွန်းအလုပ်ကို မထွေးတစ်ယောက် ဘာလုပ်မှန်း မသိပေ။ ဘယ်လိုပုံစံလုပ်နေမှန်းလည်း နားမလည်ပေ။

ခင်ပွန်းဖြစ်သူကလည်း ချစ်ဇနီးကို လုပ်ငန်းအတွက် မခိုင်းရက်၊ မပြောရက်၊ ချစ်ဇနီး ပင်ပန်းကြီးမည် ဖြစ်သောကြောင့် အသိမပေး သည်များလည်းပါသည်။ ဤသည်ကို မထွေး တစ်ယောက် အစ မကောင်းသောကြောင့် အနှောင်းမသေချာမှု စတင်ခံစားရသည်။

မြန်မာမိန်းကလေးတစ်ဦးနှင့် နိုင်ငံခြားသားတို့ ပူးပေါင်းပြီး လုပ်ကိုင်သော လုပ်ငန်းတွင် မြန်မာဘက်မှ လုပ်ငန်းအကြောင်း

နားလည်သူကို မထွေး ရှာရပေတော့သည်။ ထိုအခါ ကျွမ်းကျင်နားလည်သော ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့ရသည်။ လူအကြောင်းနားမလည်၊ လူ့မနောကို မရိပ်မိသောကြောင့် မထွေးတစ်ယောက် ဘီလူးခေါင်း ဆောင်းထားသော ပုဂ္ဂိုလ်တစ်ဦးကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပတ်ဝန်းကျင်မှ ထိုပုဂ္ဂိုလ်အကြောင်း မကောင်းသတင်းပြောကြသော်လည်း မထွေးတစ်ယောက် ဒုက္ခပင်လယ်ဝေနေချိန်၌ သဘောမပေါက်ခဲ့ပေ။ မရှိ ရှိရာ သုံးလျှက်၊ ထိုသူကိုပင် လူယုံထားကာ နိုင်ငံခြားသားများနှင့် ပြောရ ဆိုရ ဆက်ဆံရပေတော့သည်။

မထွေးဘက်မှ ရုတ်တရက် ခင်ပွန်း ဆုံးရသလို၊ အလား... ခင်ပွန်းသည်နှင့်အတူ လုပ်သော ရှယ်ယာအစုဝင် နိုင်ငံခြားသားသည်လည်း ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ပြန်သည်။ ထိုနိုင်ငံခြားသားတွင် သားလေး တစ်ယောက် ကျန်နေခဲ့သည်။

မထွေးကလည်း ခင်ပွန်းအလုပ် နားမလည်၊ နိုင်ငံခြားသားလူငယ် ကလေးကလည်း ဖခင်အလုပ် မတတ်ကျွမ်း၊ နှစ်ဦး နှစ်ဖက်အခက်အခဲ ကြုံရရှာသည်။ မောင်လေးအရွယ် နိုင်ငံခြားသားနှင့်တွေ့ဆုံ ဆက်ဆံ သောအခါ သူ့အပေါ်တွင် ကိုယ်ချင်းစာမိသည်။

မောင်လေး၏ ဦးလေးဖြစ်သူ လူလည် လူရှုပ် နိုင်ငံခြားသားသည် မထွေး၏ လူယုံနှင့်ပေါင်းပြီးခေါင်းပုံဖြတ် အမြတ်ထုတ်ရန် ကြံစည်သည်။ မထွေးပိုင်ဆိုင်သော (၅၇) ရာခိုင်နှုန်းနှင့် နိုင်ငံခြားသား ပိုင်ဆိုင်သော (၄၃) ရာခိုင်နှုန်းတို့ကို အကြောင်းအမျိုးမျိုး ပြလျှက် လက်ဝါးကြီး အုပ်လိုကြသည်။ အလုပ်အကြောင်း နားမလည်ရှာပဲ သနားတတ်သော မထွေးတစ်ယောက်ကို သူတို့သည် လိမ်လည် လှည့်ဖြား စကားဆိုကြသည်။

အကြောင်းသော်ကား ဦးဆောင် သင့်သူသည် ယောကျ်ားသားဖြစ်မှ သင့်တော်မည်ဟူသော စည်းဝါးရိုက်လျှက် မထွေးပိုင်ဆိုင်သော ရှယ်ယာ ၅၇ရာခိုင်နှုန်းကို နိုင်ငံခြားသား အပိုင်ဖြစ်အောင် ဖန်တီးကြသည်။ မထွေးကလည်း ဘေးအန္တရာယ်မသိရှာပဲ ဝမ်းမြောက် ဝမ်းသာ လက်မှတ်ထိုးပေးခဲ့သည်။

ထိုအခွင့်အရေးကိုရရှိသောအခါတွင် ထပ်မံ၍ဘနဖူး သိုက်တူးကြပြန်သည်။ နိုင်ငံခြားဘဏ်တွင် အပ်ထားသော ငွေကြေးများတို့သည် နှစ်ဦးပိုင်ဖြစ်သောကြောင့် နှစ်ဦး လက်မှတ်ထိုးမှသာ ငွေထုတ်ယူရမည် ဖြစ်သည်။ အကွက်ဆင်၍ ဖန်တီးသည်ကိုထောင်ချောက်မမြင်သော မထွေးတစ်ယောက် ယုံကြည်မှုကို ရေ့တန်းတင်လျှက် နိုင်ငံခြားသားတစ်ဦးတည်း ထုတ်ယူနိုင်ခွင့်လက်မှတ်ထိုးပေး

လိုက်မိပြန်သည်။ ထိုပြဿနာ၏ အဓိကတရားခံမှာ သူ၏ လူယုံမြန်မာ အမျိုးသား ဖြစ်ပေတော့သည်။

**တူးဝေါ်သလို ဝေါ်ဝေပြီ။**

ရှယ်ယာအများစု ပိုင်သူလည်း ဖြစ်သွားပြီ။ တစ်ဦးတည်းလည်း လက်မှတ်ထိုး၍ ဘဏ်ငွေထုတ်နိုင်ပြီ။ ထိုအခါတွင် မထွေးကို ကန်ထုတ်ရန် ဆက်လက် ကြံစည်ကြပြန်သည်။ ရိုးသော၊ အေးသော၊ အားနာသော၊ စေတနာထားသော မထွေးတစ်ယောက် သူမွေးသော မိး သူ့ကို လောင်နေကြောင်း သူမသိရှာပေ။

သူသိလိုက်ရသော အချိန်သည်ကား သူ့ကို နှစ်ဦးပိုင် ကုမ္ပဏီမှ နိုင်ငံခြား သားတစ်ဦးတည်းပိုင် ကုမ္ပဏီအဖြစ် ပြောင်းလဲ လိုက်ပြီး နောက် သူ့ကို ကန်ထုတ်လိုက်ခြင်း ဖြစ်သည်။ သူ့လူယုံ နှင့်ပေါင်း လျက် နိုင်ငံခြားသား၏ ဦးလေးတော်သူ လူရှုတ်၊ လူလည်၊ ဥပဒေ ပညာရှင်သည် ဥပဒေဘောင် အတွင်းဝင်ရန် အမျိုးမျိုး ဖန်တီးခဲ့ကာ မထွေးကို ကန်ထုတ်ခဲ့ပေသည်။

ဤသည်မှာ နိုင်ငံခြားတွင် ဖြစ်ပျက်သော ကိစ္စဖြစ်သည်။ မြန်မာပြည်တွင်လည်း အလုပ်သမား (၂၀၀) ကျော်ခန့်နှင့် လစာ ဝင်ငွေမရှိပဲ ဒုက္ခ ပင်လယ်ဝေနေသော မထွေးခမျာ မြွေပူရာ ကင်းမှောက်သည့်ပမာ ဒုက္ခအဖြာဖြာ ကြုံရပြန်သည်။

မြန်မာပြည်မှ ရစရာများတို့သည် နိုင်ငံခြားသားမှ ကန့်ကွက်မှုကြောင့် လက်ရှိဘဝမှ လက်မဲ့ဘဝ ဖြစ်ရသည်။

နိုင်ငံခြားတွင် အမှန်တကယ်ပိုင်ဆိုင်သော မထွေးတစ်ယောက် လက်ရှိဘဝလက်မဲ့ဘဝရောက်ရကာ ဥပဒေရေးရာ အဖြာဖြာတို့တွင်လည်း ရှုံးနိမ့်ခဲ့ရပြန်သည်။

မွေးရပ်မြေတွင်လည်း အလုပ်သမား (၂၀၀) ကျော်တို့သည် လစာမရကြသည်မှာ ကြာနေသည်ကို သူမသိရှိရသည်။ သူ့အလုပ်သမားများကို သူချစ်သည်။ သူမမြတ်နိုးသည်။ သူမ အားကိုးသည်။ အလုပ်သမားများ၏ ဒုက္ခကို သူမအဘယ်သို့ ကြည့်ရက်ပါအံ့ နည်း။

ရှိသမျှကားကို ရောင်းသည်။ နေသမျှ အိမ်ကို ရောင်းသည်။ အတွင်းအပြင် ပစ္စည်းမှန်သမျှ ရောင်းချလျက် အလုပ်သမား (၂၀၀)ကျော်ကို တစ်နိုင် တစ်ပိုင် လစာများ သူပေးဆပ်ခဲ့သည်။

နိုင်ငံခြားတွင် ရင်ဆိုင်နေရသော အမှုကလည်း တစ်ကြိမ်ပြီး တစ်ကြိမ် ရှုံးပြန်သည်။ ထို့ကြောင့် အမှန်တရားကို ရင်ဝယ်ထားကာ ဆက်၍ ဆက်၍ ဥပဒေပညာရှင်များ ရှာကြံလျက် ယှဉ်ပြိုင်နေရသည်။ မွေးရပ်၌ရှိသော လုပ်ငန်းရပ်များအပေါ်မှာ ရရန် ရှိသော ငွေကြေးများစွာတို့မှာလည်း နိုင်ငံခြားသား၏ နှောင့်ယှက်မှုကြောင့် တစ်ပြားတစ်ချပ်မှ ထုတ်ယူခွင့် မရပေ။

ခင်ပွန်းဆုံးသွားပြီး တစ်နှစ်ကျော်အကြာ နှစ်နှစ်ခန့်တွင် အေးချမ်း သာယာပျော်ရွှင်စွာဖြင့် ဘဝကိုတည်ဆောက်ခဲ့သော မထွေးဘဝမှာ လူယုံကို ယုံကြည်အပ်နှံသောအခါတွင် သစ္စာမဲ့ခဲ့သည်။ သစ္စာဖောက်ခဲ့သည်။ နိုင်ငံခြားသားနှင့် လူယုံတို့ ပူးပေါင်းပြီး သူ့အပေါ် ဒုက္ခပေးခဲ့သည်။ နည်းအမျိုးမျိုးဖြင့် အားငယ်နေသော မိန်းမသားတစ်ဦးအပေါ်တွင် အနိုင်ကျင့်ခဲ့သည်။ စော်ကားမော်ကား ပြုလုပ်ကာ အမျိုးမျိုး ဒုက္ခပေးခဲ့သည်။

မောင်လေးပမာ သဘောထားပါလျှက် ရပိုင်ခွင့် လုပ်ပိုင်ခွင့် လွှဲအပ်ပေးခဲ့သော နိုင်ငံခြားသား လူငယ်နှင့်တကွ သူ့ဦးလေး လူရှုပ် လူပွေ ဥပဒေပညာရှင်သည် သူ၏ ယုံကြည်မှုကို အလွဲသုံးစားပြု လျှက် လက်ရှိဘဝမှ လက်မဲ့ ဘဝရောက်ရုံမက သူရရှိမည့် အခွင့် အရေး အားလုံး ပိတ်ဆို့ခဲ့ကြသည်။ ဖျက်ဆီးခဲ့ကြသည်။

တစ်သက်တာလုံး လူ့လောကအကြောင်း နားမလည်ပဲ ယုံကြည်တတ်သော၊ သနားတတ်သော၊ ခင်မင်တတ်သော မထွေး တစ်ယောက် အခုတော့ဖြင့် ဒုက္ခလှလှကြီး ရောက်ရပေတော့သည်။

သမီးနှင့် သားတို့မှာလည်းနိုင်ငံခြားတွင်ပညာသင်နေကြဆဲဖြစ် သည်။ ဤခရီးကို အဘယ်သို့ ဆက်ရပါအံ့နည်းဟု မထွေး တစ်ယောက် ခေါင်းမီးတောက်အောင် နေ့စဉ်နှင့် အမျှ ဒုက္ခရောက် နေရှာသည်။

သမီးနှင့် သားရှေ့တွင် အားမာန်ဖြည့်လျက် စိတ်ဓာတ် တက်ကြွအောင်ကြိုးစားရသည်။ ပတ်ဝန်းကျင်အမြင်တွင်မလိုတမျိုး လိုတမျိုးဖြင့် ကဲ့ရဲ့ပြစ်တင် ရှုတ်ချမှုများကိုလည်း မှန်မှန် ကန်ကန် ရပ်တည်ပြရပြန်သည်။

အလုပ်သမား (၂၀၀) ကျော်တို့၏ စားဝတ် နေရေးသည်လည်း သူ့အပေါ် မှီတွယ်နေပြန်သည်။

လူအများအပေါ်တွင် အားနာတတ်၊ ယုံကြည်တတ်၊ ချစ်ခင်တတ် သော မထွေးတစ်ယောက် မည်သူ့ကို ယုံ၍ မည်သို့ခင်မင်ရမည်ကို မသိရှာ တော့ပဲ အထီးကျန်ဘဝ ဒုက္ခပင်လယ် ဝေနေရှာတော့သည်။

အမှန်တရားဆိုသည်မှာ ကြာရှည် ဖုံးကွယ်၍ မရပေ။ သစ္စာ တရား ဆိုသည်မှာ သမာဓေဝ နတ်ကောင်း နတ်မြတ်များက စောင့် ရှောက်မည်သာ ဖြစ်သည်။

အဆိုးတစ်ရာထဲမှ အကောင်းတစ်ယောက် တွေ့ရလေသည်။

ထိုပုဂ္ဂိုလ်သည်ကား သာမန် ပုဂ္ဂိုလ်မဟုတ်ပေ။ စေတနာ၊ မေတ္တာ များစွာဖြင့် လူများစွာတို့၏ အခက်အခဲများကို ကူညီဖြေရှင်း ပေးနေသူ ဖြစ်သည်။ မထင်မှတ်ပဲ မထွေး ထိုပုဂ္ဂိုလ်ထံ ရောက်ခဲ့ သည်။ မထွေးဘဝ အခြေအနေမှန်ကို ကိုယ်ချင်းစာတရားဖြင့် နားလည်သဘောပေါက်သည်။ ထိုပုဂ္ဂိုလ်ကြီးနှင့် အသိုင်းအဝိုင်း

တို့က ဒုက္ခပင်လယ်ဝေနေသော မထွေးကို အစစအရာရာ အကြံပေးကြသည်။ ဆွေးနွေးတိုင်ပင်ကြသည်။ နည်းလမ်း အဖြာဖြာကို ရှာဖွေဖော်ထုတ်ကြ သည်။ နည်းမှန် လမ်းမှန်ဖြင့် လုပ်ကိုင်ပေးကြသည်။

လူတိုင်းတွင် တန်ခိုးကြီးသော စိတ်ရှိသည်။ ထိုစိတ်တန်ခိုးသည် အသုံးပြုသူတိုင်းကို အသုံးပြုသည့်အတိုင်း အောင်မြင်စွာ ဖြစ်မြောက်စေခဲ့သည်။ သားသမီး လိုချင်သော မထွေး သမီးနှင့်သားလေးကို တန်ခိုးကြီးသော စိတ်မှ အောင်မြင်စွာ ကူညီဆောင်ရွက်ပေးနိုင်ခြင်း ဖြစ်သည်။

ယခုတဖန် မထွေးတွင်ရှိသော တန်ခိုးကြီးသောစိတ် မသိစိတ်ကို မထွေးကိုယ်တိုင် တိုင်တည် ညွှန်ကြားလျက် အသုံးပြုပုံ အသုံးပြုနည်းများ ပံ့ပိုးကူညီပေးခဲ့သည်။ မထွေးလုပ်ရပ်မှန်သည်။ မထွေး စေတနာ ဖြူစင်သည်။ ထို ဖြူစင်သော စေတနာနှင့် လုပ်ရပ်ကို မထွေးတစ်ယောက် သံသယဖြစ်နေမိသည်။ သူ့ယုံကြည်မှုကို အလွဲသုံးစားလုပ်လိုက်သောအခါ ယုံကြည်မှုများ ပျက်ပြားသွားရရှာသည်။

ယခု တဖန်ပြန်၍ မှန်ကန်သော ယုံကြည်ချက်ကို ပြန်လည် ဖော်ထုတ်လျက် စစ်မှန်သော ဖြစ်ရပ်ကို ပြန်လည် တွေးတော

အောင်းမေ့ကာ မထွေးအစမှပြန်ပြီး သူ၏စိတ်တန်ခိုးကို အသုံးပြုနိုင်ရန် လေ့ကျင့်ပေးလိုက်သည်။ ဝိုင်းဝန်းဆုတောင်း မေတ္တာပေးကြသည်။

မှန်ကန်သည်။ ထို့ကြောင့် အောင်မြင်ရသည်။ စေတနာထားသည်။ ထို့ကြောင့် စေတနာအကျိုးရရမည်။ အားငယ်နေသော်လည်း သမီးနှင့်သားတို့မှာ မထွေးအတွက် ခွန်အား ဖြစ်သည်။ မထွေး၏ တပည့်လက်သား မိတ်ဆွေများတို့သည် မထွေးအတွက် စွမ်းပကား ဖြစ်စေသည်။ မထွေးကို ကူညီသော ပုဂ္ဂိုလ်ကြီးနှင့် အဖွဲ့သည်ကား မထွေး၏ မိတ်ဆွေရင်းချာ၊ သွေးသားပမာ အားပေးကြရှာသည်။ အားကိုးကြရသည်။

အေးမြပါစေ ထွေးအလှရေဟု စေတနာ မေတ္တာများဖြင့် မထွေးအပေါ်တွင် ဖသွေးသား၊ မိတ်ဆွေ ၊ဆရာသမားတို့၏ စေတနာသည်ကား အခက်အခဲမှန်သမျှ ပြေလည်စပြုလာပြီ ဖြစ်သည်။ အကျပ်အတည်း မှန်သမျှ အဆင်ပြေစပြုလာပြီ ဖြစ်သည်။ တစ်ဖက်သား၏ စေတနာကို သစ္စာမဲ့စွာ အလွဲသုံးစား လုပ်လျှက် ဒုက္ခပေးခဲ့ကြသော ပုဂ္ဂိုလ်တို့သည်ကား မကြာခင် သူတို့ပြုလုပ်ခဲ့သော မကောင်းမှု၏ အကျိုးဆက်တို့ကိုကား သူတို့ခံစားကြရမည်မှာ မလွဲဧကန် ဖြစ်ပေတော့သည်။

မထွေးမှာလည်း သူ့အမှားကို သူမြင်ကာ အားငယ်နေသော စိတ်ကို ပြင်သည်။ သူ့စေတနာကို သူယုံသည်။ သူ့မေတ္တာကို တန်ဖိုးထားသည်။ စေတနာ မေတ္တာထားပြီး သူတစ်ပါးကို အကျိုးပြုသူတိုင်းတို့နှင့်တကွ အပြုစိတ်ထား မွေးဖွားသူတို့သည် ယာယီ အခက်အခဲမည်မျှပင် ကြုံစေကာမူ နောက်ဆုံးတွင် အဆများစွာ အကျိုးကျေးဇူး ရရှိသကဲ့သို့ မထွေးတစ်ယောက် ရသမျှ နေ့ညအချိန်တိုင်း ဆုတောင်းမေတ္တာပို့သလျှက် သူ့တွင်ရှိသော တန်ခိုးကြီး စိတ်ကို ဖော်ထုတ်ကာ အရှုံးလမ်းတွေကို အပြုံးပန်း ဝေဆာစွာနှင့် တွေ့ဆုံသူ အားလုံးတို့အား စိတ်ချမ်း သာစေရန် အားပေး နှစ်သိမ့် ကူညီ လျှက်ရှိနေသည်ကို ဝမ်းသာစွာ တွေ့ရှိရသည်။

"အေးမြပါစေ ထွေးအလှရေ" ဟူသော ဆုတောင်းနှင့် အမြန်ပြည့်စုံပါစေဟု...

လိုအင်ဆန္ဒပြည့်ဝကြပါစေ ။ ။

**သုန္ဒရီဦး**